# ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဂျာနယ်

**Environmental Conservation and Forestry Journal**

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ


## ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ပြုလုပ်ကျင်းပသည့် အေးမြသောကမ္ဘာမြေကြီးဆိုင်ရာတီထွင်ဆန်းသစ်မှုဖိုရမ်၏ ဒုတိယအကြိမ်အစည်းအဝေးကျင်းပ




ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိကျင်းပပြုလုပ်သည့် အေးမြသော ကမ္ဘာမြေကြီးဆိုင်ရာတီထွင်ဆန်းသစ်မှုဖိုရမ်၏ ဒုတိယအကြိမ်အစည်းအဝေး (2nd Annual Meeting of the Innovation for Cool Earth Forum-ICEF) သို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။


စာမျက်နှာ - ၄ သို့


သစ်တောကာကွယ်၊ ဘဏ္ဍာကြွယ် ပြန်လည်စိုက်ပျိုး၊ သစ်တောတိုး ။

## စားနပ်ရိက္ခာဖူလုံရေး၊ သစ်တောများကို ထိန်းသိမ်းပေး

လူသားတို့၏ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် စားနပ်ရိက္ခာဖူလုံရေးသည် အလွန်အရေးကြီးသော အခန်း ကဏ္ဍမှပါဝင်ပေသည်။ ကမ္ဘာပေါ်တွင် ယနေ့အချိန်ထိ စားနပ်ရိက္ခာမလုံလောက်၍ အာဟာရချို့တဲ့မှုများနှင့် ရင်ဆိုင်နေရ ဆဲဖြစ်ပါသည်။ ကမ္ဘာ့စားနပ်ရိက္ခာစိုက်ပျိုးရေးအဖွဲ့(FAO)၏ နောက်ဆုံးစာရင်းများအရ လက်ရှိ ကမ္ဘာ့လူဦးရေ ခုနစ် ဘီလီယံအနက်မှ လူဦးရေ(၇၉၅)သန်းခန့်သည် အာဟာရချို့တဲ့မှုပြဿနာကို နေ့စဉ်နှင့်အမျှ ခံစားနေကြရကြောင်း သိရှိရပါသည်။

၂၀၁၅-ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာလ(၁၆)ရက်နေ့တွင် ကျင်းပခဲ့ရာ ယခုနှစ်ဆောင်ပုဒ်မှာ "ကျေးလက်ဒေသဆင်းရဲမှုသံသရာကို တိုက်ဖျက်နိုင်ရေး လယ်ယာကဏ္ဍ လူမှုစီးပွား ဘဝ ကာကွယ်မြှင့်တင်ပေး" ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေ(၇၀)ရာခိုင်နှုန်းကျော်သည် ကျေးလက် ဒေသတွင် နေထိုင်ကြသည် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းသူ တောင်သူလယ်သမားများဖြစ်ကြပြီး ၎င်းတို့၏ဆင်းရဲမှုသံသရာမှ လွတ်မြောက်ရေးတွင် လူမှုဘဝအကာအကွယ်ပေးရေးအစီအစဉ်များ (Social Protection Programmes)ကို ဆောင်ရွက်ပေးကြရမည်ဖြစ်ပါသည်။ ပြည်သူတို့၏ စားနပ်ရိက္ခာ ဖူလုံရေးအတွက် ဆောင်ရွက်ရာတွင် သစ်တောများ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးပါလှပေသည်။

သစ်တောမှုစီးတွင် သစ်တောများမှ ကျေးလက်နေပြည်သူများ၏ အခြေခံစားဝတ်နေရေး လိုအပ်ချက် များကို ဖြည့်ဆည်းပေးရမည်ဟုပါရှိပါသည်။ ကျေးလက်နေပြည်သူများ၏ စားသောက်ရန် အစားအစာများနှင့် နေထိုင်ရေး အတွက် လိုအပ်ချက်များကို သစ်တောများမှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အကျိုးပြုနေပါသည်။ သဘာဝသစ်တောကြီးများမှ အိမ်သုံးသစ်၊ တိုင်၊ မျော၊ ဝါး၊ လောင်စာအတွက် ထင်း၊ မီးသွေး၊ ဓနိ၊ သက်ကယ် အမိုးအကာအမျိုးမျိုးနှင့် ဆေးဖက်ဝင်သောရုက္ခဆေးပင်များသာမက ပျားရည်၊ မှိုအမျိုးမျိုး၊ ဝူး၊ သစ်သီး၊ သစ်ဥ သစ်ဖုအမျိုးမျိုးတို့ကို ပံ့ပိုးပေးလျက်ရှိပါသည်။ ထို့အပြင် သစ်တောများကို ကာကွယ်ထိန်းသိမ်းခြင်း၊ ပြုစုပျိုး ထောင်ပေးခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေပြီး ဆည်မြောင်း၊ တာတမံများ၊ မြစ်၊ ချောင်း၊ အင်းအိုင်များ တိမ်ကောပျောက်ပျက်မှုမရှိစေရေးအတွက် ထိန်းသိမ်းပေးသည့်အပြင် ရာသီဥတုမှိုမှ ကောင်း မွန်မှုတလာစေခြင်းတို့ကြောင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပြီး လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်၍ ဆင်းရဲနွမ်းပါးမှု လျော့ကျလာစေမည်ဖြစ်ပါသည်။

ရေဝေရေလဲသစ်တောများကို ထိန်းသိမ်းပေးခြင်းဖြင့် လယ်ယာမြေများ တိမ်ကောပျက်စီးမှုများကို ကာကွယ် ပေးသည့်အပြင် ရေကြီးရေလျှံမှုများ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်သဖြင့် သီးနှံစိုက်ခင်းများ ပျက်စီးမှုများကို လျော့ပါးစေပါသည်။ ယနေ့အထိ ရေဝေရေလဲသစ်တောစိုက်ခင်း(၃၃၇၁၀၉)ဧက တည်ထောင် စိုက်ပျိုးခဲ့ပြီးဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ စားနပ်ရိက္ခာထုတ်လုပ်မှုကို တိုးမြှင့်ရန်အတွက် သီးနှံသစ်တောရောနှော စိုက်ပျိုးခြင်းမှာ ကောင်းမွန်သောနည်းစနစ်တစ်ရပ်ဖြစ်ပြီး သစ်တောကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့အကြား ပူးပေါင်းဆောင် ရွက်နိုင်မည့်နည်းလမ်းတစ်ရပ်လည်းဖြစ်ပေသည်။ သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမြှင့်တင် ပေးနိုင်ရေးအတွက် ပုဂ္ဂလိကသစ်တောစိုက်ခင်းများ တည်ထောင်ခွင့်ပြုခဲ့ရာ ယခုအချိန်အထိ ပုဂ္ဂလိက(ကျွန်း ၁၂၅၄၄-ဧက)၊ (သစ်မာ ၇၈၁၂၆-ဧက) တည်ထောင်စိုက်ပျိုးပြီးဖြစ်ပါသည်။ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ဧရိယာ(၂၇၇၉၄၄.၄၉)ဧက တည်ထောင်ဆောင်ရွက်ပြီးဖြစ်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ကျေးရွာပိုင်ထင်းစိုက်ခင်းများ တည်ထောင်ပေးခြင်း၊ တစ်အိမ်ထောင်ကျွန်း(၃)ပင်၊ သစ်မာ (၂၀)ပင်စိုက်ပျိုးခြင်း၊ တစ်ရွာ လျှင်သစ်မာ(၁)ဧက စိုက်ပျိုးခြင်း၊ ထင်းများဖြန့်ဝေပေးခြင်း၊ ထင်းအစားအခြား လောင်စာများသုံးစွဲစေခြင်း၊ စွမ်းအားမြင့်မီးဖိုများ ဖြန့်ဖြူးပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ဒီရေတောဧရိယာ ၃၉၇၂၀ဟက်တာ(၉၈၁၀၄၀၂)ဧကရှိပါသည်။ ဒီရေတောများမှ စားနပ် ရိက္ခာအစားအစာများ ထောက်ပံ့ပေးလျက်ရှိပြီး ဒီရေတောများပျက်စီးပါက ငါး၊ ပုဇွန်၊ ကဏန်းတို့၏ မိုတင်းပေါက်ဖွား ရာဒေသပျက်စီးသဖြင့် စားနပ်ရိက္ခာဖူလုံမှုကိုထိခိုက်စေပါသည်။ ဒီရေတောများတည်ရှိခြင်းဖြင့် ကုန်းတွင်းပိုင်းရှိ လယ်ယာ မြေများအား ပင်လယ်ရေငန်ဝင်ရောက်ခြင်းမှ ကာကွယ်တားဆီးနိုင်ပါသည်။

ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် သစ်တောနယ်မြေအတွင်းရှိ ယာမြေများအား မြေယာလုပ်ကိုင်ခွင့်နိုင်မှာစေရေး၊ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းစနစ်ဖြင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တောတည်ထောင်ပေးခြင်း ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ပါ၍ လူသားတို့၏ အသက်ရှင်ရပ်တည်ရေးအတွက် စားနပ်ရိက္ခာဖူလုံစေရေးကို တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသော သစ်တောသစ်ပင်များအား ကာကွယ်ထိန်းသိမ်းခြင်းနှင့် စိုက်ပျိုး ပြုစုတည်ထောင်ခြင်းတို့ကို ပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းဖော်ပြအပ်ပါသည်။

---

ဒို့တာဝန်အရေး (၃) ပါး

- ❑ ပြည်ထောင်စုမပြိုကွဲရေး
- ❑ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး

---

သစ်တောမူဝါဒ

မြန်မာနိုင်ငံသစ်တောကဏ္ဍကို အမျိုးသားလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝဝန်းကျင်ဆာဝစဉ် တည်မြဲမြံရေး နှင့် ဂေဟစနစ်များ မျှတရေးတို့အတွက် ဦးတည်၍ မူဝါဒများချမှတ်ပြီး စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ၁၉၉၅ခုနှစ် မြန်မာ့သစ်တော မူဝါဒသဘောထားထား ကြေညာ ချက်တွင် အမျိုးသားရည်မှန်းချက် ပန်းတိုင်များအား ပြည့် မီစွာ ဖော်ဆောင်နိုင်ရန်အတွက် ပဓာနကျသော အချက် များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

(၁) ကာကွယ်ခြင်း

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝ ဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့စေခြင်း

သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့် သွယ် ဝိုက်သောအကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင် ကြစေရန်၊ သစ်တောသယံဇာတအရင်းအမြစ်များ ကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်း ရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်း ပေးခြင်း

ပြည်သူလူထုအတွက် လောင်စာ၊ နေအိမ်၊ အဆောက် အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှု အစရှိ သည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များဖြည့် ဆည်းပေးရမည်။

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

သစ်တောသယံဇာတများမှ ရရှိနိုင်သည့်စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်း ကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောများပြုစု ထိန်းသိမ်းရေးနှင့် သစ်တော သယံဇာတများ အသုံးချရေးလုပ်ငန်းတို့တွင် ပြည်သူ တို့က ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း နိုးကြားတက်ကြွသည့် အသိရှင်သန် စေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော် ဆောင်ရာတွင် သစ်တောများသည် အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း အသိရှင်သန် စေရန် လှုံ့ဆော်သွားရမည်။

# မာတိကာ


**မျက်နှာဖုံး**

- ဂျပန်နိုင်ငံတိုကျိုမြို့တွင် ပြုလုပ်ကျင်းပသည့် အေးမြသော ကမ္ဘာမြေကြီးဆိုင်ရာတီထွင်ဆန်းသစ်မှုဖိုရမ်၏ ဒုတိယအကြိမ် အစည်းအဝေး ၁-၄

**ခေါင်းကြီး**

- **စားနပ်ရိက္ခာဖူလုံရေး သစ်တောများကို ထိန်းသိမ်းပေး** ၂

**သတင်းများကဏ္ဍ**

- သစ်တောသတင်းများ ၄-၁၅
- တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးသတင်း ၁၆-၁၇

**သိမှတ်ဖွယ်ရာများ ဆောင်းပါး**

- နိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင် လျှော်ဖြူ(ခ) ဆေးကုလားမပင်စိုက်ခင်းဆီသို့ ခရီးတစ်ခေါက် ၂၃-၂၄
- လေးပါးပြဟ္မစိုရ်ပွားစေလို ၃၀-၃၂
- သင်တန်းတက်ဖို့တူပျော်ပျော်ဘာလီကျွန်းကိုသွားစို့နော် ၃၆-၃၇
- ပညာတော်သင်ဘဝတွေကြုံရသမျှနှင့် သူတို့ဆီမှ အတုယူစရာများ ၃၈-၃၉
- လွမ်းမိသယောင် မယ်ဟောင်ဆောင်သို့ ၄၀-၄၂

**သစ်တောပြုစုထိန်းသိမ်းခြင်းဆောင်းပါး**

- သစ်မာအတု ၃၄-၃၅
- ဒီရေတောများစံပျော်ရာ သာစွဌာနီရခိုင်ပြည်မှာ ၁၈-၂၂

**ဓာတ်ပုံသတင်းကဏ္ဍ**

- သတင်းမှတ်တမ်းဓာတ်ပုံများ ၂၅-၂၈

**ဝန်းကျင်သားငှက် ကဏ္ဍ**

- ချင်းတွင်းမြစ်အတွင်း ပြန်လည်စေလွှတ်ထားသည့် တိုက်လိပ်များ၏ ပျံ့နှံ့ကျက်စားမှုအား လေ့လာခြင်း ၃၃

**ကာတွန်း၊ ရယ်စရာ၊ ကဗျာကဏ္ဍ**

- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကာတွန်း/ကဗျာ ၂၂၊၂၉၊၄၃

**အင်္ဂလိပ် ကဏ္ဍ**

- REDD+ Information - 26 ၄၃-၄၇

**အင်တာနက်ကဏ္ဍ**

- အင်တာနက်မှ သဘာဝပတ်ဝန်းကျင်ဆိုင်ရာသတင်းများ ၄၈-၅၀

**မြန်မာ့သစ်လုပ်ငန်း ကဏ္ဍ**

- MTE တင်ဒါဈေးနှုန်း ၅၀

**နောက်ကျောဖုံး**

- နံ့သာနီ ၅၂



**စာတည်းချုပ်နှင့် ထုတ်ဝေသူ**

ဦးကျော်လွင်
ညွှန်ကြားရေးမှူး တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ- ၀၀၄၀၀)

**စာတည်း**

ဦးခင်မောင်မြင့်၊ ဒုတိယညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးမျိုးခိုင် — လက်ထောက်ညွှန်ကြားရေးမှူး
ဦးအောင်ထွန်း — ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးမြင့်ထွန်း(မြ -၀၀၆၆၀)
မဥ္ဇူပုံနှိပ်တိုက်
အမှတ်(၂၄၄/ဘီ)၊ လမ်း(၄၀)၊ (၉)ရပ်ကွက်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး



**ဆက်သွယ်ရန် -**
၀၆၇-၄၀၅၁၁၃ ၊ (Fax) ၀၆၇-၄၀၅၃၉၄
fdextension39@ gmail.com

**မျက်နှာဖုံးမှအဆက်**

**သစ်တောဥပဒေ**

သစ်တောဥပဒေကို ၁၉၉၂ခုနှစ်၊ နိုဝင်ဘာလ(၃)ရက်နေ့၌ ပြဋ္ဌာန်းခဲ့သည်။

**အခြေခံမူများ**

ဤဥပဒေကို အောက်ပါအခြေခံမူများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) အစိုးရ၏ သစ်တောရေးရာမူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) အစိုးရ၏ သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ဂ) အစိုးရ၏ သစ်တောရေးရာမူဝါဒနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကိုမြှင့်တင်ပေးရန်၊

(ဃ) သစ်တောများကို ထိန်းသိမ်းကာကွယ်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်သူတို့၏စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွားခံစားနိုင်စေရန်၊

(င) သစ်တောထိန်းသိမ်းကာကွယ်ရေး၊ သဘာဝဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့နှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(စ) သစ်တောနှင့် ဇီဝမျိုးများပြုန်းတီးခြင်း၊ မီးလောင်ခြင်း၊ ပိုးမွှားကျရောက်ခြင်းနှင့် အပင်ရောဂါကျရောက်ခြင်း အားအန္တရာယ် တို့မှ ထိန်းသိမ်းကာကွယ်ရန်၊

(ဆ) သဘာဝသစ်တောများ ထိန်းသိမ်းကာကွယ်ရေးနှင့် သစ်တောစိုက်ခင်းသစ်များ တည်ထောင်ရေးတို့ကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်ရန်၊

(ဇ) ပြည်တွင်းလောင်စာလိုအပ်ချက်ကို အထောက်အကူဖြစ်စေရန်။

အဆိုပါဖိုရမ်၏ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့ နံနက်ပိုင်းက Hotel Chinzanso ၌ ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ် Mr. Shinzo Abe က Video Message ဖြင့် လည်းကောင်း၊ ဂျပန်နိုင်ငံစီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ State Minister ဖြစ်သူ Mr. DaishiroYamagiwaနှင့် အမေရိကန်နိုင်ငံသမ္မတ၏ သိပ္ပံနှင့်နည်းပညာဆိုင်ရာ လက်ထောက်ဖြစ်သူ Mr. John Holdren တို့မှလည်းကောင်း အမှာစကား ပြောကြားပါသည်။

ဆက်လက်၍ အစည်းအဝေးပထမအစီအစဉ်အဖြစ် အနာဂတ်တွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးနှင့် ပတ်သက်၍ အဓိကအကြောင်းအရာများကိုလည်းကောင်း၊ ဒုတိယအစီအစဉ်အဖြစ် တီထွင်ဖန်တီးသူ၊ ရည်မှန်းချက်ထား ဆောင်ရွက်သူနှင့်ခေါင်းဆောင်များက ရာသီဥတုပြောင်းလဲမှုဆိုင်ရာအနာဂတ် မျှော်မှန်းချက်များနှင့်ပတ်သက်၍လည်းကောင်း ဆွေးနွေးကြပါသည်။ ထို့နောက်စွမ်းအင်ဆိုင်ရာ၊ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ဆွေးနွေးပွဲများကျင်းပခဲ့ပါသည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ၈ရက်နေ့ မွန်းလွဲပိုင်းက အစည်းအဝေးတတိယအစီအစဉ်အဖြစ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာအနာဂတ်မဟာဗျူဟာနှင့်ပတ်သက်၍ ဆွေးနွေးကြပါသည်။

ပြည်ထောင်စုဝန်ကြီး က "Future Strategies on Climate Change in Myanmar" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရာတွင် စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ၂၀၁၁ ခုနှစ်ကတည်းက အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် လိုအပ်သည့် မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အုပ်ချုပ်မှုပုံစံများကိုပြဋ္ဌာန်းနိုင်ခဲ့သလို တစ်ဖက်ကလည်းအဖွဲ့အစည်း၊ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာစွမ်းဆောင်ရည်လိုအပ်ချက်များကို ဖြည့်ဆည်းတည်ဆောက်လျက်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုသည် မိမိတို့လူ့အဖွဲ့အစည်း၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ကမ္ဘာ့စိန်ခေါ်မှုကြီးတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်မှုမြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကစိန်ခေါ်မှုဖြစ်ပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုလျော့ပါးစေခြင်းနှင့် လိုက်လျောညီထွေဖြစ်စေခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံအများ၏ နောက်မှာ ကျန်ရစ်ခဲ့ပြီး မိမိတို့၏ပတ်ဝန်းကျင်လည်း ယိုယွင်းပျက်စီးလာမှာဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များကိုချမှတ်နိုင်ခဲ့သလို ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်ရရှိရေးဆွေးနွေးညှိနှိုင်းမှာဖြစ်သည့်အတွက် သမိုင်းဝင်နှစ်တစ်နှစ် ဖြစ်ပါကြောင်း၊ ထို့အတွက် မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုလျော့ပါးရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံချက် (၂၀၁၁-၂၀၃၀)၌ ရာသီဥတုပြောင်းလဲမှုအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအား မဟာဗျူဟာတစ်ရပ်အဖြစ်ထည့်သွင်းထားပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကိုရေးဆွဲထားခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အပူပိုင်းသစ်တောများပေါက်ရောက်မှုမြင့်မားသည့် နိုင်ငံဖြစ်သည့်အားလျော်စွာ မှန်လုံအိမ်ဓာတ်ငွေ့စုပ်ယူမှုအားကောင်းသည့်နိုင်ငံအဖြစ် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးအတွက် သိသာစွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျော့ပါးရေးအတွက် လျှပ်စစ်မီးရရှိမှုတိုးမြှင့်ပေးနိုင်ရေးအတွက် ရည်မှန်းချက်

ထားဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုကိုတုန့်ပြန်နိုင်ရန်၊ ကာဗွန်ထုတ်လွှတ်မှု လျော့နည်းရန်၊ သယံဇာတကိုအကျိုးရှိစွာသုံးစွဲရန်နှင့် အားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် မျှော်မှန်းချက်များဖြင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ(၅)ရပ်ကိုချမှတ်ထားပြီး လုပ်ငန်းစီမံချက်များကိုရေးဆွဲလျက်ရှိပါကြောင်း၊ ထို့အပြင် အစိမ်းရောင်စီးပွားရေးဆိုင်ရာမဟာဗျူဟာမူဘောင်နှင့် လုပ်ငန်းစီမံချက်များကိုရေးဆွဲနေပါကြောင်း၊ အလားတူ မြန်မာနိုင်ငံအနေဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချနိုင်ရေးအတွက် တာဝန်ယူမှုတစ်ခုအနေဖြင့် Intended National Determined Contribution (INDC) ကိုရေးဆွဲ၍ ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းသို့ တင်ပြထားပြီးဖြစ်ပါကြောင်း၊ ထို့အပြင် စွမ်းအင်ကိုထိရောက်စွာနှင့် အကျိုးရှိစွာသုံးစွဲရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် မူဝါဒနှင့် ပင်မစီမံချက်မူကြမ်းများရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမှုဆိုင်ရာ ဦးစားပေးလုပ်ငန်းရပ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အနာဂတ်တွင် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရန်နှင့် လိုက်လျောညီထွေဖြစ်စေမှုဆိုင်ရာလုပ်ငန်းများအတွက် အရေးကြီးသည့် စဉ်ဆက်မပြတ် မြို့ပြဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာများအတွက် လိုအပ်ချက်များ၊ လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်သည့် ကလေးသူငယ်များနှင့်လူငယ်များ အစုအဖွဲ့အတွက် လုပ်ပိုင်ခွင့်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒများတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ထည့်သွင်းပေါင်းစပ်ခြင်းစသည်တို့ကို မြန်မာနိုင်ငံအနေဖြင့် အသိအမှတ်ပြုလက်ခံပါကြောင်း၊ မြို့ပြကျေးလက်ဟန်ချက်ညီညီဖွံ့ဖြိုးတိုးတက်ရေးအတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လျော့ပါးစေခြင်းနှင့် လိုက်လျောညီထွေဖြစ်စေခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နည်းပညာ၊ ရန်ပုံငွေနှင့် စွမ်းဆောင်ရည်အကန့်အသတ်ရှိပါကြောင်း၊ ထို့အတွက် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေမှုလုပ်ငန်းများတွင် နည်းပညာပံ့ပိုးမှုနှင့် လွှဲပြောင်းပေးမှု၊ ရန်ပုံငွေနှင့် စွမ်းဆောင်ရည် တည်ဆောက်ပေးရန် လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် အဆိုပါအကန့်အသတ်များရှိသော်လည်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်း စဉ်များတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆက်လက်၍ Panelist များမှ ပဲရစ်မြို့တွင် ကျင်းပမည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများအစည်းအဝေး (COP 21)နှင့်ပတ်သက်၍ အမြင်များ၊ မျှော်မှန်းချက်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နည်းပညာ ဦးစားပေးလိုအပ်ချက်များ၊ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးအတွက် စွမ်းအင်နှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာတီထွင်ဖန်တီးမှုအသစ်များစသည်တို့နှင့်ပတ်သက်၍ တစ်ဦးချင်းစီအလိုက်အမြင်များကိုဆွေးနွေးကြကြောင်းသိရှိရပါသည်။

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်အား ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Alcides G. R. Prates မှ လာရောက်တွေ့ဆုံဆွေးနွေး



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်အား ဘရာဇီးနိုင်ငံသံအမတ်ကြီး H.E. Mr. Alcides G. R. Prates မှ (၁၃-၁၀-၂၀၁၅) ရက်နေ့၊ မွန်းလွဲ (၁၂ း၃၀) နာရီတွင် သစ်တောဦးစီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ ဆွေးနွေးသည်။

ဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေး၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းလှိုင်တို့ တက်ရောက်ခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် သစ်တောထိန်းသိမ်းရေး၊ မြေအသုံးချမှု ပြောင်းလဲခြင်းအတွက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ရာသီဥတုပြောင်းလဲမှု လျော့ပါးစေရေးနှင့် လိုက်လျောညီထွေ ဖြစ်စေရေးဆိုင်ရာကိစ္စရပ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ စသည်တို့နှင့်ပတ်သက်၍ နှစ်နိုင်ငံ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ကြပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရန် နည်းပညာအကူအညီ၊ စွမ်းဆောင်ရည် မြှင့်တင်မှု အစီအစဉ်များ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရပါသည်။

## ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဒေသခံပြည်သူများ ဒီရေတောပြုစုထိန်းသိမ်းရေးနှင့်စနစ်တကျအသုံးချတတ်စေရေးတွေ့ဆုံဆွေးနွေး



ဒီရေတောများသည် ကမ်းရိုးတန်းနေပြည်သူတို့၏ ဘဝရှင်သန်ရပ်တည် ရေးအတွက် သဘာဝဘေးအန္တရာယ်အားကြံ့ကြံ့ခံကာကွယ်တားဆီးပေးနိုင်မှုကို ၂၀၀၈ခုနှစ်၊နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်အခါက မျက်ဝါးထင်ထင်သိမြင်ခဲ့ရသည်။ ထို့အပြင်ထင်း၊ မီးသွေး၊ တိုင်၊ မျော၊ ဆေးဘက်ဝင်အပင်များနှင့် အခြားသစ်တောထွက်ပစ္စည်းများကိုပေးစွမ်းနိုင်ခြင်း၊ ငါး၊ ပုစွန်စသည့်ရေသတ္တဝါများ ပေါက်ပွားဝခြင်း၊ စိုက်ပျိုးမြေများအား ရေငံဝင်ရောက်မှုတားဆီးပေးနိုင်ခြင်း၊ ကမ်းပါးပြိုမှုအားကာကွယ်ပေးနိုင်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ဝင်ငွေရရှိနိုင်ခြင်းစသည့် တိုက်ရိုက်နှင့် သွယ်ဝိုက်သောအကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးနိုင်ကြောင်းသိရသည်။ ကမ်းရိုးတန်းနေပြည်သူများအနေဖြင့် မိမိတို့နေထိုင်ရာဒေသ၊ မိမိတို့ပတ်ဝန်းကျင်ရှိဒီရေတောများအား ပူးပေါင်းပါဝင်စိုက်ပျိုး ထိန်းသိမ်းခြင်းဖြင့် ဘဝလုံခြုံမှုနှင့် လူမှုစီးပွားကိုပါ တိုးမြှင့်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးအေးမြင့်မောင်သည် ဒီရေတောများရေရှည်တည်တံ့စေရေးပြုစုထိန်းသိမ်းခြင်းနှင့် စနစ်တကျအသုံးချခြင်းတို့ကို ဟန်ချက်ညီစွာဖော်ဆောင်နိုင် ရေးအတွက် အောက်တိုဘာလ ၂၂ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါကာ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းဒေသသို့သွားရောက်၍ ဒေသခံပြည်သူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံခဲ့ကြောင်းသိရှိရပါသည်။အဆိုပါတွေ့ဆုံပွဲသို့ လက်ခုပ်ကုန်း၊ အင့်ဟင်ကုန်း၊ကညင်ပင်၊ကန်လျားရှည်နှင့်ရွာသစ်ကုန်းတို့မှ ဒေသခံပြည်သူ(၁၀၀) ကျော်တက်ရောက်ကြပြီး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောစိုက်ခင်းတည်ထောင်ခြင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူများ၏မေးမြန်းချက်များအပေါ် ရှင်းလင်းဖြေကြား၍ ဒေသခံပြည်သူများ၏တင်ပြချက်များအပေါ် ညှိနှိုင်းစီမံဖြည့်ဆည်းခဲ့ကြောင်းသိရှိရပါသည်။

သစ်ပင်စိုက်မှ အရိပ်ရ၏၊
ရိပ်ခိုနားနေ အပန်းပြေ၏ ။

သစ်တောကိုခုတ် မြေဆီဆုတ်၊
မျိုးပြုတ်ကွယ်လျို့၊ ဇီဝမျိုး

## ဒုတိယဝန်ကြီးဦးအေးမြင့်မောင် ဒီရေတောများထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး၊ သဘာဝနယ်မြေများစီမံအုပ်ချုပ်ရေးနှင့် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးဂျပန်နိုင်ငံလေ့လာရေးခရီးသွားရောက်ခြင်း



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်သည် မြန်မာနိုင်ငံ၏ ဒီရေတောများထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေး၊ သဘာဝနယ်မြေများစီမံ အုပ်ချုပ်ရေးနှင့်သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ(၂၆)ရက်နေ့မှ (၂၉) ရက်နေ့အထိ ဂျပန်နိုင်ငံ၊ တိုကျိုမြို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)ရုံးချုပ်နှင့် ကိုကုဆိုင်းကိုဂျောကုမ္ပဏီလီမိတက် (Kokusai Kogyo Co., Ltd.)သို့ သွားရောက်၍ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေး၍ နီကိုးအမျိုးသားဥယျာဉ်နှင့် ဖူဂျီတောင်အမျိုးသားဥယျာဉ်တို့သို့ လေ့လာရေးခရီးသွားရောက်ခဲ့ပါသည်။

ခရီးစဉ်အတွင်းဒုတိယဝန်ကြီးသည် ဂျပန်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးဦးသူရိန် သန့်ဇင်နှင့်အတူဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် မစ္စတာယာဆုရှိတာနာခနှင့် အရာရှိကြီးများကိုတွေ့ဆုံရာတွင် မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဒီရေတော ပြန်လည်ထူထောင်ရေးစီမံကိန်းရန်ပုံငွေကြေးနှင့် နည်းပညာကူညီထောက်ပံ့မှုများအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုအချိန်အထိ JICA ၏ အကူအညီအထောက်အပံ့ဖြင့် မြန်မာနိုင်ငံသစ်တောကဏ္ဍအတွက် စီမံကိန်း (၈)ခုကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ လက်ရှိအနေဖြင့် စီမံကိန်း(၃)ခုကိုအကောင်အထည်ဖော် လျက်ရှိပါကြောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၌ အကောင်အထည်ဖော် လျှက်ရှိသောဒီရေတောစီမံကိန်းသည် လုပ်ငန်းလျာထားချက်၏ ၈၀ ရာခိုင်နှုန်းကျော် ပြီးစီးသွားပြီဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းအစီအစဉ်နှင့်အညီ ၂၀၁၇ ခုနှစ်တွင် စီမံကိန်းလုပ်ငန်းအားလုံးပြီးစီးမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒုတိယအဆင့် စီမံကိန်းလုပ်ငန်းများကြိုတင်ပြင်ဆင်ရေးဆွဲရန် လိုအပ်ကြောင်း၊ ယခုစီမံကိန်းနှင့် တဆက်စပ်တည်းဧရိယာများတွင် ဒီရေတောပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်တိုးချဲ့ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သစ်တောဦးစီးဌာနမှလည်း ဒီရေတောပြန်လည်ထူထောင်ရေးနှင့် ဒီရေတောထိန်းသိမ်းရေးလုပ်ငန်းများကိုနည်းစနစ်အမျိုးမျိုးဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ဌာနနှင့် JICA ဒီရေတောစီမံကိန်းတို့၏ ကြိုးပမ်းအားထုတ်မှုဖြင့် ဒီရေတောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့် ဆက်စပ်ပတ်သက်သူများပိုမိုပူးပေါင်းဆောင်ရွက်လာလျက်ရှိကြောင်း၊ ဒီရေတောများထိန်းသိမ်းရေးလုပ်ငန်းများသည် ဒေသခံပြည်သူ များ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အထောက်အကူပြုကြောင်း၊ ယခုအခါရာသီဥတု ပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် သဘာဝဘေးအန္တရာယ်များမကြာခဏဖြစ်ပေါ် လျှက်ရှိကြောင်း၊ ယခုအကောင်အထည်ဖော် လျက်ရှိသောဒီရေတောပြန်လည်တည်ထောင်ရေးစီမံကိန်းသည် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး၊ သဘာဝဘေးအန္တရာယ်များကြောင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးခြင်းမှ တားဆီးကာကွယ်ရေးနှင့် ဒီရေတောဂေဟစနစ်ပြည်လည်ကောင်းမွန်လာစေရေးအတွက် အလွန်အထောက်အကူပြုလျက်ရှိကြောင်း၊ ယခုနှစ် ဒီဇင်ဘာလတွင် ပြင်သစ်နိုင်ငံ၌ ကျင်းပမည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုကွန်ဗင်းရှင်း၏ အဖွဲ့ဝင်များ၏ (၂၁) ကြိမ်မြောက် ညီလာခံ (COP 21) တွင် မြန်မာနိုင်ငံအနေဖြင့် မိမိတို့သဘောဆန္ဒအလျောက် လျှော့ချနိုင်မည့်ကာဗွန်ထုတ်လွှတ်မှုပမာဏ(သို့မဟုတ်) ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးလုပ်ငန်းစဉ် Indented Nationally Determined Contribution (INDC)ကို တင်ပြမည်ဖြစ်ကြောင်း၊သစ်တောကဏ္ဍသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် သစ်တောကဏ္ဍဆိုင်ရာသတင်းအချက်အလက်စနစ်သည် အလွန်ပင်အရေးကြီးပါကြောင်း၊ ထို့ကြောင့် JICA သို့ အဆိုပြုပေးပို့ထားသည့် စဉ်ဆက်မပြတ် သစ်တောစီမံအုပ်ချုပ်မှုဆိုင်ရာနည်းပညာပူးပေါင်းဆောင်ရွက်မှုစီမံကိန်းနှင့် သစ်တောသတင်းအချက်အလက်စနစ် ဖွံ့ဖြိုးစေရေးစီမံကိန်းအဆိုပြုလွှာများကိုလည်း အလေးထားစဉ်းစားပေးစေလိုကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ဆက်လက်၍ဒုတိယဝန်ကြီးသည် ကိုကုဆိုင်းကိုဂျောကုမ္ပဏီလီမိတက် ဥက္ကဋ္ဌမစ္စစန်ဒရာဝူးနှင့် တွေ့ဆုံရာတွင် ဂျပန်

နိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ကိုကုဆိုင်းကိုရျောကုမ္ပဏီလီမိတက်နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော“ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသသဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဒီရေတောများပြန် တည်ထောင်ရေးစီမံကိန်း” ကိုလုပ်ငန်းစီမံချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့် ကိုကူးဆိုင်းကိုရျောကုမ္ပဏီလီမိတက်တို့သည် မြန်မာနိုင်ငံ၏ သစ်တောပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ၂၀၀၃ ခုနှစ်မှစတင်၍ ယနေ့တိုင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ကြောင်း၊ ဒီရေတောပြန်လည်ထူထောင် ထိန်းသိမ်းရေးလုပ်ငန်းများဆက်လက်ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဆွေးနွေး ပြောကြားခဲ့ကြပါသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်းမြန်မာနိုင်ငံသဘာဝနယ်မြေများစီမံအုပ်ချုပ်မှုလုပ်ငန်းများ၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းမှုလုပ်ငန်းများနှင့်သဘာဝအခြေခံခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်နိုင်ငံကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သည့် နီကိုးအမျိုးသားဥယျာဉ်နှင့် ဖူဂျီတောင်အမျိုးသားဥယျာဉ်တို့သို့ သွားရောက်လေ့လာခဲ့ကြပါသည်။

## ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအဆောက်အဦသစ်ဖွင့်ပွဲ အခမ်းအနားကို ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ နံနက်( ၈း၃၀)နာရီတွင် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ပန်ကန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၆၆)၊ စစ်တပ်တောင်ကွင်း၊ မြေကွက်အမှတ် (၂၇၀/၄၂၈)ရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီး ဌာနရုံး အဆောက်အဦ၌ ကျင်းပရာအဆိုပါ အခမ်းအနားသို့ ကယားပြည်နယ်အစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်တရားသူကြီးချုပ် ဦးကျော်လင်းမောင်၊ ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီးဦးရဲဝင်းနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ် ဌာနဆိုင်ရာအသီးသီးမှ အကြီးအကဲများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီဝင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာသက်သက်ဇင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနေအေးတို့တက်ရောက်ကြပါသည်။

အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးခင်မောင်ဦးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီဝင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာသက်သက်ဇင်မှ အဖွင့်အမှာစကားပြောကြားပြီး ရုံးအဆောက်အဦသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသည်။ ၎င်းနောက် ရုံးအဆောက်အဦ ဆိုင်းဘုတ်အား အမွှေးနံ့သာရေများဖြင့် ပက်ဖျန်းကာ အမှတ်တရသစ်ပင်များစိုက်ပျိုးပြီး၊ အဆောက်အဦအားလှည့်လည်ကြည့်ရှု၍ အခမ်းအနားကိုရုပ်သိမ်းခဲ့ပါသည်။

## အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာမူဘောင် ဖွံ့ဖြိုးတိုးတက်ရေးအကြံပြုဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ ပူးပေါင်း စီစဉ်ကျင်းပသည့် “အမျိုးသားပတ်ဝန်းကျင် ဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး အကြံပြုဆွေးနွေးခြင်းအလုပ်ရုံဆွေးနွေးပွဲ” ဖွင့်ပွဲ အခမ်းအနားကို (၁၂-၁၀-၂၀၁၅)ရက်၊ နံနက် (၉) နာရီတွင် နေပြည်တော်ရှိ အမရဟိုတယ်၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။

ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင်- မြန်မာနိုင်ငံသည် သဘာဝသယံဇာတပေါများပြီး ယင်းတို့အနက် သစ်တော၊ သတ္တု၊ ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ရေအားလျှပ်စစ်ကဏ္ဍသည် အနာဂတ်အတွက် ကြီးမားသော အလားအလာများဖြစ်ကြောင်း၊ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် သဘာဝသယံဇာတများ ရေရှည်တည်တံ့မှုနှင့် ပတ်ဝန်းကျင် စနစ်တကျစီမံခန့်ခွဲမှုကို အထူးအလေးထားရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၂၀ မှစ၍ မူဝါဒ၊ စံနှုန်းများ၊ ဖွဲ့စည်းမှုမူဘောင်များ ဖော်ဆောင်ခဲ့ပြီး ဖြစ်ပေါ်လာနိုင်မည့် ပတ်ဝန်းကျင်ဆိုင်ရာ ဦးတည်ရာလမ်းကြောင်းအားလေ့လာမှုများစွာကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ရေးအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင်ရေးရာကိစ္စများကို ထည့်သွင်းပေါင်းစပ်ခြင်းအားဖြင့် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်မှု၊ ဟန်ချက်ညီမျှမှုတို့ ရရှိစေရေး ရည်မှန်းချက်ဖြင့် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကို ၁၉၉၄ ခုနှစ်တွင် ချမှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ ၂၁ ရာစုအစီအစဉ်ကို ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာကို ၂၀၀၉ ခုနှစ်တွင်လည်းကောင်း ချမှတ်ခဲ့ကြောင်း၊ ယင်းမူဝါဒနှင့် မဟာဗျူဟာများတွင် ဌာန၊ အဖွဲ့အစည်းပေါင်းစုံမှ စီမံအုပ်ချုပ်နေသောကဏ္ဍပေါင်းစုံပါဝင်ပြီး သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်မှုများကိုအမျိုးသားအဆင့်၊ ကဏ္ဍဆိုင်ရာနှင့် ဒေသဆိုင်ရာ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်မှုများတွင် ပေါင်းစည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများ ကို ၂၀၁၄ ခုနှစ်တွင်ထုတ်ပြန်ခဲ့ကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာတာဝန်ယူဆောင်ရွက်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနကိုလည်း ဖွဲ့စည်းခဲ့ကြောင်း၊ လက်ရှိအချိန်တွင် မူဝါဒ၊ စံသတ်မှတ်ချက်များ၊ အဖွဲ့အစည်းဖွံ့ဖြိုးမှုများနှင့်အတူ ပြောင်းလဲလာသည့် ပတ်ဝန်းကျင်ဆိုင်ရာ အလားအလာများ၊ စိန်ခေါ်မှုများက လက်ရှိနိုင်ငံရေး၊ စီးပွားရေးပြုပြင် ပြောင်းလဲမှုအခြေအနေနှင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော စွန့်ပစ်ပစ္စည်း၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှု၏သက်ရောက်မှုများ အစရှိသည့် စိန်ခေါ်မှုများနှင့် ညီညွတ်စေမည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မူဘောင်၊ မဟာဗျူဟာဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြခြင်း ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ တာဝန်ရှိသူများစုစုပေါင်း(၁၀၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။

## ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ရန်ကုန်တိုင်းဒေသကြီး ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအား သွားရောက်ကြည့်ရှုစစ်ဆေးခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် (၁၉-၁၀-၂၀၁၅)ရက်နေ့နံနက် (၇း၃၀) နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရွာသာကြီး၊ မိုင်တိုင်(၃၀)နှင့် (၃၀/၁) အကြားရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးသို့သွားရောက်၍ စစ်ဆေးခဲ့ပြီးနောက် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဩဝါဒအမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများတက်ရောက်ခဲ့ကြပါသည်။

ဒုတိယဝန်ကြီးမှ ဝန်ထမ်းများအားယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ခွင့်ပြုခဲ့သည့် အဆောက်အဦများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင်ကြီးကြပ်ဆောင်ရွက်ရန်၊ တင်ဒါစိစစ်၍ ပိုလျှံသောရန်ပုံငွေများကို အပ်နှံမည့်အစား ဌာနအတွက်အကျိုးရှိအသုံးဝင်မည့်လုပ်ငန်းတစ်ခုခုကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့တင်ပြညှိနှိုင်းခွင့်ပြုချက်ရယူဆောင်ရွက်ရန်၊ မြေနေရာသည် လယ်မြေဖြစ်၍ အဆောက်အဦ အရည်အသွေး ကြံ့ခိုင်ကောင်းမွန်မှုရှိအောင်ဆောင်ရွက်ရန်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဝယ်ယူမည့်ပစ္စည်းများအားBoardအဖွဲ့ဖြင့်ဝယ်ယူရာတွင် သက်ဆိုင်ရာအထက်အဖွဲ့အစည်း၏ခွင့်ပြုမိန့်ရယူထားရန်၊ စက်ရုံ၊ အလုပ်ရုံများအား စစ်ဆေးရာတွင်ပုံမှန်စစ်ဆေးရန်၊ တိုင်းဒေသကြီးပတ်ဝန်းကျင်ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီနှင့် ညှိနှိုင်းပြီး စစ်ဆေးမှုစီမံချက်(Plan)ရေးဆွဲပြီး လွှမ်းခြုံမှုရအောင် စနစ်တကျစစ်ဆေးရန်၊ စစ်ဆေးပြီးပါက စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းအား ပီပီပြင်ပြင်အဖွဲ့ဖွဲ့၍ဆောင်ရွက်ရန်၊

ထိုသို့ဆောင်ရွက်မှုများကို ရုံးချုပ်မှ ၎င်းတို့၏စီမံချက်အလိုက် ဆောင်ရွက်မှုအခြေအနေကို စစ်ဆေးသွားရန်၊ဝန်ထမ်းများ အရည်အချင်းပြည့်မီစေရေးအတွက် ရုံးချုပ်မှအခါအားလျော်စွာသင်တန်းပေးသွားရန်နှင့်ဝန်ထမ်းများကလည်း မိမိကိုယ် မိမိအရည်အချင်းတိုးတက်နေအောင်အမြဲကြိုးစားလေ့လာဆည်းပူးသွားရန်၊ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် နှစ်အလိုက်စီမံချက်ရေးဆွဲ၍ ဆောင်ရွက်သွားရန်၊ ပညာပေးဆောင်ရွက်ရာတွင် စာသင်ကျောင်းများအပြင်အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO)နှင့် ပူးပေါင်းဆောင်ရွက်ရန်၊ စနစ်တကျနှစ်အလိုက် Calendarရေးဆွဲ ဆောင်ရွက်ရန်၊ ဟောပြောဆွေးနွေးပြီးပါက နောက်တစ်ကြိမ်ပြန်လည်ရောက်ရှိသည့်အခါ တိုးတက်မှုရှိ မရှိလေ့လာဆန်းစစ်သွားရန်၊ အလုပ်အပေါ် စေတနာထား၍ မိမိတာဝန်ကိုမိမိကျေပွန်စွာဆောင်ရွက်ကြရန်လမ်းညွှန်မှာကြားခဲ့ပါသည်။

## ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့တွင် ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခြင်း



ဗီယက်နမ်နိုင်ငံ၊ ဟန္နိုင်းမြို့တွင် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၂၈ရက်နေ့မှ ၃၀ရက်နေ့အထိ ကျင်းပခဲ့သည့်(၁၃)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။ (၁၃)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ၂၀၁၅ခုနှစ် အောက်တိုဘာလ ၂၆ရက်နေ့မှ ၂၇ရက်နေ့အထိ ကျင်းပခဲ့ပြီးနောက် (၁၃)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအဆင့်အစည်းအဝေး(13th ASEAN Ministerial Meeting on the Environment-AMME)အား ၂၀၁၅ခုနှစ် အောက်တိုဘာလ ၂၈ရက်နေ့တွင်လည်းကောင်း၊ ၂၀၁၅ခုနှစ် အောက်တိုဘာလ ၂၉ရက်နေ့တွင် (၁၁)ကြိမ်မြောက် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု အာဆီယံသဘောတူညီချက်ဆိုင်ရာ ညီလာခံအစည်းအဝေး(11th Meeting of the Conference of the Parties to the ASEAN Agreement on Transboundary Haze Pollution (COP-11 AATHP))နှင့် (၁၄)ကြိမ်မြောက် အာဆီယံနှင့်ဆွေးနွေးဖက်(၃)နိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများအဆင့် အစည်းအဝေး(14th ASEAN Plus Three Environment Ministers Meeting- 14th EMM)တို့ကိုလည်းကောင်း အသီးသီးကျင်းပခဲ့ပါသည်။

အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်မှ တက်ရောက်အမှာစကားပြောကြားပြီး အာဆီယံအဖွဲ့ဝင်(၁၀)နိုင်ငံမှ အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့်ကိုယ်စားလှယ်များ၊ အာဆီယံဇီဝမျိုးစုံမျိုးကွဲဗဟိုဌာန(ASEAN Centre for Biodiversity-ACB)မှ ကိုယ်စားလှယ်များ၊ အာဆီယံမိုးလေဝသဌာန(ASEAN Specialized Meteorological Centre-ASMC)မှ ကိုယ်စားလှယ်များ၊ အာဆီယံနှင့်အပေါင်း(၃)ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဂျပန်၊ ကိုရီးယားတို့မှ ဒုတိယဝန်ကြီးများ၊ အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်နှင့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ (၁၃)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအဆင့် အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်မှ ဆွေးနွေးရာတွင် ၂၀၁၅ ခုနှစ်သည် အာဆီယံအသိုင်းအဝိုင်းအတွက် အရေးပါသည့် နှစ်တစ်နှစ်ဖြစ်သကဲ့သို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်အသစ်ချမှတ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုအသစ်ချမှတ်နိုင်ရေးတို့ ဆောင်ရွက်နေသည့်ကာလဖြစ်ပါသဖြင့် သမိုင်းဝင်မည့်နှစ်တစ်နှစ်ဖြစ်ပါကြောင်း၊ အာဆီယံလူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အသိုင်းအဝန်း၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ အောင်မြင်စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် အာဆီယံမိတ်ဖက်နိုင်ငံများအဖြစ် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများနှင့် ပတ်ဝန်းကျင်ဆိုင်ရာပူးပေါင်းဆောင်ရွက်မည့် နယ်ပယ်သစ်များ ဆွေးနွေးနိုင်မည့် အခွင့်အလမ်းများရရှိမည်

ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ကဏ္ဍစုံပါဝင်သည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအား ဟန်ချက်ညီညီဆောင်ရွက်နိုင်ရန် မူဝါဒနှင့်လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာမူဝါဒ၊ လုပ်ငန်းစဉ်များရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၀-၂၀၃၀)၏ မဟာဗျူဟာ(၇)ရပ်တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးမှ အဓိကမဟာဗျူဟာတစ်ရပ်အဖြစ်ပါဝင်ပြီး အမျိုးသားမူဝါဒနှင့်ဖွံ့ဖြိုးရေးတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်သွားရန် မျှော်လင့်ပါကြောင်း ပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင်ကျင်းပမည့် (၂၁)ကြိမ်မြောက် ကုလသမဂ္ဂရာသီဥတု ပြောင်းလဲမှုဆိုင်ရာညီလာခံ(Conference of Parties- COP 21)၌ တင်သွင်းမည့် (ASEAN Joint Statement on Climate Change)(မူကြမ်း)အား အတည်ပြုခြင်း၊ မြန်မာနိုင်ငံတွင် တည်ထောင်ပြီးဖြစ်သည့် အာဆီယံအစိမ်းရောင်စီးပွားရေး ဗဟိုဌာန (ASEAN Institute for Green Economy)အတွက် တာဝန်ဝတ္တရားများ(Terms of References- ToRs)ဆိုင်ရာ ဆွေးနွေးခြင်း၊ အာဆီယံ Peatland တောမီးစီမံအုပ်ချုပ်မှုဆိုင်ရာ လမ်းညွှန်ချက်များ(ASEAN Guidelines on Peatland Fire Management) ချမှတ်ခြင်း၊ အာဆီယံမဲခေါင်ဒေသတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာ ပြဿနာကိစ္စရပ်များ ဖြေရှင်းနိုင်ရေးအတွက် ဆွေးနွေးကြပါသည်။ ပြီးနောက် (၃၀-၁၀-၂၀၁၅)ရက်နေ့ နံနက်ပိုင်းတွင် Tieng Anh သဘာဝ အမျိုးသားဥယျာဉ်သို့ သွားရောက်လေ့လာခဲ့ကြပါသည်။

## ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် အား The World Bank မစ်ရှင်အဖွဲ့မှ လာရောက်တွေ့ဆုံဆွေးနွေး



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင် အား Post Floods and Landslide Needs Assessment (PFLNA) ၏ Programme Leader ဖြစ်သူ Ms. Louise F. Scura ဦးဆောင်သည့် The World Bankမစ်ရှင်အဖွဲ့မှ(၉-၁၀-၂၀၁၅)ရက်နေ့၊ မွန်းလွဲ(၂)နာရီတွင်ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးရာတွင် ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ ရေဘေးအန္တရာယ်ကျရောက်မှုနှင့် ပတ်သက်၍ Post Floods and Landslide Needs Assessment (PFLNA)အား ဆက်နွယ်သည့်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွက် လိုအပ်သော ရန်ပုံငွေနှင့်နည်းပညာထောက်ပံ့ပေးနိုင်ရေး ဆန်းစစ်လေ့လာသည့်လုပ်ငန်းများ၊ ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်မှုများလျော့နည်းရေးအတွက် ဆောင်ရွက်သွားရမည့် ကာလတို၊ ကာလရှည် စီမံချက်များနှင့် ဦးစားပေးကဏ္ဍများ၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းစီမံချက်များတွင် ပတ်ဝန်းကျင်နှင့် သစ်တောကဏ္ဍ အနေနှင့် ပါဝင်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ကမ္ဘာ့ဘဏ်မှ ပံ့ပိုးကူညီမည့် အစီအစဉ်များ၊ သစ်တောစီမံအုပ်ချုပ်မှု၊ မြေယာစီမံခန့်ခွဲမှုနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းများ အတွက် နည်းပညာအကူအညီပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လိုအပ်ချက်များ စသည်တို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရပါသည်။

## မြန်မာနိုင်ငံရှိသဘာဝနယ်မြေများစီမံအုပ်ချုပ်မှုရေရှည်တည်တံ့ရေးကို မြှင့်တင်ခြင်း စီမံကိန်းအကောင်အထည်ဖော်ခြင်းဆိုင်ရာ မိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့်ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) မြန်မာနိုင်ငံအစီအစဉ်တို့(၅)နှစ်တာပူးပေါင်းဆောင်ရွက်မည့် "မြန်မာနိုင်ငံရှိသဘာဝနယ်မြေများ စီမံအုပ်ချုပ်မှုရေရှည်တည်တံ့ရေးကိုမြှင့်တင်ခြင်း" စီမံကိန်းအကောင်အထည်ဖော်ခြင်းဆိုင်ရာ မိတ်ဆက်ခြင်းအလုပ်ရုံဆွေးနွေးပွဲကို(၂၇-၁၀-၂၀၁၅)ရက်နေ့ နံနက်(၉)နာရီတွင် နေပြည်တော်၊ အမရဟိုတယ်၌ ကျင်းပပြုလုပ်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်ဦးခင်မောင်ရီတက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။

အမြဲတမ်းအတွင်းဝန်မှ အမှာစကားပြောကြားရာတွင် ဇီဝမျိုးစုံမျိုးကွဲများမှအမျိုးမျိုးသော ဂေဟစနစ်ဝန်ဆောင်မှုများကိုပံ့ပိုးပေးနေပြီး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေးအောင်မြင်မှုရရှိရန်၊ စားနပ်ရိက္ခာလုံခြုံစိတ်ချစေရန်၊ ရေအရင်းမြစ် ရေရှည်တည်တံ့ရေးစီမံခန့်ခွဲရန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် ထုတ်လုပ်မှု၊ သုံးစွဲမှုရေရှည်တည်တံ့နိုင်ရန်တို့အတွက် ကြီးမားသည့်အခွင့်အလမ်းကိုဂေဟစနစ်ဝန်ဆောင်မှုများမှထောက်ပံ့နေခြင်းဖြစ်ပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုတို့သည် တစ်ခုနှင့်တစ်ခုဆက်စပ်လျက်ရှိပါကြောင်း၊ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များမှအတည်ပြုခဲ့သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ၂၀၃၀ အစီအစဉ်(2030 Agenda for Sustainable Development)၏ရည်မှန်းချက်၊ ပန်းတိုင်များတို့တွင်ဇီဝမျိုးစုံမျိုးကွဲ၊ ကျန်းမာသန်စွမ်းသည့် ဂေဟစနစ်များကို အလေးပေးဖော်ပြထားသည်ကို အထင်အရှားတွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ၊ ဂေဟစနစ်နှင့်ဂေဟစနစ်ဝန်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်ရန်အတွက် အဓိကမူဝါဒတစ်ရပ်အနေဖြင့် သဘာဝနယ်မြေများကိုကမ္ဘာ့နိုင်ငံအသီးသီးတွင် တည်ထောင်ကြရပါကြောင်း၊ သဘာဝနယ်မြေ များမှ ထုတ်ကုန်ပစ္စည်းနှင့်ဝန်ဆောင်မှုများစွာကိုပံ့ပိုးပေးလျက်ရှိပြီး သစ်တောအပေါ် အမှီပြုနေထိုင်ရသည့်ဒေသခံပြည်သူများအတွက် အာဟာရ၊ ဆေးဝါး၊ ထင်းလောင်စာနှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများထုတ်လုပ်ပေးနေသည့် အရင်းအမြစ်လည်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်အမျိုးအစားစုံလင်သောဂေဟစနစ်များကိုကိုယ်စားပြုသည့် သဘာဝနယ်မြေများ တည်ထောင်ရေးကိုအလေးပေးပြီး မြန်မာ့သစ်တောမူဝါဒတွင်ဖော်ပြထားသည့် နိုင်ငံဧရိယာ၏ (၅)ရာခိုင်နှုန်းကို သဘာဝနယ်မြေ အဖြစ်ဖွဲ့စည်းရေးနှင့် အမျိုးသားသစ်တောကဏ္ဍနှစ်(၃၀) ပင်မစီမံကိန်းတွင်နိုင်ငံဧရိယာ၏(၁၀) ရာခိုင်နှုန်းအထိဖွဲ့စည်းရန် လျာထားခဲ့ကြောင်း၊ လက်ရှိတွင်နိုင်ငံဧရိယာ၏ ၅. ၇၅ ရာခိုင်နှုန်းရှိပြီးသဘာဝနယ်မြေ (၃၉)ခု တည်ထောင်ပြီးဖြစ်ပါကြောင်း၊

သစ်တောဦးစီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) မြန်မာနိုင်ငံအစီအစဉ်တို့ ပူးပေါင်းပြီးကမ္ဘာ့ပတ်ဝန်းကျင်အထောက်အပံ့(Global Environment Facility-GEF) ရန်ပုံငွေပံ့ပိုးမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်၎င်းစီမံကိန်းသည် မြန်မာနိုင်ငံတွင် သဘာဝနယ်မြေစီမံအုပ်ချုပ်မှုကိုမြှင့်တင်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ သစ်တောတက္ကသိုလ် ပါမောက္ခချုပ်နှင့်ဌာနအကြီးအကဲများ၊ UNDP Country Director၊ Wildlife Conservation Society (WCS) မြန်မာနိုင်ငံအစီအစဉ်၊ ဆက်စပ်ဌာနအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ INGO၊ NGO များမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြကြောင်းသိရှိရပါသည်။

## အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ သားငါးနှင့် သစ်တောများ၏လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲရန် လိုက်နာသင့်သည့် လမ်းညွှန်ချက်များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် FAOတို့ ပူးပေါင်းပြုလုပ်သည့် "အမျိုးသား စားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ သားငါးနှင့်သစ်တောများ၏ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲရန် လိုက်နာသင့်သည့် လမ်းညွှန်ချက်များ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို(၉-၁၀-၂၀၁၅) ရက်နေ့၊ နံနက်(၉)နာရီအချိန်တွင် နေပြည်တော် Hotel Maxသို့ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်စနစ်တို့နှင့်အညီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်နှင့် ဆောင်ရွက်လျက်ရှိရာတွင် ကဏ္ဍအသီးသီးအတွက် ပြုပြင်ပြောင်းလဲရေးမဟာဗျူဟာ (Reform Strategy)များကို Bottom-up approach နှင့်ချမှတ်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါကြောင်း၊ မြေအသုံးချမှုမူဝါဒ၊ မြေယာဥပဒေနှင့် မြေအသုံးချမှုဆိုင်ရာ အုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲရေးလုပ်ငန်းစဉ်များလည်း ပါဝင်ပါကြောင်း၊

လူဦးရေတိုးပွားလာသည်နှင့်အမျှ စိုက်ပျိုးမြေ၊ ရေအရင်းအမြစ်၊ စားကျက်မြေ၊ သစ်တောမြေ၊ မြို့မြေ၊ ရွာမြေ၊ စက်မှုဇုန်၊ ဆက်သွယ်ရေးလမ်းကြောင်းကွန်ရက်များ စသည့်မြေလိုအပ်ချက်တွေပိုမိုများပြားလာသည်ကိုတွေ့ရှိရသော်လည်း မြေသယံဇာတသည်အကန့်အသတ်ရှိသောသဘာဝအရင်းအမြစ်ဖြစ်ပါကြောင်း၊မြေအသုံးချမှုစနစ်တကျမရှိလျှင် စိုက်ပျိုးမြေအတန်းအစားကျဆင်းလာခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် ရေအရင်းအမြစ်များဆုံးရှုံးခြင်းတို့အပြင် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှုတို့ကြောင့် အကျိုးဆက်အနေနှင့် ရာသီဥတုပြောင်းလဲဖောက်ပြန်ပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်ခံစားကြရမည်ဖြစ်ပါကြောင်း၊ မြေအရင်းအမြစ် စီမံခန့်ခွဲရေးဗဟို ကော်မတီကို ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ အမျိုးသားမြေ အသုံးချမှု မူဝါဒ(မူကြမ်း)ရေးသားပြုစုခြင်းလုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ခဲ့ရာ မကြာမီ အမျိုးသားမြေအသုံးချမှု မူဝါဒပြဋ္ဌာန်းနိုင်တော့မည်ဖြစ်ပါကြောင်း၊ အမျိုးသားစားနပ်ရိက္ခာဖူလုံရေးအတွက် မြေယာ၊ သားငါးနှင့်သစ်တောများ၏ လုပ်ပိုင်ခွင့်အား စီမံခန့်ခွဲရန်လိုက်နာသင့်သည့် လမ်းညွှန်ချက်များအဖြစ် "Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests" ကို ကုလသမဂ္ဂအဖွဲ့အစည်းမှ ၂၀၁၂ ခုနှစ်တွင် အတည်ပြုခဲ့ခြင်း ဖြစ်ပါကြောင်း၊ အဆိုပါလမ်းညွှန်ချက်များသည် ကမ္ဘာအဝှမ်းရှိ ပြည်သူများ၏ စားဝတ်နေရေးနှင့် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြေယာ၊ သားငါး၊ သစ်တောနှင့်အခြားသဘာဝအရင်းအမြစ်များကိုစီမံခန့်ခွဲရန် နိုင်ငံတကာမှ လက်ခံထားသည့်စံနှုန်းများနှင့် အခြေခံသဘောတရားများကိုစုစည်းထားသည့် ကမ္ဘာလုံးဆိုင်ရာပထမဦးဆုံး မူဘောင်များဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

## နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းနှင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကျင်းပခြင်း

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ၊UN-REDD Programme နှင့် FAO တို့ပူးပေါင်းပြီး နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းနှင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း ဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲကို(၂၁. ၁၀. ၂၀၁၅)ရက်နေ့ နံနက်(၉)နာရီတွင် နေပြည်တော် Lake Garden Hotel သို့ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ အမှာစကားပြောကြားရာတွင်UN-REDD Programme ၏နည်းပညာအကူအညီနှင့်

သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းဆိုင်ရာလမ်းပြမြေပုံကို ၂၀၁၃ ခုနှစ် ဇွန်လတွင်ရေးဆွဲနိုင်ခဲ့ပြီး လမ်းပြမြေပုံတွင် ပါဝင်သည့်လုပ်ငန်းကဏ္ဍ (၆) ခုအား UN-REDD Programme အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စတင်အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍UN-REDD Programme ၏ Targeted Support အစီအစဉ်အရ သစ်တောဦးစီးဌာနနှင့် FAO တို့ပူးပေါင်းပြီးလမ်းပြမြေပုံတွင် ပါသောလုပ်ငန်းများဖြစ်သည့် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းနှင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ရေးဆွဲခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိပြီး ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ် (UNEP)တို့မှ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း။ လက်ရှိကျင့်သုံးနေသော RS /GIS ဆိုင်ရာလုပ်ငန်းများအပြင် မိရိုးဖလာနည်းအရ ဆောင်ရွက်နေသည့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်း လုပ်ငန်းများသည် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေမည်ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မှ UN-REDD နည်းပညာပိုင်းဆိုင်ရာအကြံပေး Mr. FranzEugen Arnold နှင့် နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ NGOs နှင့် INGOs များမှကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနမှအရာရှိကြီးများ၊ ဆက်စပ်ဌာနများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြကြောင်းနှင့်အလုပ်ရုံဆွေးနွေးပွဲကို(၂၁-၁၀-၂၀၁၅)ရက် နှင့် (၂၂. ၁၀. ၂၀၁၅)ရက် (၂)ရက်ကျင်းပခဲ့ပါကြောင်းသိရှိရပါသည်။

## " NBSAP (၂၀၁၅-၂၀၂၀) အကောင်အထည်ဖော်ခြင်းအတွက် အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဘာသာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းနှင့်စိစစ်ညှိနှိုင်းချမှတ်ခြင်းဆိုင်ရာအကြံပြု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း




ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့ (IUCN)တို့ ပူးပေါင်း၍-NBSAP(၂၀၁၅-၂၀၂၀) အကောင်အထည်ဖော်ခြင်းအတွက် အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၊ ဘာသာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့များဖွဲ့စည်းခြင်းနှင့် စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းနှင့် စိစစ်ညှိနှိုင်းချမှတ်ခြင်းဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲကို(၂၃-၁၀-၂၀၁၅)ရက်နေ့ နံနက်(၉)နာရီတွင် နေပြည်တော် အမရဟိုတယ်၌ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ အမှာစကားပြောကြားရာတွင်သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာသဘာဝထိန်းသိမ်းရေးအဖွဲ့(IUCN)တို့ ပူးပေါင်း၍ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ သုတေသနဌာနများ၊ တက္ကသိုလ်များ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းတို့၏ပါဝင်မှု၊ အကြံပြုမှု၊ အချက်အလက်ပံ့ပိုးပေးမှုနှင့် ရေးဆွဲထားသော -NBSAP (၂၀၁၅-၂၀၂၀)အကောင်အထည်ဖော်ခြင်းအတွက် ကြီးကြပ်ညှိနှိုင်းပေါင်းစပ်ပေးမည့် အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့နှင့် ဘာသာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းနိုင်ရန်နှင့်အကောင်အထည်ဖော်ခြင်းကိုစောင့်ကြည့်လေ့လာမှု၊ အကဲဖြတ်မှုနှင့်စိစစ်ညှိနှိုင်းချမှတ်နိုင်ရေးပြုလုပ်သော အကြံပြုအလုပ်ရုံဆွေးနွေးပွဲဖြစ်ပါကြောင်း။ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုး ပါဝင်ဆောင်ရွက်လျက်ရှိသည့်ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (Convention on Biological Diversity-CBD)ဆိုင်ရာ ကတိကဝတ်ကိုဖြည့်ဆည်းခြင်း၊ သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေးနှင့်နိုင်ငံသားများ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်အတွက် ဆက်စပ်ဌာနအဖွဲ့အစည်းများ၊ NGO၊ INGO၊ တက္ကသိုလ်များပါဝင်မှုနှင့် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (National Biodiversity Strategy and Action Plan-NBSAP)(၂၀၁၁) ကိုရေးဆွဲခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှအတည်ပြုခဲ့ပါကြောင်း။

NBSAP(၂၀၁၅-၂၀၂၀)သည် မြန်မာနိုင်ငံတွင် အဓိကမြေအသုံး ချမှု ပြောင်းလဲခြင်းများနှင့်အတူ နိုင်ငံရေး၊ လူမှုရေးနှင့်စီးပွားရေးပြုပြင်ပြောင်းလဲမှုအရပေါ်ထွက်လာသည့် ဇီဝမျိုးစုံမျိုးကွဲ ဆိုင်ရာ စိန်ခေါ်မှုအသစ်များကို ဖြေရှင်းခြင်း၊ အခွင့်အလမ်းအသစ်များကို အသုံးချခြင်းတို့တွင် မဟာဗျူဟာမူဘောင်တစ်ခုအဖြစ် အ ထောက်အကူပြုရန်နှင့် CBD ၏ ၂၀၁၁-၂၀၂၀ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာမဟာဗျူဟာစီမံချက်(Strategic Plan for Biodiversity ၂၀၁၁-၂၀၂၀)၊အာချိဇီဝမျိုးစုံမျိုးကွဲရည်မှန်းချက်(Aichi Biodiversity Targets)နှင့်ကိုက်ညီစေရန် ရေးဆွဲထားခြင်းဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

## "REDD+ Academy Trainning of Trainers(ToT)" သင်တန်းဖွင့်ပွဲကျင်းပခြင်း




ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့် UN-REDD+ Programme တို့ ပူးပေါင်းကျင်းပသည့် "REDD+ Academy Training of Trainers" သင်တန်းဖွင့်ပွဲကို (၂၂-၁၀-၂၀၁၅)ရက်နေ့ နံနက်(၁၀)နာရီတွင် နေပြည်တော် ၊ Grand Amara ဟိုတယ်၌ကျင်းပရာပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် UN-REDD+ Programmeတို့ ပူးပေါင်းကျင်းပသည့် "REDD+ Academy Training of Trainers" သင်တန်းအတွက် UN-REDD Programme၊ UNDP ၊FAOနှင့် UNEPတို့၏ ပံ့ပိုးမှုများအားကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့လူဦးရေမှာ တိုးတက်လျက်ရှိပြီး စားနပ်ရိက္ခာထုတ်လုပ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ပိုမိုဆောင်ရွက်ရာတွင် အကျိုးဆက်အနေဖြင့် ကမ္ဘာမြေကြီးအပေါ် ဖိအားများပိုမိုများပြားလာလျက်ရှိကြောင်း၊ အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံ၌ သစ်တောပြုန်းတီးခြင်း၊ သဲကန္တာရဖြစ်ထွန်းခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ပျက်စီးခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊

မြန်မာနိုင်ငံအနေဖြင့် REDD+ သည် ဆန်းသစ်သောချဉ်းကပ်မှုနည်းလမ်းသစ်တစ်ခုဖြစ်ကြောင်း သိမြင်ခဲ့သဖြင့် ၂၀၁၁ ခုနှစ်၊ဒီဇင်ဘာလတွင် UN-REDDProgrammeနှင့်ချိတ်ဆက်ခဲ့ကြောင်း၊ ထိုအချိန်မှစ၍ REDD+ဆိုင်ရာ လှုပ်ရှားမှုများကိုအရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ကာDFID၊ နော်ဝေနိုင်ငံအစိုးရနှင့် UN-REDDProgrammeတို့၏ အထောက် အပံ့ဖြင့် ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် REDD+Readiness Roadmap ကိုရေးဆွဲနိုင်ခဲ့ကြောင်း၊ ယခုအခါတွင် မိမိတို့အနေ ဖြင့် REDD+Readiness Roadmap UN-REDDProgramme နှင့်ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယခုပြုလုပ်သည့် REDD+ Academy (Training of Trainers)သင်တန်းသည် REDD+ဆိုင်ရာအယူအဆ သဘောထားများ၊နည်းစနစ်များ၊ အခက်အခဲများနှင့်အခွင့်အလမ်းများကိုသိရှိနိုင်ရန် ရည်ရွယ်၍ အပိုင်း(၁၂)ခုဖြင့် ကောင်းစွာရေးဆွဲထားသောသင်တန်းဖြစ်ကြောင်း၊ ဤသင်တန်းသည် REDD+လုပ်ငန်းတွင် သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုကိုသာမက မြန်မာနိုင်ငံ၏ REDD+Readiness ကိုပါ သိသိသာသာအထောက်အကူပြုမည်ဖြစ်ပါကြောင်း၊

ယခုသင်တန်းသည် မြန်မာနိုင်ငံ၏ REDD+ Readiness ဆိုင်ရာကြိုးပမ်းအားထုတ်မှုများကို အထောက်အကူပြုမည်ဟု မျှော်လင့်ကြောင်း၊ ဤသင်တန်းတွင် အမျိုးသားမဟာဗျူဟာများ၊ နိုင်ငံအဆင့် သစ်တောကာဗွန်ကြီးကြပ်မှုစနစ် National Forest Monitoring System ၊ သစ်တောကာဗွန်ထုတ်လုပ်မှုရည်ညွှန်းပမာဏ Reference Emission Level and ReferenceLevel ၊ လူမှုရေးနှင့်ပတ်ဝန်းကျင်စောင့်ရှောက်မှုအစီအမံများ Safeguard တို့ပြင်ဆင်ခြင်းတွင် REDD+ နိုင်ငံများ၏ အကောင်းဆုံး အလေ့အထများ၊ နည်းလမ်းများကိုရရှိနိုင်မည်ဟုလည်း မျှော်လင့်ပါကြောင်းပြောကြားခဲ့ပါသည်။

သင်တန်းသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနနှင့်ဆက်စပ်ဌာနများမှ သင်တန်းသား (၂၀)ဦးတက်ရောက်ခဲ့ပြီး ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၂၂)ရက်မှ (၂၇)ရက်နေ့အထိဖွင့်လှစ်ခဲ့ကြောင်းသိရှိရပါသည်။

# တရားမဝင်သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်း




**စစ်ကိုင်းတိုင်းဒေသကြီး** စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် ပိုးတန်းရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် (၂၁-၁၀-၂၀၁၅)ရက်နေ့တွင် စစ်ကိုင်းမြို့ ဆည်တော်လေးကျေးရွာနှင့် တောင်ရင်းကျေးရွာကြား၊ အမှတ်(၃)ခရိုင်ချင်းဆက်လမ်း၊ စစ်ကိုင်း-ရွှေဘိုသွား ကားလမ်းအနီး နေရာမှ တရားမဝင်တမလန်း ဓားရွေ(၁၁)တုံး (၀. ၂၇၂၄)တန် တင်ဆောင်ထားသော ယာဉ်အမှတ် 6C/8272 Mark II ယာဉ်တစ်စီးအား တရားခံ(၁)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။




**မန္တလေးတိုင်းဒေသကြီး** မန္တလေးခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးဆောင်သော သစ်တောဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့သည် (၂၅-၁၀-၂၀၁၅)ရက်နေ့တွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်အတွင်း ခြံဝင်းတခုအတွင်းမှ ယာဉ်အမှတ် (8J/4104 )Expass Panda ကားပေါ်မှ တရားမဝင် တမလန်းခွဲသား(၅)ချောင်း (၀. ၃၃၀၀)တန်နှင့် ပိတောက်ချပ်(၂)ချပ် (၀. ၀၅၆၆)အားလည်းကောင်း၊ ယာဉ်အမှတ် 8J/1208 Super Custom ပေါ်မှ တရားမဝင် တမလန်းခွဲသား(၁၄)ချောင်း(၀. ၂၄၀၈)တန်နှင့် ခြံဝင်းအတွင်းမှ တမလန်းခွဲသား(၈၉)ချောင်း (၂. ၈၄၉၂)တန်နှင့် ပိတောက်ခွဲသား(၂၂)ချောင်း(၀. ၃၃၉၄)တန်တို့အား တရားခံ(၃)ဦးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်းသိရှိရပါသည်။

**မွန်ပြည်နယ်၊** ကျိုက်ထိုမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူစုရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပါဝင်သော (၈)ဦးအဖွဲ့သည် သတင်းအရ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ တောင်သူစုရပ်ကွက်၊ ဆီဆိုင်ဝင်းအတွင်းရှိ ၁၉၉၈ခုနှစ်၊ သစ်တောဦးစီးဌာနမှ စိုက်ပျိုးထားသော ကျွန်းတစ်အုပ်တစ်မစိုက်ခင်းအတွင်း၌ ကျွန်းပင်များခုတ်လှဲထားသည်ကို တွေ့ရှိစစ်ဆေးခဲ့ကြပါသည်။ စစ်ဆေးချက်အရ စိုက်ခင်းအတွင်း ကျွန်းပင်(၁၄)ပင်အား ခုတ်လှဲထားပြီး ထွက်ရှိသော ကျွန်းတိုင်(၁၂၀)လုံးနှင့် ကျွန်းမျောလုံး(၃၉)လုံးတို့ စုစုပေါင်း(၁. ၄၂၈)တန်အား ဆီဆိုင်ဝင်းအနောက်ဖက်ခြမ်း၌ မြေကျင်းတူး၍

မြှုပ်နှံထားသည်ကို စစ်ဆေးတွေ့ရှိခဲ့ပြီး တရားခံ(၂)ဦးဖြစ်သည့် ဦးအောင်သူ( DENKO ဆီဆိုင် တည်ဆောက်ရေးတာဝန်ခံ၊ အင်းစိန်မြို့) နှင့် ဦးကိုကိုဦး (အလုပ်သမားခေါင်းဆောင်၊ တောင်သူစုရပ်၊ ကျိုက်ထိုမြို့)တို့အား ဥပဒေအရအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။





**နေပြည်တော်ကောင်စီသစ်တောဦးစီးဌာနမှ** လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများ၊ မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန သစ်တောဝန်ထမ်းများနှင့် လယ်ဝေးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ ပါဝင်သော စစ်ကြောင်းအဖွဲ့သည် (၂၁-၁၀-၂၀၁၅)ရက်နေ့တွင် လယ်ဝေးမြို့နယ် ပလွေးကြိုးဝိုင်းအတွင်းမှ တရားမဝင် သံသေသစ် (၅၅)လုံး (၂၀. ၁၁၈၀)တန်၊ သံသေခွဲသား(၂၆၂)ချောင်း (၂. ၂၅၆၂)တန်နှင့် သစ်စက်အင်ဂျင် (၁)လုံးနှင့် ဆက်စပ်ပစ္စည်းများအား ဖမ်းဆီးရမိကြောင်း သိရှိရသည်။





**ပဲခူးတိုင်းဒေသကြီး** သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သော သစ်တောဝန်ထမ်းများအဖွဲ့သည် (၂၁-၁၀-၂၀၁၅)ရက်နေ့တွင် ရေတာရှည်မြို့နယ်၊ အရှေ့ဆွာကြိုးဝိုင်း အကွက်အမှတ်(၁၈)အတွင်းမှ တရားမဝင် ကျွန်းသစ်(၂)လုံး (၀. ၂၇၄)တန်၊ ကျွန်းခွဲသား (၄၀)ချောင်း(၀. ၅၆၂၈)တန်၊ ပျဉ်းကတိုးသစ်(၁)လုံး (၀. ၀၈၀)တန်၊ ပျဉ်းကတိုးခွဲသား (၄၅၃၁) ချောင်း (၉. ၂၃၈၆)တန်၊ သတီသစ်(၁)လုံး၊ သတီခွဲသား(၁၀၆)ချောင်း၊ သတီခွဲခြမ်း(၂)ခြမ်း (၀. ၁၄၄)တန်နှင့် သစ်စက်အင်ဂျင်(၁)လုံးနှင့် ဆက်စပ် ပစ္စည်းများအား ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရပါသည်။








အချိန်က- ၂၀၁၃ခုနှစ်၊ ဩဂုတ်လ၊ နေရာက- ရခိုင်ပြည်နယ်၊သံတွဲခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးနေအိမ်။

" ဟဲလို- အစ်ကိုလား၊ ကျွန်တော်ပါ " " ဟုတ်ကဲ့AD ပြောပါ"

" ညွှန်မှူးကတော့ ဒုတိယအကြိမ် နှိုးဆော်စာထွက်ပြီအစ်ကိုရေ ကျွန်တော်တို့ အမြန်ကွင်းဆင်းပြီး အစီရင်ခံမှဖြစ်တော့မယ်၊ အဲ့ဒါ အစ်ကို ရမ်းဗြဲဦးစီးနဲ့ ဆက်သွယ်ပြီး ခရီးစဉ်ဆွဲပေးပါဦး"

"ဟုတ်ကဲ့ပါ AD ကျွန်တော်တို့ သဘက်ခါလောက်သွားလိုက်ကြမယ်လေ၊ ကျွန်တော်ကားစီစဉ်ထားလိုက်ပါ့မယ်၊ ရမ်းဗြဲဦးစီးကိုလည်း ဖုန်းဆက်ထားလိုက်ပါ့မယ်"

" ကောင်းပါတယ်အစ်ကို၊ ကျွန်တော်သဘက်ခါမနက်စောစော တောင်ကုတ်ရောက်အောင်လာခဲ့မယ်၊ အစ်ကိုနဲ့ ကျွန်တော် သွားရင်ရပါပြီ၊ ဂွဦးစီးက သစ်ဖမ်းဆီးရေးတက်နေတော့ မခေါ်တော့ပါဘူးအစ်ကိုရာ၊ ဒါဆို ဒါပဲနော်"

ကျွန်တော် ဖုန်းပိတ်လိုက်ပြီး အိမ်ပြင်ဘက်ကို ငေးကြည့်နေမိပါတယ်။

ဘာလိုလိုနဲ့ သံတွဲခရိုင်ကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး တာဝန်ထမ်း ဆောင်နေတာ စလတောင်ရှိသွားပြီဆိုတော့ အလုပ်ကို နိုင်စပြုလာပါပြီ။ ကျွန်တော့်ရဲ့အစ်ကို တောင်ကုတ်ဦးစီးအရာရှိက ရခိုင်လူမျိုးဒေသခံပါ။ ကျွန်တော့်ထက် ကျောင်းဆင်း အတန်းတစ်တန်းကြီးသူပါ။ ကျွန်တော်က ၁၉၈၂ခုနှစ် ကျောင်းဆင်းအစ်ကိုက ၁၉၈၁ခုနှစ် ကျောင်းဆင်း။

ကျွန်တော်က လက်ထောက်ညွှန်ကြားရေးမှူးရာထူးကို ၂၀၁၁ခုနှစ်မှာ ရတာဆိုတော့ ADလုပ်သက် နှစ်နှစ်ကျော်ခဲ့ပါပြီ။ အစ်ကိုကတော့ အကြောင်းအမျိုးမျိုးကြောင့် ဦးစီးအရာရှိပဲရှိပါသေးတယ်။ ကျွန်တော့်ထက် တစ်တန်းကြီးအစ်ကိုမို့ ကျွန်တော်ရာထူးကြီးပေမဲ့ သစ်တောညီအစ်ကိုများရဲ့ ရိုးရာအတိုင်း ကြီးသူကိုရိုသေစွာ "အစ်ကို"လို့ ခေါ်ပါတယ်။

အစ်ကိုကလည်း သူ့ထက်ငယ်တဲ့ ကျွန်တော့်ကို "ဦး"တပ်ပြီး ချစ်ခင် လေးစားစွာဆက်ဆံပါတယ်။ ဒါဟာ တကယ့်ကို ချစ်စရာကောင်းတဲ့ သစ်တောညီအစ်ကိုများရဲ့ ရိုးရာမပျက်စိတ်ဓာတ်လေးပါပဲ။

---

ကျွန်တော့်ဘဝ တစ်သက်တာဟာ သစ်တောပညာကိုသင်ကြားခဲ့ပြီး တက္ကသိုလ်က ဘွဲ့ရရှိပြီးကတည်းက ကျွန်တော် ရန်ကုန်သား နှစ်ပေါင်းသုံးဆယ် ကျော်မွေးရပ်မြေ ရန်ကုန်မြို့မှခွဲခွါလို့ နယ်ပေါင်းစုံ၊ ဒေသပေါင်းစုံ၊ တောတောင်အနှံ့တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ရှမ်းပြည်နယ်၊ ကလောမြို့နယ်မှာ(၁၂)နှစ်၊ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်မှာ(၁နှစ်၈လ)။ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်မှာ မြို့နယ်ဦးစီးမှူးနဲ့ (၂နှစ်၈လ)။ မကွေးတိုင်းဒေသကြီး၊သရက်မြို့နယ်၊ စိမ်း/စိုင်ဌာနမှာ (၃နှစ်၉လ)။ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်မှာ (၃နှစ်၃လ၂၃ရက်)။ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်မှာ (၁နှစ်၇လ) တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ကျွန်တော့်ဘဝမှာ ရွှေးချယ်စရာမရှိလေတော့ ကံစီမံရာအတိုင်း ရှန်းကန်ရင်ဆိုင်လို့ နေထိုင်ခဲ့ရပါတယ်။ ဝန်ထမ်း

ဘဝတစ်လျှောက် ချင်းတောင်မှာနေခဲ့ရတဲ့ကာလကတော့ ပင်ပန်းဆင်းရဲပေမယ့် စိတ်အေးချမ်းမှုအရှိဆုံးအချိန်ပါပဲ။ လုပ်သက်ရင့်လာတာနဲ့အမျှ အကျိုးအမြတ်ဆိုတာကို မမျှော်ကိုးတော့ပဲ ဌာနအပေါ် သံယောဇဉ်ဖြင့် ပေးဆပ်လုပ်ကိုင်ချင်တဲ့စိတ်ပဲ ရှိပါတော့တယ်။

ချင်းပြည်နယ်မှာ တစ်နှစ်နဲ့ ခုနှစ်လ တာဝန် ထမ်းဆောင်ပြီး ကျွန်တော့်ကို မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ သစ်တောဦးစီးအရာရှိ တာဝန်ပေးလို့ ပြောင်းရွှေ့ခဲ့ရပါတယ်။ ဒီမိတ္ထီလာမြို့နယ်ဆိုတာ ပြည်ထောင်စုကားလမ်းများဆုံရာ၊ တောမရှိ၊ တောင်မရှိ၊ စစ်တပ်နဲ့ကားလမ်းပဲရှိတဲ့ မြို့နယ်မှာ နှစ်နှစ်နဲ့နှစ်လကြာ တာဝန်ထမ်းဆောင်နေစဉ် တစ်ရက်သောမနက်မှာ ကျွန်တော့်ဘဝအတွက် အဆိုးဆုံးအဖြစ်အပျက်ကို ရင်ဆိုင်လိုက်ရပါ တယ်။

အဖြစ်ကတော့(၁၁-၅ -၂၀၁၅) ရက် နံနက် (၇း၃၀)အချိန်၊ ကျွန်တော်ဦးဆောင်တဲ့အဖွဲ့တွေ မိတ္ထီလာ-မလှိုင်ကားလမ်းအတိုင်း ဆိုင်ကယ်များနဲ့ ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီး မိုင်တိုင်အမှတ် ၂၉၆/၅ မိတ္ထီလာမြို့နယ်အပိုင် သမင်ပျိုချောင်းအနီးရှိ သစ်တောပျိုးဥယျာဉ်နဲ့ နားနေဆောင်သို့ထွက်ခဲ့ကြပါတယ်။ အဲဒီစခန်း ပတ်ဝန်းကျင်မှာ ၂၀၁၁ခုနှစ် မိုးရာသီစိမ်းလန်းစိုပြည်ရေး တစ်အုပ်တစ်မ သစ်တောစိုက်ခင်း များစိုက်ဖို့ ပန္နက်ရိုက်မြေပြင်ဖို့ သွားကြတာပါ။ မိတ္ထီလာ-မလှိုင်ကားလမ်း တစ်နေရာ အရောက်မှာ ကျွန်တော်စီးလာတဲ့ဆိုင်ကယ်နဲ့ မလှိုင်ထွေ-အုပ်အုပ်ချုပ်ရေးမှူးစီးလာတဲ့ မာစတာဂျစ်ကားတို့ မျက်နှာချင်းဆိုင်ထိတွေ့မှု ဖြစ်ကြပါတယ်။ ကျွန်တော်က ဆိုင်ကယ်စီးသမားဆိုတော့ အတော်ထိခိုက်သွားပါတယ်။ ဘယ်ဘက်ခြေသလုံး အရိုးမကြီး သွင်သွင်ကျိုးပြီး ဒဏ်ရာရခဲ့ပါတယ်။ ကံကောင်းလို့မသေတာပါ။

တစ်သက်နဲ့တစ်ကိုယ် ဒီလောက်ကြောက်စရာ ကောင်းတဲ့အဖြစ်မျိုး မကြုံဖူးခဲ့ပါဘူး။ ဖြစ်ချင်ရင် ဘာအကြောင်းပြချက်မှမရှိဘူးဆိုတဲ့ စကားအလွန်မှန်ပါတယ်။ မိတ္ထီလာဆေးရုံပေါ်ရောက်ခဲ့ရတဲ့ ဘဝခဏတာဟာ ဝမ်းနည်းခြင်း၊ နာကျင်ခြင်းနဲ့အတူ ကြည်နူးခြင်းများခံစားဖြတ်ကျော်ခဲ့ရပါတယ်။ ဝမ်းနည်းစိတ်မာတ်ကျတာကတော့ ကျွန်တော်တို့သစ်တောသမားများဟာ ခြေထောက်အားကိုးကြရတဲ့သူများဖြစ်တာကြောင့် ခြေအရိုးကျိုးတာဟာ ကြီးမားတဲ့ဆုံးရှုံးမှုပါပဲ။

စိတ်ရောကိုယ်ပါ ပြိုလဲကျဆင်းနေချိန်မှာ ကြည်နူးပီတိဖြစ်ခဲ့ရတာကတော့ ကိုယ်ရှင်သန်ရာ သစ်တောဌာနက ကိုယ်ဒုက္ခရောက်ချိန်မှာ ပစ်မထားကြဘူးဆိုတဲ့ ခံစားချက်လေးပါ။ ဝန်ကြီးဌာန၊ သစ်တောဦးစီးရုံးချုပ်၊ မန္တလေးတိုင်းသစ်တော၊ မိတ္ထီလာခရိုင်နှင့်မြို့နယ်သစ်တောများ၊ သစ်တောနဲ့ပတ်သက်တဲ့မိတ်ဆွေများရဲ့ ဂရုစိုက်အားပေးမှုများအတွက် ကျွန်တော်အထူးဝမ်းသာကြည်နူးခဲ့ရပါတယ်။ ကြည်နူးပီတိအဖြစ်ရဆုံးကတော့ ကိုယ်နဲ့အတန်းတူသူငယ်ချင်းများက ငွေကြေးစုပြီး ဆေးရုံအရောက် လာအားပေးကူညီခဲ့ကြတာပါ။ သေသည့်တိုင် မမေ့နိုင်မဲ့ကျေးဇူးတရားတွေပါ။

အထူးခြားဆုံးက မိတ္ထီလာဆေးရုံပေါ်မှာ နှစ်ပတ်ကြာ ဆေးကုသခံယူနေစဉ် စိတ်မာတ်အကျဆုံးအချိန်မှာ ကျွန်တော့်အတွက် သစ်တောဌာနက ကြီးမားသော ဆုလဒ်တစ်ခုချီးမြှင့်လိုက်ပါတယ်။ အဲ့ဒါကတော့ ကျွန်တော်အလိုချင်ဆုံးဆု၊ အဖြစ်ချင်ဆုံးဆန္ဒဖြစ်တဲ့ လက်ထောက်ညွှန်ကြားရေးမှူး ရာထူးတိုးပေးခဲ့တာပါ။ သူငယ်ချင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေက သတင်းမေးကြ၊ ဂုဏ်ပြုကြတာဟာ ကျွန်တော့်အတွက်တော့ အကောင်းဆုံးသောကုသဆေး ဖြစ်ခဲ့ရပါတယ်။ ဒီလိုသာမချီးမြှင့်ပေးခဲ့ရင်တော့ ကျွန်တော့်ရဲ့ရှေ့ဆက်ရမဲ့ဘဝဟာ အလင်းမရ မဲမှောင်နေတော့မှာပါ။

ဒီအတွက်အားလုံးကို ကျေးဇူးတင်ပါတယ်။

++++++++++++

မိတ္ထီလာအထူးကုဆေးရုံမှဆင်း၊ ရန်ကုန်မြို့ မိသားစုအိမ်မှာ ၂၀၁၁ခုနှစ်၊ တစ်မိုးတွင်းလုံးဆေးခွင့်နဲ့ အရိုးအထူးကုနဲ့ဆေးကုသနေချိန် တစ်နိုင်ငံလုံးသစ်ပင်စိုက်ပွဲ ကျင်းပနေတာတွေကို တီဗွီမှာကြည့်ပြီး ဒီမိုးရာသီကတော့ ကျွန်တော့်လုပ်သက်တစ်လျှောက် သစ်ပင်မစိုက်ခဲ့ရတဲ့ မိုးရာသီဖြစ်ခဲ့ရပါတယ်။

ဒဏ်ရာသက်သာပြီး ရာထူးတိုးနဲ့ နေပြည်တော်၊ သစ်တောဦးစီးရုံးချုပ်၊ ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာနကို အလုပ်အိတ်စလွယ်သိုင်း၊ ချိုင်းဒေါက်နဲ့ရုံးတက်ခဲ့ရတဲ့ ဘဝဟာသိမ်ငယ်ရတဲ့ ဘဝကာလပါပဲ။ အဲ့ဒီအချိန်တုန်းက အဖြစ်ချင်ဆုံးဆန္ဒက လမ်းကောင်းကောင်းပြန်လျှောက်ချင်တာပါပဲ။

ရုံးဆင်းလို့ ဝန်ထမ်းအားလုံးဖယ်ရီကားကွင်းကို သွားကြရင် ကျွန်တော့်ရဲ့ရုပ်ခွန်အားဟာ စိတ်သွားတိုင်းကိုယ်မပါ၊ အတော်ရုန်းကန်လမ်းလျှောက်ခဲ့ရပါတယ်။ မရှိတဲ့အချိန်ကျမှ အရှိတရားရဲ့တန်ဖိုးကို သိရတာပါ။ မနေဖူးတဲ့ ဘဝကာလတစ်ခုကို ချိုင်းဒေါက်တစ်လှည့်၊ တုတ်ကောက်တစ်လှည့်နဲ့ အားတင်းဖြတ်ကျော်ခဲ့ရပါတယ်။ အရိုးဆက်ပြီးစိတ်ချရပြီဆိုမှ ပုံမှန်နေသားတကျပြန်ဖြစ်ရပါတယ်။

ရုံးချုပ်မှာ မသန်မစွမ်းလူပိုတစ်ယောက်လိုဖြစ်နေရာက လူရာဝင်လာပါတယ်။ အမှုစစ်တာ၊ စိုက်ခင်းစစ်တာတွေမှာ ပါဝင်တာဝန်ယူနိုင်ခဲ့ပါတယ်။ ဒီလိုနဲ့ ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့နယ်မှာ ၂၀၁၂-၂၀၁၃ခုနှစ် အထူးကျွန်းစိုက်ခင်းကို ရုံးချုပ်မှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်နေစဉ် ကျွန်တော့်အတွက် ရုံးချုပ်စီမံက ပို့လိုက်တဲ့ အရေးကြီး ကြေး နန်းတစ်စောင်ကို စိုက်ခင်းအပြန်လမ်းမှာ ဖတ်လိုက်ရပါတယ်။

" သံတွဲခရိုင်၊ သစ်တောဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးတာဝန်သို့ ပြောင်းရွှေ့ခန့်ထားကြောင်းနှင့် (၃)ရက်

အတွင်း ပြောင်းရွှေ့ရန်"

ကျွန်တော်ကြေးနန်းစာကိုင်ပြီး ငိုင်နေမိပါတယ်။ အတွေးများစွာနဲ့ထိုင်နေမိပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီညအဆင်ပြေရာကားနဲ့ ရန်ကုန်ပြန်ဖို့ စီစဉ်ရပါတော့တယ်။ ခရိုင်တာဝန်ခံ(District Forest Officer-DFO)ဖြစ်ရတာကို စိတ်ထဲက ကျေနပ်နေသလိုဖြစ်ရပေမယ့် - - - - - - - - - - ရခိုင်ဆိုတော့။

++++++++++

သံတွဲခရိုင်ဆိုတာ ရခိုင်ပြည်နယ်ရဲ့ တောင် ပိုင်းစွန်းမှာ ရှိတဲ့ ခရိုင်တစ်ခုပါ။ ရခိုင်ပြည်နယ်ရှိ ခရိုင်(၄)ခရိုင်အနက် သံတွဲခရိုင်ဟာ ရခိုင်ရိုးမတောကောင်းများစွာ တည်ရှိပြီး အမြဲစိမ်းသစ်တော၊ ကရင်ဝါးတောတွေပြည့်နေတဲ့ သစ်တောစီးပွားဖွံ့ဖြိုးပြီး သစ်ထုတ်လုပ်ရေးမှ ကညင်၊ ကညောင်း၊ တောင်သရက်၊ လုံးတန်သောင်းနဲ့ချိုပြီးထုတ်တဲ့ခရိုင်ပါ။

သံတွဲခရိုင်အောက်ရှိ သံတွဲမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ ဂွမြို့နယ်ဆိုပြီး သုံးမြို့နယ်တစ်ခရိုင် ဖွဲ့စည်းထားပါတယ်။ ကျွန်တော်ရောက်ကာစက လမ်းပန်းဆက်သွယ်ရေးမကောင်းသေးပါဘူး။ သံတွဲမြို့မှ တောင်ကုတ်မြို့သို့ ၄၄မိုင်ကားလမ်းက အသင့်အတင့်ကောင်းပေမဲ့၊ သံတွဲမြို့မှဂွမြို့သို့ ၈၂မိုင် ကားလမ်းကတော့ လမ်းလည်းမကောင်း၊ တံတားတွေကလည်း အိုဆွေး၊ သစ်သားတံတားတွေဆိုတော့ ပြုပြင် တည်ဆောက်ဆဲကာလမို့ ကားငယ်တောင် မနည်းသွားနေရပါတယ်။ ဂွဘက်က ရန်ကုန်အဆင်းနည်းပြီး တောင်ကုတ်-ပြည်-ရန်ကုန်အတိုင်း ကားကြီးကားကောင်းတွေ သွားနေရပါတယ်။

သံတွဲမြို့မှ ဂွမြို့သို့ ခရီးသည်နဲ့ကုန်တွဲတင်တဲ့ ဒေဝူးကားကြီးတွေပဲ ရန်ကုန်ဆင်းကြတာပါ။

ရခိုင်ပြည်နယ်ဟာ လမ်းပန်းဆက်သွယ်ရေးမကောင်းခဲ့လို့ သစ်တောသယံဇာတ ဒီလောက်ကျန်ပြီး သစ်တောကောင်းနေတာဖြစ်ပါတယ်။ သစ်တောတွေ မပြုန်း တီးရတဲ့အဓိကအချက်က ပြည်နယ်တွင်းက မီးသွေးထုတ်လုပ် ရောင်းဝယ်ခွင့်ကို ပြည်နယ်ကျော် သယ်ယူခွင့်မပြုတာလည်း တောတွေထိန်းပြီးသားဖြစ်လို့နေတဲ့ အကြောင်းရင်းဖြစ်ပါတယ်။ တောပျက်တာ၊ တောအဆင့်အတန်းကျတာက သစ်ထုတ်တာထက် ထင်း၊ မီးသွေးအလွန်အကျွံထုတ်တာ အဓိကပါ။

မြန်မာ့သစ်လုပ်ငန်းကလည်း နှစ်စဉ်သစ်ထုတ်လုပ်မှုတိုးတက်လာပါတယ်။ ခွင့်ပြုထားတာထက်ပိုထုတ်တော့ တောအဆင့်အတန်းကျဆင်းလို့နေပါပြီ။ အချို့ကြိုးဝိုင်းတွေဆို သစ်ထုတ်မရတော့လို့ အနားပေးထားရပါတယ်။

ကျွန်တော် ပထမဦးဆုံးတာဝန်ယူရတဲ့ ခရိုင်က သစ်တောလုပ်ငန်းများတာရယ်၊ သစ်ထုတ်လုပ်မှုကောင်းပြီး ရခိုင်က တခြားခရိုင်တွေမှာမရှိတဲ့ မြန်မာ့သစ်လုပ်ငန်း သစ်စက်ကြီး(၃)စက်ရှိတာကြောင့် တာဝန်ကြီးတဲ့ခရိုင်တစ်ခု ဖြစ်ပါတယ်။ သစ်တောကောင်းသေးတာရယ်၊ ဝေးပေမဲ့ သစ်ထွက်သေးတာကြောင့် တရားမဝင်သစ်ခိုးထုတ်မှုကလည်း သုံးမြို့နယ်စလုံးမှာရှိနေပါတယ်။ သစ်သူခိုးဖမ်းတဲ့အလုပ်က နေ့ည အတော်စိတ်ရှုပ်ထွေးရပြီး အမြဲလည်းစိတ်ပူနေရတာပါ။

ကိုယ်သင်ကြားထားတဲ့ သစ်တောပညာ၊နှစ်သုံးဆယ်ကျော်ရရှိထားတဲ့ အတွေ့အကြုံတွေနဲ့ ပေါင်းစပ်ပြီးခရိုင်တစ်ခုရဲ့တာဝန်ကိုအဆင်ပြေ အောင်မြင်အောင်ကိုယ့်လက်အောက်ဝန်ထမ်းများကို တောခေါင်းအဆင့်ထိ စည်းရုံး၊ ပညာပေး၊ သတိပေးစနစ်နဲ့ အုပ်ချုပ်နေရပါတယ်။

ကိုယ့်ရဲ့မြို့နယ်ဦးစီးအရာရှိများ၊ တောအုပ်ကြီးများက၊ သစ္စာရှိရှိ မာမာချာချာ အုပ်ချုပ်တတ်ရင်တော့ ခရိုင်မှူး ရင်အေးရပေမဲ့။ သူခိုးနဲ့ပေါင်းစားရိုးကမ်းတဲ့ ဝန်ထမ်းတွေ၊ စီမံအုပ်ချုပ်မှုပျော့ညံ့တဲ့ မြို့နယ်အရာရှိ တောအုပ်ကြီးများနဲ့ ကြုံဆုံရပြီဆိုရင်တော့ ခရိုင်မှူးရဲ့ဘဝဟာ နေ့နေ့ညည စိတ်မချရအောင် ပူလောင်လှပါတယ်။

အမျိုးမျိုးသောစိန်ခေါ်မှုများကို ကျော်ဖြတ်ရင်း ခရိုင်မှူးသက်တမ်း စလကျော်လာမှ ခရိုင်ရဲ့အထာကို သဘောပေါက်ရပါတယ်။ တကယ် ကိုယ်ရောစိတ်ပါ ပင်ပမ်းရတဲ့ နေ့ရက်များပါပဲ ။

+++++++++

တောင်ကုတ်ဦးစီးနဲ့ ချိန်းထားသောနေ့ရက်သို့ ရောက်လာပါပြီ။

သံတွဲကနေ မနက်၆နာရီကားနဲ့ စထွက်ခဲ့တာ တောင်ကုတ်မြို့သို့နံနက် ၇း၃၀နာရီရောက်ပါတယ်။

တောင်ကုတ်ဦးစီး အစ်ကိုဦးခင်မောင်ညွန့် စီစဉ်ထားတဲ့ကားနဲ့ တောင်ကုတ်-မအီ-ကျောက်ဖြူကားလမ်းအတိုင်း ဆက်ထွက်ခဲ့ကြပါတယ်။

ကားလမ်းက ကောင်းလိုက်၊ ဆိုးလိုက်နဲ့ မအီလမ်းခွဲကို ရောက်ကြပါတယ်။ အဲဒီကနေ ကျောက်ဖြူသွား ကားလမ်းအတိုင်း ဆက်သွားကြတာ ကားလမ်းက အသစ်ခင်းထားလို့ ခရီးအတော်ရောက်ကြပါတယ်။

မကြာလိုက်ပါဘူး။ ကျွန်တော်အလွန်ရောက်ဖူးချင်နေတဲ့ "ဝမ်ဗိုက်ဒီရေတောကြိုးဝိုင်းကြီး"ကို ရောက်ပါပြီ။ ကားလမ်းမကြီးကလည်း ဒီရေတောကို ဖြတ်၍ဖို့ ဖောက်ထားတာမို့ ကားလမ်းဘေးဝဲယာ ဒီရေတောများ၊ ချောင်းများ၊ သဘာဝအလှရှုခင်းများကို ငေးကြည့်ရင်း ဒီလိုတောကောင်းတဲ့ဒီရေတောမျိုးရှိနေတာကိုအလွန်ဂုဏ်ယူနေမိပါတယ်။

နေပြည်တော်၊ သစ်တောဦးစီးရုံးချုပ်၊ ရေဝေရေလဲဒေသ အုပ်ချုပ်ရေးဌာနမှာ တာဝန်ကျစဉ်က "ဝမ်ဗိုက် ဒီရေတောကြိုးဝိုင်း"ကို စာရွက်ပေါ်မှာပဲရင်းနှီးခဲ့ရတာပါ။ အခုတော့ ကိုယ်တွေ့ရောက်ရပါပြီ။

သာစွဌာနီ ရခိုင်ပြည်နယ်မှာ ဒီရေတောတွေ အတော်ကောင်းနေပါသေးတယ်။ "သစ် မထုတ်၊ ထင်းမခုတ်၊

မီးသွေးမဖုတ်ရင် သစ်တောဆိုတာ သူ့သဘာဝအတိုင်းကို ရှင်သန်ကြီးထွားပြီး အလွန်တန်ဖိုးကြီးစွာ တည်ရှိတတ်တဲ့ အရာမျိုးပါ" လူတွေက ထင်း၊ မီးသွေးထုတ်တာ အလွန်အကျွံအသုံးချကြလို့ ဇရာဝတီတိုင်းက ဒီရေတောကြီးများဟာ "ဘိုကလေးမီးသွေး" နဲ့ တင် ဆယ်နှစ်၊ အနှစ်နှစ်ဆယ်အကြာမှာ ပျောက်ကွယ်ခဲ့ကြပါတယ်။ လယ်တိုးချဲ့တာ ပုစွန်ကန်တူးတာတွေက ဒီရေတောတွေ ပျောက်ပြီး ဖြစ်လာတဲ့ နောက်ဆက်တွဲဒုက္ခတွေပါ။

> **"ဒီရေတောပြတိုက်လိုမျိုး ဖွင့်ချင်ပါတယ်။ ဒီထက်ပိုတတ်နိုင်ရင် ဒီရေတောအတတ်ပညာသင်ကျောင်းကြီး ဖွင့်လိုက်ရ ဘယ်လောက်ကောင်းမလဲ"**

ရခိုင်ပြည်နယ်ကတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေသေးတာကိုက တောတောင်မပျက်စီးပဲ ကောင်းစေသလိုဖြစ်နေတာပါ။

ရခိုင်ပြည်နယ်မှာ ၂၀၁၃ခုနှစ် စာရင်းများအရ ဒီရေတောဧကပေါင်း (၂,၅၄၁၂၄)ဧကရှိပါတယ်။ ၁၉၈၀ ခုနှစ် စာရင်းအရ (၄,၁၄၄၇၀)ဧက ကနေ၊ ဧကတစ်သိန်းကျော် သစ်တောများ ပြုန်းတီးကျဆင်းခဲ့ရတာပါ။ ၁၉၈၀ ခုနှစ်တုန်းက မြန်မာတစ်နိုင်ငံလုံးရဲ့ ဒီရေတောဧကပေါင်း (၁၇,၄၁၀၆၀)ဧကရှိရာကနေ ၂၀၁၃ခုနှစ် စာရင်းအရ (၇၃၈၅၇၅)ဧကပဲ ကျန်ပါတော့တယ်။ စိုးရိမ်စရာကောင်းတဲ့ တောပြုန်းတီးမှုပါ။

ရခိုင်ပြည်နယ်မှာ ဒီရေတောကြိုးဝိုင်း(၂)ခုရှိပါတယ်။ စုစုပေါင်းကြိုးဝိုင်း ဒီရေတောဧက (၆၇၆၆၀)ဧကရှိပါတယ်။ အခုကျွန်တော်ရောက်နေတဲ့ "ဝမ်ဗိုက်ဒီရေတောကြိုးဝိုင်း" ကြီးဟာ ကျောက်ဖြူခရိုင်၊ ရမ်းဗြဲမြို့နယ်မှာ တည်ရှိပြီး၊ အကျယ်အဝန်းဧကပေါင်း (၅၆၆၀၀)ဧက ကျယ်ဝန်းပါတယ်။ ဒီရေတောသစ်မျိုးပေါင်း(၃၆)မျိုးအပြင် အခြားသော တွဲဖက်ပေါက်သစ်မျိုးများလည်း ရှိကြောင်းသိရှိရပါတယ်။ ဒီလောက်ကြီးကျယ်တဲ့ ဒီရေတောကြိုးဝိုင်းကြီးကို ကျွန်တော်တအံ့တသြငေးကြည့်နေမိပါတယ်။ ငါတော့ ရောက်ဖူးပြီဆိုတဲ့အသိဟာ အလွန်ကျေနပ်စရာကောင်းပါတယ်။

ကျွန်တော့်သစ်တောလုပ်သက်တစ်လျှောက် ဒီရေတောနဲ့အလွန်စိမ်းခဲ့စေပါတယ်။ အတွေ့အကြုံ လုံးဝမရှိခဲ့ပါဘူး။ ရခိုင်ရောက်တုန်း ဒီရေတောနဲ့ပတ်သက်သမျှ ကျွန်တော် အငမ်းမရလေ့လာနေပါတယ်။

အခုလည်း ရမ်းဗြဲမြို့နယ်ရဲ့ ၂၀၁၃-၂၀၁၄ခုနှစ် ဒီရေတော၊ ထင်းစိုက်ခင်းဧက(၂၀၀)ရဲ့ ရှင်သန်မှုကို ဝမ်ဗိုက်ကြိုးဝိုင်းထဲမှာ ကွင်းဆင်းစစ်ဆေးရမှာဆိုတော့ ကျွန်တော့်အတွက်တော့ အတွေ့အကြုံအသစ်တစ်ခုပါ။ အစ်ကိုဦးခင်မောင်ညွှန့်ကတော့ ရခိုင်မှာအနေများလို့ ဒီရေတောသစ်တောအကြောင်း ကျွန်တော့်ထက်ပိုသိပါတယ်။

"ရောက်ပြီ"

အစ်ကိုရဲ့ပြောသံကြားမှ ဝမ်ဗိုက်တံတားအနီးက သစ်တောစခန်းလေးကိုတွေ့လိုက်ရပါတယ်။ ရမ်းဗြဲမြို့နယ် ဦးစီးမှူး စိုက်ခင်းတာဝန်ခံ တောအုပ်နဲ့အဖွဲ့များ ကြိုဆိုနေကြပါတယ်။ သစ်တောစခန်းလေးက ပျဉ်ထောင်အိမ်လေးပါ။ယခင်က ဝမ်ဗိုက်တံတား တည်ဆောက်ရေးတုန်းက ဆောက်လုပ်ရေးအဖွဲ့တွေ စခန်းချနေခဲ့တဲ့အိမ်ကို သစ်တောက အကူအညီတောင်းပြီးစခန်းချနေကြတာပါ။

စခန်းက ဆိုလာလျှပ်စစ်ဓာတ်အားနဲ့ မီးအလင်းရောင်ရအောင်လုပ်ထားပါတယ်။ မဆိုးပါဘူး။ နေလို့ အဆင်ပြေမယ့်ပုံရှိပါတယ်။ စခန်းမှာ ဝမ်ဗိုက်ဒီရေတောကို တာကွယ်ထိန်းသိမ်းတဲ့ သစ်တောအဖွဲ့တွေ နှစ်ဆယ့် လေးနာရီနေထိုင်ကြတာပါ။

မြို့နယ်ဦးစီးမှူးကတော့ ရမ်းဗြဲမှာရုံးထိုင်ပါတယ်။ ဝန်ထမ်းတွေကို ကြည့်ရတာပျော်နေပုံမရပေမဲ့၊ တာဝန်ကျေအောင် ဆောင်ရွက်နေတာကို အကဲခတ်မိပါတယ်။ စခန်းမှာ ခဏနားပြီး ဒီရေတောအတွင်းကင်းလှည့်တဲ့ ပဲ့ထောင်စက်လှေပေါ် တက်ခဲ့ကြပါတယ်။ ဝမ်ဗိုက်ချောင်းအတိုင်း သွားကြတာ။ ဒီရေတောတွေကိုကြည့်ပြီး သိချင်တာတွေမေးရင်းနဲ့ ၂၀၁၃-၂၀၁၄ဒီရေတောစိုက်ခင်းဧက(၁၀၀)ကို ရောက်ကြပါတယ်။

လှေပေါ်ကနေ စိုက်ခင်းထဲဆင်းလျှောက်တော့မှ ဒီစိုက်ခင်းမျိုးကို ဘယ်လိုခက်ခက်ခဲခဲ စိုက်ပျိုးခဲ့ကြတယ် ဆိုတာကို ကိုယ်တွေ့သဘောပေါက်ရပါတယ်။ ခြေတစ်လှမ်း တစ်လှမ်းလျှောက်ဖို့ နွံထဲရုန်းနေရတာကိုကအတော်မလွယ်ပါဘူး။ ရွှံ့နွံထဲက ညောင့်စူးမှာလည်း တွေးပူနေရသေးတယ်။

ဖြူခြေထောက်စိုက်ခင်းလေးက စိုက်ပျိုးပင်လေးတွေ ညီညီညာညာလေး ရှင်သန်နေတာတွေ့ရလို့ စိုက်ခင်းဝန်ထမ်းတွေကို ချီးကျူးမိပါတယ်။ သူတို့ရဲ့ စိုက်ခင်းလုပ်ရာမှာ အဓိကတွေ့ကြုံရတဲ့အခက်အခဲများကို မေးကြည့်တော့ တစ်နှစ်စိုက်ခင်း လျာထားချက် ဧက (၂၀၀)မြေနေရာ ရရှိအောင် ရှာရတာ အတော်ခက်ခဲနေကြောင်း၊ လယ်/ပုစွန်ဂါလီအပျက်တွေရှာပြီး စိုက်ခင်းလုပ်ရကြောင်း၊ စိုက်ပျိုးရမခက် ရှင်သန်ဖို့လွယ်ပေမဲ့ တစ်နှစ်တစ်နှစ်မြေဧက (၂၀၀)ရရှိရေး အတော်ခက်ခဲနေ၍ ဧကလျှော့စိုက်ချင်ကြောင်း သိခဲ့ရပါတယ်။

ကျေးရွာသုံးထင်းစိုက်ခင်းမျိုးဟာ တောခုတ်တောရှင်း စိုက်လို့မရ၊ ဒီဝမ်ဗိုက်ဒီရေတောကြိုးဝိုင်းထဲမှာ တောနိမ့်တောပျက်ကို ခုတ်ရှင်းစိုက်ဖို့ မလွယ်ကြောင်း သိခဲ့ရပါတယ်။

သူတို့တင်ပြတဲ့ အခြားအခက်အခဲတွေက ဒီကြိုး

ဝိုင်းကြီးကိုထိထိရောက်ရောက်ထိန်းသိမ်းနိုင်ဖို့ ဝန်ထမ်း အင်အား၊ ကင်းလှည့်ဖို့စက်လှေကောင်းကောင်း၊ စက်သုံးဆီ၊ စခန်းကောင်းကောင်းနဲ့ နေထိုင်စားသောက်စရိတ် ဒါတွေ မပြည့်စုံပဲ ထင်းခိုးတဲ့စက်လှေကြီးများကို တားဆီးဖို့လွယ်မှာ မဟုတ်ကြောင်းသိခဲ့ရပါတယ်။ တစ်ချို့တစ်ချို့တွေရဲ့ မရှိတာထက် မသိလို့ ဆုံးရှုံးနေတာကို ကျွန်တော်ရင်နာနေမိပါတယ်။

ဒီလို ကြီးမားကျယ်ပြောလှတဲ့ ဒီရေတောတွေကို ချို့ချို့ငဲ့ငဲ့နေထိုင်ပြီး ထိန်းသိမ်းနေရရှာတဲ့ ဝန်ထမ်းတွေအတွက် စိတ်မကောင်းဖြစ်မိပါတယ်။

စိုက်ခင်းနှစ်ခင်းစစ်ဆေးပြီး အပြန်လမ်းမှာ တစ်နေရာအရောက် လင်းပိုင်တွေပျော်မြူးနေတာ အမှတ်တရတွေ့ခဲ့ရပါသေးတယ်။ ဒီရေတောသစ်ပင်သာမက ဇီဝသက်ရှိမျိုးစုံရှင်သန်ရာ ဒီတောကြီးကို အလွန်ဂုဏ်ယူတန်ဖိုးထားမိပါတယ်။

သစ်တောစခန်းတဲကို နေ့လယ် ၂နာရီလောက် ပြန်ရောက်တော့ဝန်ထမ်းတွေ ချက်ထားတဲ့ နေ့လယ်စာ ထမင်းကို စားရာမှာတော့ မောတာထက် စိတ်မကောင်းဖြစ်လို့စားရတာမချို- မြိုလို့မကျခဲ့ပါဘူး။

တကယ်တော့ ဒါလောက်တန်ဖိုးကြီးလှတဲ့ ဝမ်ပိုက်ဒီရေတောကြီးဝိုင်းကြီးကို အခြေချပင်မစခန်းကြီးတွေ၊ ကားတွေ၊ စက်အားကောင်းတဲ့စက်လှေတွေ၊ ဆီဂိုဒေါင်၊ ရေမီးအစုံနဲ့ကင်းစခန်းတွေ၊ ဝန်ထမ်းဖွဲ့စည်းပုံ ကောင်းကောင်းနဲ့ စနစ်တကျထိန်းသိမ်းချင်မိပါတယ်။ တတ်နိုင်ရင် ဒီရေတောပြတိုက်လိုမျိုးဖွင့်ချင်ပါတယ်။ ဒီထက်ပိုတတ်နိုင်ရင် ဒီရေတောပညာအတတ်သင်ကျောင်းကြီးဖွင့်လိုက်ရ ဘယ်လောက်ကောင်းမလဲလို့ စိတ်ကူးယဉ်မိပါတယ်။

ညနေ ၄နာရီမှာတော့ မြို့နယ်မှူးနဲ့ ဝန်ထမ်းအားလုံးကို ကျေးဇူးတင်လက်ဆွဲနှုတ်ဆက်အားပေးပြီး တောင်ကုတ်မြို့သို့ ပြန်ထွက်ခဲ့ကြပါတယ်။ စိတ်ကတော့ ဒီဝမ်ပိုက်ဒီရေတောကြီးထဲမှာ ကျန်ခဲ့ရပါပြီ။ သစ်တောဦးစီးဌာန က ယခုအသစ်ဖွင့်ထားတဲ့ ဒီရေတောဌာနကြီးသာ ပီပီပြင်ပြင်နဲ့အင်အားကောင်းကောင်း ဖြစ်တည်ပေါ်ထွန်းနိုင်ပါစေလို့ ကျွန်တော်ဆုတောင်းနေမိပါတော့တယ်။




# သစ်တောအာဇာနည်

သင် . . သစ်တောသစ်ပင်
ချစ်ခင်တယ်ဆို
ဘယ်လိုမြတ်နိုး
ပင်စိုက်ပျိုးလို့
ကိုယ်ကျိုးတို့စွန့်
ရဲရဲဝံ့ဝံ့
သက်စွန့်ကြိုးပမ်း
ထမ်းရွက်ခဲ့ပြီလဲ ။

သင် . . သစ်တောသစ်ပင်
ချစ်ခင်တယ်ဆို
နဂိုတောတွေ
တိုးပွားစေဖို့
သက်ပေးလို့သာ
ကာကွယ်စောင့်ရှောက်
မကြောက်ရွံ့တမ်း
ကြိုးပမ်းဆောင်ရွက်ခဲ့ပြီလဲ။

သင် . .သစ်တောသစ်ပင်
ချစ်ခင်တယ်ဆို
ခုလိုရွယ်ထိ
သင်၏ဝန်းကျင်
သစ်ပင်ရှင်အောင်
စွမ်းဆောင်စိုက်ပျိုး
ဘယ်နှစ်မိုးထိ
မြတ်နိုးကြည့်ရှု
လူမှုတာဝန်ကျေပွန်ခဲ့ပြီလဲ။

ဪသူတို့
ကိုယ့်သက်မခင်
သစ်ပင်ကိုချစ်
ချစ်သားမယား
စွန့်ခွာသွားခဲ့၊
ဘိုးဘွားရဲ့တော
ချစ်သောသူသည်
ရွှေမြန်ပြည်မှာ
ရှိနေပါသေး
လင်းဓေးမြေမှ
ကြွေခဲ့ကြသည့်
တို့ရဲ့သစ်တော
ချစ်သောအာဇာနည်
ကမ္ဘာရှည်တည်မော်ကွန်းမည်။

မှ၁– ချစ်သန်းထွန်း
(မြန်အောင်သစ်တော)

# ဝင်ငွေအခွင့်အလမ်းကောင်းများရရှိနေသည့် ရှီးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင် လျှော်ဖြူ(၁) ဆေးကုလားမပင်စိုက်ခင်းဆီသို့ ခရီးတစ်ခေါက်

ခင်မောင်မြင့် (တိုးချဲ့)





နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူဖြစ်စေရန်၊ သဘာဝဝန်းကျင်တည်ငြိမ်မှုနှင့် ဂေဟစနစ်မျှတမှုကို ပြန်လည်ရရှိစေရန်၊ ဒေသခံပြည်သူလူထု၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ဖြေရှင်းရာ၌ အထောက်အပံ့ဖြစ်စေရန်အတွက် ပြည်သူလူထု၏ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် သစ်တောမရှိသောနေရာများတွင် သစ်တောတည်ထောင်ရန်နှင့် သစ်တောများပျက်စီးပြုန်းတီးသွားသောနေရာများတွင် သစ်တောများပြန်လည်ပြုစုပျိုးထောင်ရန် အလျင်အမြန်လိုအပ်နေပြီဖြစ်ပါသည်။

ကျေးလက်နေပြည်သူများပါဝင်ပြီး ၎င်းတို့နေထိုင်ရာဒေသနှင့် ဆက်စပ်လျက်ရှိသော သစ်တောများအားထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်း၊ ထာဝစဉ်တည်တံ့အောင်စီမံအုပ်ချုပ်ခြင်းနှင့် ၎င်းသစ်တောများမှထွက်ရှိသော သစ်တောထွက်ပစ္စည်းများကို တိုက်ရိုက်အသုံးပြုခြင်းဖြင့် ရရှိသောအကျိုးကျေးဇူးများကို ရရှိခံစားရမည်ဖြစ်ပါသည်။ ဒေသခံပြည်သူအဖွဲ့များအား သစ်တောများကို စီးပွားဖြစ်အသုံးပြုခွင့်ပေးလိုက်ပါက ကျေးလက်နေပြည်သူများ၏ ဝင်ငွေများတိုးတက်လာနိုင်ပြီး ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်သည့်အပြင် ၎င်းတို့၏လယ်ယာများနှင့် ဆက်စပ်လျက်ရှိသော သစ်တောများနှင့် သယံဇာတများကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး သစ်တောအသုံးချခွင့်များကိုလည်း ရရှိစေမည်ဖြစ်ပါသည်။ ဒေသခံပြည်သူများအတွက် တစ်နိုင်တစ်ပိုင်အဆင့်မှ စီးပွားဖြစ်အဆင့်အထိ အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ပါသည်။

သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(မူဝါဒ/စီမံကိန်း) ဦးဆောင်သည့် စာရေးသူတို့ ဦးစီးရုံးချုပ်၊ CF Unit အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ(၂၉)ရက်နေ့၌ မန္တလေးတိုင်း၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် အရှေ့ခြမ်း၊ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်နှင့် ဆက်စပ်လျက်ရှိသည့် ရှမ်းရိုးမတောင်ခြေရှိ တောင်ကြီးကုန်းကြိုးဝိုင်းအကွက်အမှတ်(၁၇၊၁၈၊၁၉)တွင် ရှီးစုံကျေးရွာမှ ဦးအုန်းညွန့်၊ ဥက္ကဋ္ဌတာဝန်ယူ၍ အဖွဲ့ဝင်(၈၄)ဦးဖြင့် တည်ထောင်စိုက်ပျိုးထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင်(လျှော်ဖြူ)သစ်တောစိုက်ခင်းသို့ လေ့လာရေးခရီးတစ်ခေါက်သွားရောက်ခဲ့ပါသည်။ ၎င်းနေ့တွင် ဦးစီးရုံးချုပ်၊ လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာနမှ ညွှန်ကြားရေးမှူး ဦးဆောင်သည့် CFDTC ပုသိမ်ကြီးမြို့မှ ပူးပေါင်းပါဝင်မှုရှိသော တိုးချဲ့ပညာပေးရေးနည်းစနစ်သင်တန်း(Participatory Extension System Training Course)အပတ်စဉ် (၂၈) သင်တန်းသားတောအုပ်ကြီး(၂၀)ဦးလည်း လေ့လာရန်ရောက်ရှိလာပါသည်။

ရှီးစုံဒေသခံပြည်သူ အစုအဖွဲ့ပိုင်(လျှော်ဖြူ)စိုက်ခင်း(၅၅၀)ဧကကို ၂၀၀၄ ခုနှစ်တွင် သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် စတင်စိုက်ပျိုး တည်ထောင်ခဲ့ပါသည်။ ဝမ်းတွင်းမြို့နယ် ရှီးစုံဒေသသည် မြန်မာနိုင်ငံအပူပိုင်းမိုးနည်းရပ်ဝန်းဒေသတွင် တည်ရှိပြီး ဝမ်းတွင်းမြို့မှ ရွာသို့သွားရာလမ်း တစ်လျှောက်တွင် ထနောင်း၊ တမာစသည့် အပူပိုင်းသစ်မျိုးများနှင့် လမ်းဘေးဝဲ/ယာမှ ယာခင်း၊ လယ်ကွင်းများ မြင်တွေ့ရပြီး ကျေးရွာသူ/ရွာသားများ အနေဖြင့် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူများဖြစ်ကြပါသည်။ ယခင်က ရှီးစုံရွာရှိဒေသခံပြည်သူများမှာ ပဲတီစိမ်း၊ မတ်ပဲ၊ နှမ်းစသည့် သီးနှံများစိုက်ပျိုး၍အသက်မွေးဝမ်းကျောင်းပြုပြီး အချို့လုပ်ကိုင်စားသောက်ရန် မြေမရှိသူများမှာ ရွာအနီးရှိ ရှမ်းရိုးမ တောင်ပေါ်တောကို မှီခို၍ သစ်ခုတ်၊ ထင်းခုတ်၊ မီးသွေးဖုတ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြရပါသည်။ ထို့အပြင် လွန်ခဲ့သောနှစ်ပေါင်း(၄၀)ကျော်ခန့်ကပင် ၎င်းဒေသရှိ သဘာဝတောများတွင် သဘာဝအလျောက် ပေါက်ရောက်လျက်ရှိသော လျှော်ဖြူပင်များမှ အစေးများ ထုတ်ယူရောင်းချနေခြင်းများရှိခဲ့ပါသည်။ လျှော်ဖြူပင်များမှ အစေးထုတ်ယူရောင်းချသူများမှာ အပိုဝင်ငွေများ ရ

ရှိပြီး စီးပွားရေးအထိုက်အလျောက် ပြေလည်ကြောင်း CF ဥက္ကဋ္ဌဖြစ်သူ ဦးအုန်းညွန့် ပြောပြချက်များအရ သိရှိခဲ့ရပါသည်။

CFဥက္ကဋ္ဌဖြစ်သူ ဦးအုန်းညွန့်သည် သဘာဝပေါက်ရောက်လျက်ရှိသော လျှော်ဖြူပင်များမှ အစေးထုတ်ယူပြီး ဝင်ငွေရရှိနေမှုကို အခွင့်ကောင်းယူ၍ ထိုအချိန်က ဝမ်းတွင်းမြို့နယ်၊ သစ်တောဦးစီးဌာန၌ တောအုပ်အဖြစ် တာဝန်ထမ်းဆောင်နေသော ဦးကောင်းညွန့်နှင့် ဆက်သွယ်မိရာမှ လျှော်ဖြူပင်များ စိုက်ပျိုးလိုကြောင်းနှင့် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း တည်ထောင်လိုကြောင်းတင်ပြခဲ့ရာ အသုံးပြုသူအဖွဲ့များဖွဲ့စည်းပြီး ၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်စိုက်ပျိုးခဲ့ပါသည်။ CF တည်ထောင်စိုက်ပျိုးချိန်တွင် မျိုးစေ့များကို တောင်ခြေရှိသဘာဝ အတိုင်း ပေါက်ရောက်နေသော လျှော်ဖြူပင်များမှ စုဆောင်းကာပျိုးထောင် စိုက်ပျိုးခဲ့ရပြီး အသုံးပြုသူများအဖွဲ့ ကျေးရွာသားများအနေဖြင့် စိုက်ပျိုးရန် ယုံကြည်မှုအားနည်းခြင်း၊ ကုန်ကျစရိတ်များ ရှိခြင်း၊ အတွေ့အကြုံဗဟုသုတ နည်းပါးခြင်း၊ မိရိုးဖလာစိုက်ပျိုးခဲ့သည့် ယာသီးနှံများကိုသာ ဆက်လက်စိုက်ပျိုး လိုကြခြင်းတို့ကြောင့် စတင်တည်ထောင်ချိန်တွင် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်းသိရှိရပါသည်။ CF ဥက္ကဋ္ဌ ဦးအုန်းညွန့်မှ အသုံးပြုသူများအဖွဲ့ ဒေသခံပြည်သူများအား ပြန်လည် စည်းရုံး၍ ၂၀၀၅ ခုနှစ်တွင် အဖွဲ့ဝင် တစ်ဦးချင်းအလိုက် လုပ်ဆောင်နိုင်မည့် အလုပ်ပမာဏပေါ် မူတည်ပြီး တစ်ဦးလျှင် ပျမ်းမျှ(၅)ဧကခန့် စိုက်ပျိုးမြေဧက ခွဲဝေလုပ်ကိုင်လာခဲ့ကြရာ ယခုအချိန်တွင် စိုက်ပျိုးထားသည့် လျှော်ဖြူပင်များမှ လျှော်ဖြူစေးများအား စုဆောင်း၍ အကျိုးအမြတ်များရရှိခံစားနေကြရပြီဖြစ်ပါသည်။

လျှော်ဖြူပင်(ခ)ဆေး ကုလားမပင်၏ ရုက္ခဗေဒအမည်မှာ (Sterculia versicolor wall)၊ ဖြစ်ပြီး မျိုးရင်းမှာ *sterculiaaceae* ဖြစ်ပါသည်။ လျှော်ဖြူပင်အား ရေစီးရေလာ ကောင်းမွန်၍ သဲနုန်းဆန်သောမြေနှင့်ဆင်ခြေလျှောနေရာများတွင် ရွေးချယ်စိုက်ပျိုးသင့်ပြီး ရေဝပ်သည့်မြေနေရာများတွင် အောင်မြင်ဖြစ်ထွန်းမှု မရှိကြောင်း သိရှိရပါသည်။ လျှော်ဖြူပင်သည် ကမ္ဘာ့အပူပိုင်းဒေသတွင် ပေါက်ရောက်ပြီး အိန္ဒိယနိုင်ငံ တောင်ပိုင်း၊ အနောက်ပိုင်းနှင့် မြန်မာနိုင်ငံတို့တွင် အဓိကမူရင်းဒေသအဖြစ် ပေါက်ရောက်ကြောင်း တွေ့ရှိရပါသည်။ များသောအားဖြင့် အပူပိုင်းဒေသများတွင် ကောင်းမွန်စွာပေါက်ရောက်ကြောင်းသိရှိရပါသည်။ လျှော်ဖြူပင်သည် စိုက်ပျိုးပြီး အပင်သက်တမ်း (၃)နှစ်ပြည့်ချိန်တွင် တစ်ရက်လျှင် အပင်တစ် ပင်၏ လျှော်ဖြူစေးထွက်နှုန်းမှာ တစ်ကျပ်သားမှ သုံးကျပ်သားခန့်ထွက်ရှိပြီး နှစ်စဉ် (၇)လပိုင်းမှ (၁၂)လပိုင်းအထိ ပုံမှန်ထုတ်ယူနိုင်မည်ဖြစ်ပါသည်။ ရေပေးစိုက်ပျိုးနိုင်ပါက တစ်နှစ်ပတ်လုံး ထွက်ရှိနိုင်မည်ဖြစ်ပြီး သက်တမ်းကြာမြင့်လာပါက အစေးပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း သိရှိရပါသည်။ (၃)နှစ်သားအရွယ်အပင်(၃၀၀)ကို အစေးထုတ်ယူရာတွင် ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာလများ၌ တစ်ရက်လျှင် ၃ ပိဿာခွဲခန့် ရောင်းရငွေ (၁၅၀၀၀)ကျပ်ခန့်ရရှိကြောင်း သိရှိရပါသည်။ ထွက်ရှိသည့် လျှော်ဖြူစေး အခြေအနေပေါ် မူတည်၍ ၁ ပိဿာလျှင် ၁၀၀၀၀ ကျပ်မှ ၁၅၀၀၀ ကျပ်အထိ ရရှိသည်ကို သိရှိရပါသည်။ CF ဥက္ကဋ္ဌ စိုက်ပျိုးထားသည့် လျှော်ဖြူပင်(၃၀၀)ခန့်မှ အစေးထုတ်ယူလျက်ရှိရာ တစ်ရက်လျှင် လျှော်ဖြူစေး (၄)ပိဿာခန့်ထွက်ရှိရာ တစ်နေ့ဝင်ငွေမှာ (၄၀၀၀၀)ကျပ်ခန့် ရရှိနေပြီဖြစ်ပါသည်။

လျှော်ဖြူစေးအသုံးဝင်ပုံမှာ မော်တော်ကားမှန်များပြုလုပ်သည့် Glass fiber အတွက်အသုံးပြုခြင်း၊ လျှော်ဖြူအစေးကို ဆေးကုလားမအဖြစ် ဆေးဝါးအဖြစ် အသုံးပြုခြင်း၊ အစေးမှုန့်ကို ချည်ထည်လုပ်ငန်း၊ အလှကုန်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ စက်မှုကုန်ကြမ်းလုပ်ငန်းများ၊ အပင်၏ အခေါက်များအား လျှော်အဖြစ် အသုံးပြုကြပါသည်။ ဒေသတိုင်းရင်းဆေးနည်းအဖြစ် နှစ်ချို့ လျှော်ဖြူအစေးများကို ၄ နာရီ ၅နာရီခန့်ရေစိမ်၍ သောက်သုံးလျှင် ဆီးပူဆီးအောင့်ရောဂါဝေဒနာပျောက်ကင်းစေနိုင်ကြောင်းနှင့် ခန္ဓာကိုယ်အာဟာရတိုးပွားစေရန် အတွက် ၎င်းကိုသိက်အားဆေးကဲ့သို့ လျှော်ဖြူစေးအမှုန်အား ရေစိမ်သောက်သုံးနိုင်ကြောင်း သိရှိရပါသည်။

ရှိုးစုံ CF တွင် အသုံးပြုသူများအနေဖြင့် ယခုအခါတွင် မိမိခွဲဝေရရှိသော ဧရိယာအတွင်းမှ စိုက်ပျိုးထွက်ရှိသည့် လျှော်ဖြူစေးများအားစုဆောင်း၍ အကျိုးအမြတ်များရရှိ ပိုင်ဆိုင်နေကြပြီဖြစ်ပါသည်။ အသုံးပြုသူများအဖွဲ့အတွင်း သက်သာချောင်ချိရေးအနေဖြင့် ၂၀၁၄ ခုနှစ်မှ စတင်၍ အသုံးပြုသူတစ်ဦးလျှင် ငွေကျပ် (၁၀၀၀၀)နှုန်းဖြင့် ထည့်ဝင်ရန် ရန်ပုံငွေတစ်ရပ်ဖွဲ့စည်းပြီး ငွေကျပ်(၁၀၀)လျှင် အတိုး ၂ ကျပ်နှုန်းဖြင့် အဖွဲ့ဝင်များသို့ ချေးငွေများ ထောက်ပံ့ပေးလျက်ရှိပါသည်။ အဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် (၁၀၀၀၀၀)အထိ ရန်ပုံငွေမှ ငွေထုတ်ချေးလျက်ရှိပြီး (၃)လအတွင်း အရစ်ကျပေးချေရမည်ဖြစ်ပါသည်။ ရန်ပုံငွေမှ သစ်တောဦးစီးဌာနမှ ပို့ချလျက်ရှိသော သင်တန်းများသို့ တက်ရောက်သည့် အဖွဲ့ဝင်များအား ငွေကြေးထောက်ပံ့ခြင်း၊ သာရေး နာရေးကိစ္စရပ်များတွင် စနစ်တကျ ထုတ်ယူသုံးစွဲလျက်ရှိကြောင်း သိရှိရပါသည်။

မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ရှိုးစုံကျေးရွာမှ CF ဒေသခံအသုံးပြုသူအဖွဲ့ဝင်များသည် ယခင်က လျှော်ဖြူပင် စိုက်ပျိုးခြင်းအပေါ် ယုံကြည်မှုအားနည်းခဲ့ပြီး မိရိုးဖလာ တောင်ယာသီးနှံများကိုသာ မှီခိုအားထားခြင်း၊ ကျဘမ်းအလုပ်များကိုသာ လုပ်ကိုင်စားသောက်လျက်ရှိရာ လျှော်ဖြူပင်မှ အကျိုးအမြတ်များ

စာမျက်နှာ (၃၉)သို့



၂၀၁၅ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနပြခန်းအား ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး(သစ်တော)၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များမှ ကြည့်ရှုစစ်ဆေးစဉ်။(၁၆-၁၀-၂၀၁၅)



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ လက်ခုပ်ကုန်းဒေသသို့သွားရောက်၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။ (၂၂-၁၀-၂၀၁၅)



ဒုတိယဝန်ကြီး ဦးအေးမြင့်မောင် ဂျပန်နိုင်ငံ တိုကျိုမြို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)ရုံးချုပ်၊ အာရှနှင့်ပစိဖိတ် ဒေသဆိုင်ရာညွှန်ကြားရေးမှူးချုပ် မစ္စတာ ယာဆုရှိတာနာခနှင့် တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးစဉ်။ (၂၆-၁၀-၂၀၁၅)



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်နှင့်
အဖွဲ့ဝင်များ၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများမှ
မိုးရာသီတွင် စိုက်ပျိုးခဲ့သောသစ်ပင်များအား မြေဩဇာကျွေးခြင်း၊
မြေတောင်မြှောက်ခါးဆွခြင်းများပြုလုပ်၍
ထိန်းသိမ်းစောင့်ရှောက်သည့် လုပ်ငန်းများဆောင်ရွက်စဉ်။
(နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာ
အထက်တန်း ကျောင်းဝင်း၊ ၁၆-၁၀-၂၀၁၅))



ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ကယားပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ရုံးအဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားတွင်
ရုံးအဆောက်အဦသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (၈-၁၀-၂၀၁၅)






ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာမူဘောင် ဖွံ့ဖြိုးတိုးတက်ရေးအကြံပြုဆွေးနွေးခြင်း
အလုပ်ရုံဆွေးနွေးပွဲတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၁၂-၁၀-၂၀၁၅)




ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့တွင် ကျင်းပခဲ့သည့် (၁၃)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့စဉ်။ (၂၈-၁၀-၂၀၁၅)



ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင် ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးအား သွားရောက်စစ်ဆေးပြီးနောက် ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (၁၉-၁၀-၂၀၁၅)






သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် နိုင်ငံအဆင့် သစ်တောစောင့်ကြည့်လေ့လာခြင်းနှင့် သစ်တောသယံဇာတစာရင်းကောက်ယူခြင်းဖွံ့ဖြိုးတိုးတက်စေရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။ (၂၁-၁၀-၂၀၁၅)



ပိတောင်ဘေးမဲ့တောမှ ဝန်ထမ်းများသည် မြစ်ကြီးနားမြို့၊ နန်ကျင်ကျေးရွာ၊ ထွယ်ဂင်တောင်ခန်းမတွင်ပညာပေးဟောပြောပွဲကျင်းပပြုလုပ်ခဲ့ရာ ဟောပြောပွဲတွင် သဘာဝထိန်းသိမ်းရေးနယ်မြေ တည်ထောင်ရခြင်း ရည်ရွယ်ချက်နှင့်အကျိုးကျေးဇူးများ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေအကြောင်း ဟောပြောခဲ့ကြသည်။ (၂၉-၉-၂၀၁၅)



ရွှေဥဒေါင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ဝန်ထမ်းများသည် မိုးကုတ်မြို့နယ်၊ စိန်အင်းကျေးရွာမူလတန်းလွန်ကျောင်းတွင် ဟောပြောပွဲကျင်းပပြုလုပ်ခဲ့ရာ ဟောပြောပွဲတွင် ကြွပ်ကြွပ်အိတ် နှင့် သဘာဝပတ်ဝန်းကျင်အကြောင်း ပညာပေးဗွီဒီယိုပြသခြင်း၊ ဘေးမဲ့တောထိန်းသိမ်းရေးအကြောင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့် သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးအကြောင်း ရေသယံဇာတအရေးပါပုံအကြောင်းဖြင့် ရှင်းလင်းဟောပြောခဲ့ကြသည်။

## သဘာဝဘေးအန္တရာယ်များ



အောက်တိုဘာလအတွင်း ကယားပြည်နယ်၊ ဘော်လခဲခရိုင်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားခဲ့သည်။



စက်တင်ဘာလအတွင်းတောင်ကယ်ရိုလိုင်းနားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပွားခဲ့သည်။





အောက်တိုဘာလအတွင်း ဖိလစ်ပိုင်နိုင်ငံအတွင်း တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်ခြင်း ခံခဲ့ရပါသည်။

# မဲဇလီတန်းက ကျောင်းတော်သူ

ကျော်c

## ကပျာကယ္ာ

ကံ့ကော်တောမှာ ပွင့်ခဲ့တာမှမဟုတ်တာ
ရနံ့တွေဝေချင်မှ ဝေမှာပေါ့
ပျူးကတည်းက ခါးသက်စွာပွင့်ပူး
ကျောင်းတော်မှာ ဝတ်ရည်လူးခဲ့တာ
ဩကာသလောကရေ
ခင်ပျားရင်ဘတ်ကြီး ဆေးဖက်ဝင်ဖို့ပါ..။

ကနဦးတုန်းကတော့ သူတို့ခြေဖဝါးနှန
သွေးခြည်ဥခဲ့ရှာပေမပေါ့
နောက်တော့လည်း မဲဇလီလမ်းထက်
သူတို့ခြေလှမ်းတွေ အသားမာတက်ခဲ့ရရှာပြီလေ. ။

ကမ္ဘာမြေရေ - -
ရေပေါ်ဆီမတချို့ရဲ့ တစ်ကိုယ်ရည်အေးမြလိုမှုက
ခင်ပျားတစ်ယောက်
ချောင်းဆိုးရင်ကြပ်အောင် CFC နဲ့
လောင်မီးတိုက်နေချိန်
သူတို့ဟာ မိတ်ကပ်မပြင် ပန်းမဆင်နဲ့
တစ်လကိုးသီတင်း တောတွင်းနှင်းလို
အစိမ်းတစ်စက် အသက်ဆက်နိုင်အောင်
ကြိုးပမ်းရင်း မေးရှာကြတယ်
ကမ္ဘာကြီးနေကောင်းရဲ့လားတဲ့ ..။

တောထဲတောင်ထဲ
ချည်လက်ရှည်ချွေးစိုစို
သနပ်ခါးနံ့တွေ သောသောညံ့တဲ့ ပါးမို့မို့နဲ့
သူတို့ဖြတ်သွားရင်
ထိုးကွင်းမပါတဲ့
အလှတရားက
စကော်တိုမတွေကြား ခင်ပျားအတွက်
လက်ခုပ်ထတီးတယ်..။

-------------

လက်စကရင်ဖုံးနဲ့ စိမ်းဖန့်ဖန့်ထဘီ
သူတို့တွေ ဝတ်ပြန်ပြီဆိုရင်
နတ်ဖုရားမတွေ စီးချင်းထိုးမဲ့
ကောင်းကင်စစ်ပွဲလို
သူတို့အတွေးတွေဟာ ကမ္ဘာမြေအတွက်
ပြောင်မြောက်လို့ နေပြန်တယ်..။
သူတို့ရေးတဲ့ စိမ်းလန်းခြင်းဟာ
သူတို့လက်ဖဝါးထက် ပိုနူးညံ့ကောင်းနူးညံ့လိမ့်မယ်
သူတို့ဆိုတဲ့ သစ္စာတရားက
ခင်ပျားရင်ထဲ လက်တစ်ဆုပ်စာ သဃ်ဇာတလေး
ပြန်လည်ဖြည်ဆည်းပေးဖို့ဆိုတာ
ခင်ပျားသိဖို့ပါ ကမ္ဘာမြေ.. ။

မှောင်သောညတွေမှာ ဆီမီးအိမ်နဲ့
သစ်ပင်ကို ပုံဆွဲမပြရဖို့
တောဆိုတာ နတ်သမီးပုံပြင်တစ်ပုဒ်ဖြစ်မနေဖို့
နောက်ပြီး
ချူချာလာတဲ့ ကျန်းမာရေးမှာ ခင်ပျားတစ်ယောက်
ချောင်းခြောက်လေးမှာပျောက် ပျောက်
လုံးပန်းနေတဲ့ သူတို့ဟာ
သမိုင်းမတွင်တောင် ခင်ပျားမေ့မပစ်ကောင်းတဲ့
အနာဂတ်ရဲ့ ပုခက်လွှဲသော မဲဇလီတန်းက
ကျောင်းတော်သူဟာ သူတို့ပါ...။

-------------------

ခက်ဆစ်ပန်းတွေ ပန်ထားရတဲ့
သူတို့ဟာ ဘာသာပြန်ရ လွယ်ချင်မှလွယ်မယ်
သူတို့သိတဲ့ ဖြူဟွစိုင်ရိတရားမှာတော့
ဇုတ္တိရှုပ်တနဲ့ ပျောက်ကောင်းပျောက်လိမ့်မယ်
သူတို့ပညာဟာ ကြယ်ကြွေသံလိုတုန်ဟီး
ကမ္ဘာကြီးအတွက် ကောင်းချီးပေးလိမ့်မယ်
တကယ်တော့
ကနဦးတည်းက
ခင်ပျားတစ်ယောက်ဆေးဖက်ဝင်ဖို့
ခါးယောင်ဆောင်လာတဲ့ ပန်းပူးလေးတွေလေ
သူတို့ဟာ ကမ္ဘာမြေအတွက် အကြွင်းမရှိလှတယ်.။



# လေးပါးဖြဟ္မစိုရ်ပွားစေလို

ကိုကို(သစ်တော)

ဘာသာရေးစာပေရေးသားနေသည်တော့ မဟုတ်ပါ။ စာရေးသူဘဝတွင် ဗြဟ္မစိုရ်တရားလက်ကိုင်ထားပြီး ဌာနတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့်အတွက် ထူးခြားသောအောင်မြင်မှုများ မကြာခဏရရှိခဲ့ဖူးပါသည်။ ယင်းတို့အနက် အမှတ်ထင်ထင်ရှိခဲ့သော ဖြစ်ရပ်မှန်တစ်ခုကိုတင်ပြလို၍ ရေးသားရခြင်းဖြစ်ပါသည်။ ဆက်လက်၍လည်း ဗြဟ္မစိုရ်တရားနှင့်ပတ်သက်၍ စာရေးသူ၏အတွေးအခေါ်ဒဿနများကို တင်ပြမည်ဖြစ်ပါသည်။ စာရှုသူများအနေဖြင့် ဗဟုသုတတိုးပွားပြီး စာပေ၏အရသာရသမျိုးစုံကို ခံစားစေလို၍လည်းဖြစ်ပါသည်။ ထိုကဲ့သို့ဖြစ်ပါက စာရေးသူ စာရေးရကျိုးနပ်ပြီဟု အောက်မေ့မည်သာဖြစ်ပါသည်။

အချိန်အားဖြင့် ကာလကြာညောင်းလှပြီဖြစ်ပါသည်။ ရက်ကုန်လပြောင်း နှစ်နှင့်တကွ ခေတ်စနစ်ပါပြောင်းခဲ့ပါပြီ၊ ၁၉၆၅ ခုနှစ်ခန့်က စာရေးသူ မင်းဘူးမြို့တွင် မင်းဘူးနယ် နယ်စီးတောအုပ်(R.O)အဖြစ် တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါသည်။ စာရေးသူမှာ ၁၉၅၈-၆၀ခုနှစ်၊ မေမြို့သစ်တောကျောင်း (၂)နှစ်သင်တန်းဆင်းပြီး ဒုတိယတောအုပ်(DR) ဖြစ်သည်မှာ (၅)နှစ်ခန့်သာရှိပါသေးသည်။ ထိုစဉ် မင်းဘူးတောအုပ်နယ်(Range)တွင် နယ်စီးတောအုပ်(R.O)နေရာ လစ်လပ်နေသဖြင့် စာရေးသူအား နယ်စီးတောအုပ်(R.O) အဖြစ် ခေတ္တယာယီဆောင်ရွက်ရန် အမိန့်ပြန်တမ်းထုတ်ပြန်၍ တာဝန်ပေးအပ်ခြင်းခံရပါသည်။ ယာယီခေတ္တခန့်ထားခြင်းဟုဆိုသော်လည်း ထိုနေရာတွင် နယ်စီးတောအုပ်(R.O)အဖြစ် (၃)နှစ်ခန့်တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုစဉ် မင်းဘူးတောအုပ်နယ်(Range)တွင် သစ်တောကြိုးဝိုင်းများ၊ ကာကွယ်တောများသာမက ရွှေစက်တော်သားရိုင်းတိရစ္ဆာန်ကာကွယ်တောလည်းရှိပါသည်။ မင်းဘူးနယ်၊ နယ်စီးတောအုပ်အနေဖြင့် ထိုကြိုးဝိုင်းတော၊ ကာကွယ်တော၊ ဘေးမဲ့တောတို့ကို ထိန်းသိမ်းရန် တာဝန်ရှိရုံမက မင်းဘူးတောအုပ်နယ်(Range) တွင် ပါဝင်သော စကုမြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ငဖဲမြို့နယ်တို့အတွင်း သစ်တောရေးရာကိစ္စများတွင် တာဝန်ယူရမည်ဖြစ်ပါသည်။ ထိုနေရာတွင် သက်ဆိုင်ရာမြို့နယ်အာဏာပိုင်အဖွဲ့အစည်းများနှင့်လည်း ပြေလည်စွာဆက်ဆံ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိ၏တာဝန်မှာကြီးလှကြောင်း တွေးတောမိပါသည်။ သို့ရာတွင် "သူ့ဆန်စားရဲမှ"ဆိုသော စကားနှင့်အညီ သမိုင်းပေးတာဝန် ကျေပွန်ရမည်သာဖြစ်ပါသည်။

ထိုစဉ်စာရေးသူအလုပ်ဝင်စက ဆရာတစ်ဦးပြောဆိုဆုံးမသော ဩဝါဒပေးသည်ကို ပြန်လည်ကြားယောင်မိပါသည်။ မိမိတာဝန်ထမ်းဆောင်ရသောအခါ မိမိနှင့်ဆက်ဆံရသူအားလုံးအပေါ် ဗြဟ္မစိုရ်တရားလက်ကိုင်ထားရမည်၊ အထူးသဖြင့် ကျေးရွာများသို့ရောက်သောအခါ မိမိထက်အသက်အရွယ်ကြီးသော ဂုဏဝုဍ္ဍိ၊ ဝယဝုဍ္ဍိရှိသော သူကြီး၊ ရွာလူကြီးစသည်တို့ကို မထီမဲ့မြင်မပြုရာ၊ အခြားသောဝန်ထမ်းအဖွဲ့အစည်းများနှင့် တွေ့ဆုံသောအခါတွင်လည်း "ယောနိသောမနသိကာရ"စိတ်ဖြင့် ဆက်ဆံရမည်ဟုပြောကြားပါသည်။ ထိုကဲ့သို့စဉ်းစားတွေးတောနေစဉ် မင်းဘူးခရိုင် သစ်တောဝန်(D.F.O)က စာရေးသူကျွန်တော့်အားခေါ်ယူပြီး ချင်းတွင်းတိုင်း၊ သစ်တောမင်းကြီး(ယခုအခေါ် ညွှန်ကြားရေးမှူး)က ရွှေစက်တော် သားငှက်တိရစ္ဆာန်ဘေးမဲ့တောကို စိတ်ဝင်စားနေကြောင်း မကြာမီလာရောက် စစ်ဆေးမည်ဖြစ်ကြောင်း အစစအရာရာအဆင်သင့်ပြင်ဆင်ထားရန်လိုကြောင်း ထိုကိစ္စကို စာရေးသူအား တာဝန်ပေးကြောင်းပြောကြားပါသည်။ သို့ဖြစ်၍ စာရေးသူရွှေစက်တော်ဘေးမဲ့တောအတွင်း သွားရောက်၍ တာဝန်ထမ်းဆောင်ရပါတော့သည်။

ဘေးမဲ့တောအတွင်း လှည့်ပတ်သွားလာနိုင်ရန် စစ်ဆေးလမ်းဖောက်လုပ်ရပါသည်။ လမ်းအကြောင်းရှာခြင်းမှစ၍ အကျယ်(၆)ပေရှိ သစ်တောလမ်းဖောက်ခြင်းတို့ကို ဆောင်ရွက်ပြီး တောင်ကုန်းများတွင် ရှုခင်းသာ(View Point)များပြုလုပ်ရှင်းလင်းထားပါသည်။ ပတ်ဝန်းကျင်တွင်လည်း တောရိုင်းတိရစ္ဆာန်များ စားသောက်နိုင်ရန်အတွက် မျိုးစပါးများကြဲပက်ထားပါသည်။ လိုအပ်သောနေရာများတွင် တိရစ္ဆာန်များအေးဆေးစွာ ဆားချက်နိုင်ရန်အတွက် ဆားကျင်းများတူးပြီး ဆားများပုံခြင်းကို ဆောင်ရွက်ပါသည်။ ဆား(၅)အိတ်ခန့်ကုန်ပါသည်။ ထိုကဲ့သို့ဆောင်ရွက်ရာတွင် ကျေးရွာသူကြီးနှင့် ရပ်သူရွာသားများ၏ အကူအညီကို ရယူရသည့်အပြင် လုံခြုံရေးအတွက်သက်ဆိုင်ရာရဲကင်းမှ ရဲသားအကူအညီကိုလည်း တောင်းခံရယူခဲ့ရပါသည်။

တစ်လခန့်ကြာသောအခါချင်းတွင်းတိုင်း သစ်တောမင်းကြီးနှင့် မင်းဘူးခရိုင် သစ်တောဝန်တို့၏အဖွဲ့များ ရွှေစက်တော်ဘေးမဲ့တောအတွင်းသို့ ရောက်ရှိလာပါတော့သည်။ စာရေးသူဖောက်လုပ်ထားသော စစ်ဆေးလမ်းအတိုင်း တောင်ပေါ်သို့တက်လာခဲ့ကြရာ ပထမရှုခင်းသာ(View Point)ရောက်ရှိပြီး ခေတ္တနားနေစဉ် အနီးအနားရှိ စာရေးသူပုံထားသော ဆားကျင်းသို့ သမင်(၅)ကောင်ရောက်ရှိလာပြီး ဆားများကို လျှာဖြင့်လျက်၍ အားပါးတရစားသောက်နေကြသည်ကို တွေ့ရပါသည်။

ဆက်လက်လျှောက်လှမ်းလာကြရာ အခြားဆားပုံ ဆားကျင်းများတွင်လည်း ပြောင်(၅)ကောင် အေးဆေးစွာဆား

လျက်နေသည်ကို တွေ့ရပါသည်။ ပတ်ဝန်းကျင်စပါးခင်းများတွင်လည်း ဒရယ်များ၊ ဂျီများ စပါးပင်များအား စားသောက်နေကြသည်ကို တွေ့ရပါသည်။ ထိုစဉ်အခါက ကင်မရာမပါသဖြင့် ဓာတ်ပုံမရိုက်ခဲ့ရပါ။ သို့ရာတွင် စာရေးသူ၏စိတ်၌ ဝမ်းသာအားရဖြစ်မိပါသည်။ ဤကဲ့သို့ရွှေစက်တော်ဘေးမဲ့တော စစ်ဆေးခြင်းကို အောင်မြင်စွာပြီးဆုံးခဲ့ပါသည်။ ထိုခရီးမှအပြန် အိုင်းမရွာ ဗိုလ်တဲစခန်းသို့ပြန်ရောက်သောအခါ လိုက်ပါလာသူအားလုံးနှင့် ပြည်သူ့ရဲတပ်ဖွဲ့ ရဲသားများအား ဒံပေါက်ထမင်းဖြင့် ကျွေးမွေးဧည့်ခံခဲ့ပါသည်။ ဤသို့ဖြင့် လာရောက်စစ်ဆေးသူ သစ်တောမင်းကြီး၊ ခရိုင်သစ်တောဝန်တို့အဖွဲ့လည်း မိမိတို့ရုံးအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြရာ စာရေးသူကျွန်တော့်မှာလည်း မိမိရုံးစိုက်ရာ မင်းဘူးမြို့သို့ပြန်လာခဲ့ရပါတော့သည်။

နောက်တစ်လခန့်ကြာသောအခါ စာရေးသူကျွန်တော်ရုံးခန်းတွင် ငွေစာရင်းများပြုလုပ်နေရာသို့ (လေးပင်-အိုင်မ) ကာကွယ်တောမှ တောကြပ်တစ်ဦး ရောက်ရှိလာပါသည်။ သူ့တွင်ပြောင်သားတစ်တွဲ(တစ်ပိဿာခန့်)ယူလာပြီး လက်ပံတောရဲကင်းမှ ရဲ(၃)တပ်ကြပ်တစ်ဦးက တောအတွင်းမှ ပြောင်(တောကျွဲ)တစ်ကောင်ကို အမဲလိုက်သတ်ဖြတ်ပြီး ရောင်းချနေကြောင်း တိုင်တန်းပါတော့သည်။ စာရေးသူဦးနှောက်ခြောက်ရပါပြီ၊ တိုင်ကြားခံရသူ ပြည်သူ့ရဲ(၃)တပ်ကြပ်မှာ မိမိနှင့်ရင်းနှီးသူဖြစ်သည့်အပြင် ရွှေစက်တော်ဘေးမဲ့တောစစ်ဆေးရာတွင် ပါဝင်သူလည်းဖြစ်ပါသည်။ သို့သော်မည်သို့မျှမတတ်နိုင်ပါ။ ဥပဒေအတိုင်း တရားဥပဒေနှင့်အညီ ဆောင်ရွက်ရမည်သာဖြစ်ပါသည်။ မိမိ၏ရုံးအလုပ်များကို ခေတ္တထားခဲ့ပြီး လက်ပံတောကျေးရွာသို့ အရေးတကြီးလိုက်ပါသွားရပါတော့သည်။ လက်ပံတောကျေးရွာသူကြီးအိမ်သို့ ရောက်သောအခါ ထိုအမှုတွင်ပါဝင်သူ(၅)ဦးကို စုံစမ်းခေါ်ယူပြီး ကျေးရွာသူကြီးနှင့် ရွာလူကြီးများရှေ့တွင် စစ်ဆေးပါသည်။ သူတို့ကလည်း ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။ သူကြီးနှင့် ရွာလူကြီးများကလည်း သက်သေစစ်ချက်ဝန်ခံချက်အပေါ်တွင် သက်သေအဖြစ်လက်မှတ်ရေးထိုးကြပါသည်။ စာရေးသူက အမှုစစ်ချက်ကို ပြန်လည်ဖတ်ပြပြီး တရားခံကမှန်ကန်ကြောင်း ဝန်ခံပါသည်။ (R.O & A.C)ဟုရေးသားပြီး လက်မှတ်ရေးထိုးထားပါသည်။ ထိုကဲ့သို့ အရာရာစိတ်ချရအောင်ပြုလုပ်ပြီး လက်ပံတောရဲကင်းသို့ တရားခံအား လာရောက်အစစ်ခံရန် အကြောင်း စုံဖော်ပြခေါ်ယူရပါသည်။

ထိုအခါ ပြစ်မှုကျူးလွန်သူ ပြည်သူ့ရဲ(၃)တပ်ကြပ်နှင့် ရဲသား(၂)ယောက်တို့က သူတို့နှင့်အတူ ဦးချိုပါပြောင်ခေါင်းကြီး(၁)လုံးနှင့် ပြောင်သားရေတစ်ချပ်ပါ ယူဆောင်လာခဲ့ပြီး မိမိပြစ်မှုကျူးလွန်ခဲ့ခြင်း မှန်ကန်ကြောင်း ဝန်ခံထွက်ဆိုအစစ်ခံပြီး လူကြီးများရှေ့တွင် လက်မှတ်ရေးထိုးပါသည်။ စာရေးသူကလည်း တရားခံအား တတ်နိုင်သမျှ အမှုပေါ့လျော့အောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း နှစ်သိမ့်ပြောဆိုခါ သက်သေခံပစ္စည်းများကိုသိမ်းယူ၍ မင်းဘူးသို့ပြန်လာခဲ့ပါတော့သည်။

မင်းဘူးနယ်စီးတောအုပ်ရုံးသို့ ပြန်ရောက်သောအခါ ထိုအမှုအတွက် ပထမအစီရင်ခံစာ၊ အပြီးသတ်အစီရင်ခံစာကိုပါ ရေးသားအမှုတွဲပြုလုပ်၍ သစ်တောမှုမှတ်ပုံတင်တွင် ရေးသား၊ အမှုနံပါတ်တပ်ပြီး ခရိုင်သစ်တောဝန်ရုံးသို့ ပို့လိုက်ရပါတော့သည်။ အမှုတွဲတွင် နယ်စီးတောအုပ်(R.O)၏မှတ်ချက်နေရာတွင် တရားခံမှာ ဆင်းရဲနွမ်းပါးပြီး သစ်တောဌာနအား ကူညီဆောင်ရွက်ခဲ့သူဖြစ်ကြောင်းကိုလည်း မိမိကျူးလွန်ခဲ့သည်ကို ရိုးသားစွာဝန်ခံထွက်ဆိုထားပါကြောင်း သို့ဖြစ်၍ တရားခံကိုလျော့ပါးသော ဒဏ်ငွေပေးဆောင်စေသင့်ပါကြောင်း မှတ်ချက်ရေးသားလိုက်ပါသည်။

နောက်တစ်ပတ်ခန့်ကြာသောအခါ ခရိုင်သစ်တောဝန်ရုံးမှ တရားခံအား ဒဏ်ငွေ၅၀ဝိ/-ပေးဆောင်စေပြီး အမှုပြေငြိမ်းခွင့်ပြုရန်နှင့် သက်သေခံပစ္စည်းများကို အစိုးရဘဏ္ဍာတော်အဖြစ် သိမ်းဆည်းရန်အမိန့် (C.D.O) ရောက်ရှိလာပါသည်။ တရားခံဖြစ်သူအားစုံစမ်းရာ မင်းဘူးမြို့ ရဲစခန်းသို့ ရောက်ရှိနေကြောင်း သိရှိရပါသည်။ ထို့ကြောင့် မင်းဘူးရဲစခန်းသို့သွားရောက်၍ အကြောင်းစုံပြောပြရာ စခန်းမှူးလည်း အဆိုပါ(၃)တပ်ကြပ်ကိုခေါ်ယူ၍ ဒဏ်ငွေကို အမြန်ဆုံးပေးဆောင်ရန်ပြောကြားပါသည်။ ထိုအချိန်တွင် ရဲတပ်သားတစ်ဦးက ရဲတပ်သားဖြစ်လျက်နှင့် သစ်တောမှုဖမ်းဆီးခြင်းခံရသည်မှာ ရှက်စရာကောင်းကြောင်းပြောကြားပါသည်။ စာရေးသူကလည်း ပြည်သူ့ရဲတပ်ဖွဲ့နှင့် သစ်တောဌာနဝန်ထမ်းတို့မှာ ပြည်သူ့ဝန်ထမ်းများဖြစ်ကြောင်း၊ ဥပဒေကိုလေးစားရမည့် ဥပဒေဘက်တော်သားများ ဖြစ်ကြောင်း၊ ယခုအမှုတွင်လည်း အပြစ်ဒဏ်ကို လျော့ပေါ့ပေးထားခြင်းဖြစ်ကြောင်းအကျယ်တဝင့်ပြောကြားခဲ့ပါသည်။ ရဲစခန်းမှူးကလည်း စာရေးသူမှ ပြောကြားသည်ကို သဘောကျကြောင်း၊ ထောက်ခံကြောင်း ပြောကြားသဖြင့် စာရေးသူမှာလည်း နှစ်သိမ့်သဘောကျစွာဖြင့် ရဲစခန်းမှပြန်လာခဲ့ပါသည်။ နောက်တစ်နေ့တွင် ပြစ်မှုကျူးလွန်သူ(၃)တပ်ကြပ်စာရေးသူ၏ ရုံးခန်းသို့ ရောက်လာပြီး ဒဏ်ငွေ ၅၀ဝိ/-ပေးဆောင်သွားပါသည်။

ဤကဲ့သို့ အမှုပြီးဆုံးပြီဖြစ်ရာ သက်သေခံပစ္စည်းစာရင်းကို မိမိရုံးရှိပုံစံ(၈)စာရင်းတွင် ထည့်သွင်းရေးမှတ်ရပါတော့သည်။ ပုံစံ(၈)စာရင်းများကို ထိန်းသိမ်းရသည်မှာ မလွယ်ကူလှပါ။ ပျက်စီး၊ ပျောက်ဆုံးသွားပါက မိမိတာဝန်သာဖြစ်ပါသည်။ သစ်တောနယ်များတွင် တောတွင်းရှိ ပုံစံ(၈)သစ်များပျောက်ဆုံးခြင်းကြောင့် တာဝန်ရှိသူများအရေးယူခံရကြောင်း မကြာခဏကြားသိနေရပါသည်။ ယခုသိမ်းဆည်းရရှိသော ပြောင်ခေါင်းနှင့် ပြောင်သားရေတို့မှာလည်း ပုပ်သိုးဟောင်နံနေပြီဖြစ်ရာ မည်သို့မျှဝယ်ယူလိုခြင်းမရှိကြပါ။ ယင်း

ကဲ့သို့ တွေးတောနေစဉ်မှာပင် ပြစ်မှုကျူးလွန်ခဲ့သူ(၃)တပ်ကြပ်ရောက်လာပါသည်။ သူက သက်သေခံပစ္စည်းဖြစ်သော ပုံစံ(၈)စာရင်းဝင် ပြောင်ခေါင်းနှင့် ပြောင်သားရေတို့ကို အမှတ်တရပစ္စည်းအဖြစ်ထားရန် ဝယ်ယူလိုကြောင်း ပြောကြားပါသည်။ ဈေးနှုန်းညှိနှိုင်းသတ်မှတ်ကြရာ တန်ဖိုး ၅၀ဝိ/-ဖြင့် အရောင်းအဝယ်တည့်သွားပါသည်။ ခရိုင်သစ်တောဝန်အားတင်ပြပြီး ငွေ ၅၀ဝိ/-ဖြင့်ရောင်းချရပါတော့သည်။ အမှုအတွက် ဒဏ်ငွေ ၅၀ဝိ/-နှင့် ပုံစံ(၈)ပစ္စည်းရောင်းရငွေ ၅၀ဝိ/-ကို မင်းဘူးမြို့အစိုးရဘဏ်သို့ ငွေသွင်းချလန်ပြုလုပ်ပေးသွင်းပြီး စာရေးသူ၏အခွန်တော်ငွေစာရင်းတွင် ထည့်သွင်းလိုက်ရပါတော့သည်။ အခွန်တော်ငွေစာရင်းကို လစဉ်အချိန်မှန်ပေးပို့ရာတွင် ပုံစံ(၈)စာရင်းကိုလည်း လစဉ်ပူးတွဲပေးပို့ရပါသည်။

ပြစ်မှုကျူးလွန်ခဲ့သူ(၃)တပ်ကြပ်မှာလည်း များစွာ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း မကြာမီလာရောက် ကျေးဇူးဆပ်မည်ဖြစ်ကြောင်းပြောကြားပြီး ပြောင်ခေါင်းနှင့် ပြောင်သားရေကြီးကို ဝမ်းပမ်းတသာယူဆောင်သွားပါတော့သည်။ သို့သော် ထို(၃)တပ်ကြပ်အား နောက်ထပ်တစ်ကြိမ်တစ်ခါမျှမတွေ့ရတော့ပါ။ စာရေးသူအနေဖြင့်လည်း ယင်းဖြစ်ရပ်အပေါ် ဥပေက္ခာထားလိုက်ရပါတော့သည်။

ယင်းဖြစ်ရပ်များကို ပြန်လည်တွေးတောဆင်ခြင်သောအခါ စာရေးသူအနေဖြင့် တရားခံအပေါ် မေတ္တာ၊ ကရုဏာ၊ မုဒိတာများပွားများပြီး ဆောင်ရွက်ခဲ့သဖြင့် အောင်မြင်မှုရခဲ့သည်များကို ကြည်နူးဝမ်းသာပီတိဖြာခဲ့ရပါသည်။ တရားခံဖြစ်သူက မိမိအပေါ်ပြန်လည်တုံ့ပြန်ကျေးဇူးဆပ်ခြင်း မပြုခဲ့သည်ကို သူ့အပေါ်ဒေါသဖြစ်ခြင်း၊ လာဘ်လာဘမျှော်ကိုးပြီး လောဘဖြစ်ခြင်းများမရှိခဲ့ပါ။ ထိုကဲ့သို့ လောဘ၊ ဒေါသများထားမိပါက မိမိထားခဲ့သော မေတ္တာ၊ ကရုဏာ၊ မုဒိတာတရားများ အလဟဿအလကားဖြစ်သွားမည်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ မိမိ၏စိတ်ကို ကြိုးစားထိန်းသိမ်းပြီး မြင့်မြတ်သော ဥပေက္ခာတရားထားခဲ့ပါသည်။ ယင်းကဲ့သို့ စာရေးသူအောင်မြင်ခဲ့ခြင်းမှာ ဗြဟ္မစိုရ်တရားလက်ကိုင်ထား၍ တွေးတောဆင်ခြင်မိပါသည်။

အထက်ဖော်ပြပါ ဗြဟ္မစိုရ်တရား(၄)ပါးအနက် မေတ္တာ၊ ကရုဏာနှင့် မုဒိတာတို့မှာ သိလွယ်မြင်လွယ်ကျင့်သုံးလွယ်ကူသော်လည်း ဥပေက္ခာတရားမှာ သိမ်မွေ့နက်နဲပြီး ကျင့်သုံးရန်ခက်ခဲကြောင်းသိရပါသည်။ ကိုယ်တွေ့ကျင့်သုံးရာတွင်လည်း မိမိစိတ်ကို မနည်းထိန်းသိမ်းခဲ့ရကြောင်း ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဥပေက္ခာတရားနှင့်ပတ်သက်၍ စာရေးသူအတွေ့အကြုံနှင့် အတွေးအခေါ်ဒဿနကို အောက်ပါအတိုင်း အကျဉ်းချုံး၍တင်ပြအပ်ပါသည်။

ပထမအချက်မှာ စာရေးသူ ရေဆင်း၊ သစ်တောသုတေသနဌာနတွင် တာဝန်ထမ်းဆောင်စဉ်ကဖြစ်ပါသည်။ အရာရှိတစ်ဦးက တောခေါင်းတစ်ယောက်အား အပြစ်တစ်ခုရှိသဖြင့် မာန်မဲဆုံးမနေသည်ကို ကြားသိရပါသည်။ အပြစ်ရှိ၍ ဆရာတစ်ဦးအနေဖြင့် ဆုံးမနေသည်မှာ မှန်ကန်ပါသည်။ သို့သော် သူ၏ဆုံးမစကားတွင် "မင်းကိုဒီနေ့ကစလို့ ဥပေက္ခာပြုလိုက်ပြီ၊ ဘယ်တော့မှငါ့ဆီမလာနဲ့တော့၊ မင်းဘာပဲဖြစ်ဖြစ်ငါမကူညီဘူး၊ ငါနဲ့မဆိုင်ဘူး"ဟုပါရှိပါသည်။ ထိုစကားတွင်ပါရှိသော ဥပေက္ခာမှာ စစ်မှန်သောဥပေက္ခာ၊ မြင့်မြတ်သောဥပေက္ခာမဟုတ်ပါ "ဒေါသရောင်သန်းသော ဥပေက္ခာ" ဟူ၍ထင်မြင်ယူဆမိပါသည်။

နောက်ဖြစ်ရပ်တစ်ခုမှာ ရေဆင်း၊ သစ်တောသုတေသန၊ ဝန်ထမ်းအိမ်ရာထဲတွင် စာရေးသူနှင့် အလွန်ရင်းနှီးသော အသက်(၈၀)ကျော်အဘိုးကြီး အဘွားကြီးဇနီးမောင်နှံရှိပါသည်။ သူတို့ဇနီးမောင်နှံမှာ ၁၉၅၄ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့က လက်ထပ်မင်္ဂလာဆောင်ခဲ့ကြခြင်း ဖြစ်ပါသည်။ သူတို့ဇနီးမောင်နှံ၏ အိမ်ထောင်သက်မှာ နှစ်ပေါင်း(၆၀)ကျော်ခဲ့ပြီဖြစ်သော်လည်း ခိုက်ရန်ဖြစ်ပွားခြင်း၊ သဘောထားကွဲလွဲခြင်းများ တစ်ခါတစ်ရံမျှမရှိခဲ့ပါ။ ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံလာခဲ့ကြပါသည်။ သူတို့အိမ်ထောင်ကျစအချိန်က တစ်ဦးပေါ်တစ်ဦး(၁၅၀၀)ကိုလေသာအချစ်နှင့် (၅၂၈)မေတ္တာပါပေါင်းပြီး (၁၅၀၀+၅၂၈=၂၀၂၈) ၂၀၂၈ မေတ္တာဖြင့် တွယ်တာခင်မင်ခဲ့ကြပါသည်။ သို့သော် အသက်ကြီးလာသည်နှင့်အမျှ (၁၅၀၀)အချစ်က တစ်စတစ်စလျော့ပါးသွားပြီး (၅၂၈)မေတ္တာက တိုးလာကြသည်ကိုတွေ့ရပါသည်။ သင်္ချာသဘောအရ ညီမျှခြင်းတစ်ဖက်က အနုတ်လက္ခဏာကို ကျန်တစ်ဖက်မှ အပေါင်းလက္ခဏာဖြင့် တိုးယူသကဲ့သို့ဖြစ်ပါသည်။

ဗြဟ္မာစိုရ်တရားအနေဖြင့် ပြောရပါမူ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့လျော့သွားသည့်နေရာတွင် ဥပေက္ခာတိုးလာခြင်းဖြစ်ပါသည်။ ယခင်ကကဲ့သို့ တစ်ပူးတွဲတွဲ ခင်မင်တွယ်တာနေခြင်း မတွေ့ရတော့ပါ၊ သို့ရာတွင် သံယောဇဉ်ကြိုးသွယ်တန်းလျက်ပင်ရှိကြပါသေးသည်။ ထိုဥပေက္ခာမှာလည်း စစ်မှန်သော မြင့်မြတ်သော ဥပေက္ခာတရားမဟုတ်ပါ "သမုဒယရောင်သန်းသော ဥပေက္ခာ"သာဖြစ်ပါသည်။ ဒေါသရောင်သန်းခြင်း၊ သမုဒယရောင်လွှမ်းခြင်းစသည်တို့မှ လွတ်ကင်းသော ဥပေက္ခာ(၁၀)ပါး အပါအဝင် ဥပေက္ခာဖြစ်ရန် ကြိုးစားသင့်ကြောင်း တင်ပြအပ်ပါသည်။ ဤအကြောင်းအရာတို့မှာ စာရေးသူ၏ အတွေးအခေါ်ဒဿနဖြစ်ပါသည်။ စာရှုသူများဗဟုသုတတိုးပွားရန်နှင့် စာပေရသအမျိုးမျိုးခံစားနိုင်ကြရန်အတွက် ကြိုးစားပမ်းစားရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်း မေတ္တာပန်းတို့ပွင့်လန်းကြပါစေ. .
ကမ္ဘာတစ်ဝန်း ကရုဏာလွှမ်း၍ ငြိမ်းချမ်းကြပါစေ. . ဟုဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါသည်။

ဤဆောင်းပါးဖြင့် စာရေးသူ၏ ကြားဆရာ၊ မြင်ဆရာ၊ သင်ဆရာတို့အား ဦးညွှတ်ရိုကျိုးရှိခိုးအပ်ပါသည်။

# ချင်းတွင်းမြစ်အတွင်းပြန်လည်စေလွှတ်ထားသည့် တိုက်လိပ် (*Batagur trivittata*) များ၏ပျံ့နှံ့ကျက်စားမှုအား လေ့လာခြင်း




မြန်မာ့တိုက်လိပ်များအားထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်ရေး ချင်းတွင်းမြစ်အတွင်း ပြန်လည်လွှတ်ထားသည့် မြန်မာ့တိုက်လိပ်များ၏ ကျက်စားပျံ့နှံ့ပုံများကို သစ်တောဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(Wildlife Conservation Society, WCS) မှ Ms.Cilingir Fatmar (National University of Singapore)နှင့် လိပ်မျိုးစိတ်ရှင်သန်ရေးအဖွဲ့ (Turtle Survival Alliance,TSA) တို့ပူးပေါင်း၍ ၂၀၁၅ ခုနှစ်၊ ဧပြီလ(၇-၂၁)ရက်နေ့အထိ သွားရောက်လေ့လာဆောင်ရွက်ခဲ့ကြပါသည်။

မြန်မာ့တိုက်လိပ် (*Batagur trivittata*) သည် မြန်မာနိုင်ငံ၏ ဒေသရင်း(Endemic)မျိုးစိတ်ဖြစ်ပါသည်။ ကျက်စားမြေများပျက်စီးလာခြင်း၊ အလွန်အကျွံဖမ်းဆီးခြင်းတို့ကြောင့် သဘာဝတောများတွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်ခဲ့ပြီး ကောင်ရေအဆမတန်ကျဆင်းခဲ့ပါသည်။


သစ်တောဦးစီးဌာန၊ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS) မြန်မာနိုင်ငံအစီအစဉ်နှင့် TSA တို့သည် မြန်မာ့လိပ်မျိုးများအား ခြံလှောင်မျိုးပွား မွေးမြူနည်းစနစ်ဖြင့် ထိန်းသိမ်းကာကွယ်ခြင်းကို ၂၀၀၁ ခုနှစ်မှ စတင်၍ဆောင်ရွက်လျက်ရှိရာ ချင်းတွင်းမြစ်အထက်ပိုင်း လင်းဖားစခန်းနှင့် မန္တလေးရတနာပုံတိရစ္ဆာန်ဥယျာဉ်၌ ခြံလှောင်မျိုးပွားနည်းစနစ်ဖြင့် ထိန်းသိမ်းမွေးမြူခြင်းမှ မြန်မာ့တိုက်လိပ်ကောင်ရေ(၇၉၂) ကောင်တိုးပွားလာခဲ့ပြီး နေရင်းဒေသဖြစ်သော သဘာဝတောအတွင်း ပြန်လည်လွှတ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

လေ့လာရေးခရီးစဉ်တွင် တိုက်လိပ်များ၏ ဇီဝဗေဒဖြစ်စဉ်များအား ပိုမိုသိရှိနားလည်နိုင်စေရန်၊ သဘာဝတောအတွင်း ကျက်စားရှင်သန်မှုအား စဉ်ဆက်မပြတ်စောင့်ကြည့် လေ့လာနိုင်ရန်နှင့် ချင်းတွင်းမြစ်တစ်လျှောက်ရှိ လိပ်စားသောအပင်မျိုးစိတ်များ ပေါက်ရောက်မှုအခြေအနေတို့အား လေ့လာနိုင်ရန်ရည်ရွယ်၍ ချင်းတွင်းမြစ်အတွင်း ပြန်လည်လွှတ်ထားသည့် တိုက်လိပ်ကောင်ရေ (၆၀)မှ Radio transmitter တပ်ဆင်၍ ပြန်လည်လွှတ်ထားသော တိုက်လိပ်ကောင်ရေ (၃၀)၏ တည်ရှိနေရာ၊ စားကျက်နှင့် ကျက်စားပျံ့နှံ့မှုတို့ကို Radio Telemetry စက်များဖြင့် လေ့လာမှတ်သားခြင်းနှင့် ကျေးရွာ(၂၂)ရွာသို့ သွားရောက်၍ ဒေသခံများနှင့် တွေ့ဆုံကာ တိုက်လိပ်များ၏ ကျက်စားမှုအခြေအနေများ ရှင်းလင်းပြောကြားခြင်း၊ ဝိုင်းဝန်းထိန်းသိမ်းပေးရန် ဆွေးနွေးခြင်းနှင့် ရှားပါးလိပ်များ ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

လေ့လာတွေ့ရှိချက်များအရ တိုက်လိပ်များသည် စတင်လွှတ်သည့် နေရာမှ(၅) ကီလိုမီတာအတွင်းရှိ မြစ်ရေနက်သော နေရာများနှင့် အိုင်များ၌သာ ကျက်စားကြောင်း၊ ချင်းတွင်းမြစ်တွင် အနည်းငယ်သာ ရွှေ့ပြောင်းကျက်စား၍ နန့်သလက်ချောင်းတွင် ပိုမိုရွှေ့လျားကျက်စားကြောင်းနှင့် ဒေသခံများမှ ယခင်ဖမ်းဆီးရခဲ့ဖူးသည်ဟု ညွှန်ပြခဲ့သော အိုင်များတွင်သာ ပြန်လည်စေလွှတ်ထားသော တိုက်လိပ်များ နှစ်သက်ကျက်စားနေထိုင်ကြကြောင်းလေ့လာသိရှိခဲ့ပါသည်။

မြစ်ရေအလွန်ကြီးသော မိုးတွင်းကာလ (ဇွန်-ဇူလိုင်လ)တွင် တိုက်လိပ်များ၏ ပျံ့နှံ့မှုပုံစံများ ပြောင်းလဲနိုင်ကြောင်းနှင့် လိပ်ဥ ဥနေဆဲဖြစ်သော သောင်ပြင်များမရှိတော့သည့်အတွက် နှစ်စဉ် ဥ ဥ လျက်ရှိသော သောင်ပြင် (၅)ခုအား ကြပ်မတ်ထိန်းသိမ်းသွားနိုင်မှသာ တိုက်လိပ်များမျိုးသုဉ်းမှုအန္တရာယ်မှ ကာကွယ်သွားနိုင်မည် ဖြစ်ကြောင်း သုံးသပ်ဖော်ပြထားပါသည်။

ဤကဲ့သို့ သစ်တောဦးစီးဌာန၊ WCS နှင့် TSAတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့တိုက်လိပ်များ၏ ရှင်သန်ကျက်စားနှုန်း၊ ပေါက်ပွားနှုန်းနှင့်သဘာဝတောအတွင်း ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိစွာ အသက်ရှင်နိုင်မှုရှိ/ မရှိတို့ကို လေ့လာမှတ်တမ်းတင်နိုင်ခဲ့ခြင်းအားဖြင့် တိုက်လိပ်များအား ခြံလှောင် မျိုးပွားနည်းစနစ်ဖြင့် ထိန်းသိမ်းမွေးမြူ၍ သဘာဝတောအတွင်းသို့ ပြန်လည်စေလွှတ်သည့် သုတေသနလုပ်ငန်းများတွင် များစွာအထောက်အကူဖြစ်စေမည် ဖြစ်ပါကြောင်း ရေးသား ဖော်ပြအပ်ပါသည်။



တိုက်လိပ်မွေးမြူရေးစခန်း(လင်းဖား)



နန့်သလက်ချောင်းတစ်လျှောက် Radio Telemetry စက်ဖြင့် လိပ်များအား လိုက်လံရှာဖွေနေပုံ

# သစ်မှာအစတု

ခင်အောင် (ငြိမ်း)

**သစ်တော**များသည် လူသတ္တဝါတို့၏ မိတ်ဆွေရင်းချာဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် သစ်တောများပြုန်းတီးလာခြင်းသည် လူသတ္တဝါတို့အဖို့ မိတ်ဆွေနည်းပါးလာခြင်းဖြစ်ပြီး တစ်ဖက်တွင်လည်း ရန်သူများလာသည်ဟုဆိုနိုင်ပါ၏။ ရန်သူမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်အစရှိသည့် ဖန်လုံအိမ်ဓာတ်ငွေ့များပင်တည်း။

ကမ္ဘာ့ရာသီဥတု ပူနွေးလာသည့်ကိစ္စပြောကြလျှင် ကမ္ဘာ့သစ်တောများအကြောင်းမပါလျှင်မပြီးပေ။ အီကွေတာ ခါးပတ်ကြီးပတ်လည်ရှိ Tropical rain forest ဟု လူပြောများသည့် အပူပိုင်းမုတ်သုံသစ်တောများမှာ အဓိကနေရာမှ ပါဝင်လာရတော့သည်။ဤသည်မှာ ပင်မအကြောင်းအချက်ကြီး နှစ်ချက်ကြောင့်ဖြစ်၏။ ပထမအချက်မှာ အပူပိုင်းမုတ်သုံသစ်တောကြီးများသည် မိုးပန်းကိုပန်ဆင်၍ မိုးရေစင်တို့ဖြင့် ကမ္ဘာမြေပြင်ကိုအေးမြစေခြင်းဖြစ်သည်။ ဒုတိယအချက်မှာ ထိုမုတ်သုံသစ်တောကြီးများထဲတွင် အဖိုးတန်သယံဇာတများစွာ ကြွယ်ဝနေခြင်းပေတည်း။(ဇီဝမျိုးစုံမှုနှင့်အခြားကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခြင်းမပြုပါ။)

သစ်တောထဲရှိ စီးပွားဖြစ်ထုတ်ယူသုံးစွဲနိုင်သော သစ်သယံဇာတများကို ၎င်းတို့၏ရုပ်ပိုင်းဆိုင်ရာဂုဏ်သတ္တိများနှင့် အသုံးချမှုအပေါ်တွင်မူတည်၍"သစ်မာ"နှင့် "သစ်ပျော့" ဟုအကြမ်းအားဖြင့် အုပ်စု(၂)စုခွဲခြားထား၏။ အပူပိုင်းဒေသသစ်မာများသည် နှစ်လိုဖွယ်အရောင်အသွေးစုံရှိခြင်း၊ကျစ်လစ်မာကျောခြင်း၊ ဝန်အားကို ခံနိုင်ခြင်း၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိခြင်း၊ တာရှည်အသုံးခံခြင်း၊ ဆောက်လုပ်ရေး၊ ကျည်းပေါင်နှင့် ပရိဘောဂလုပ်ငန်းများအတွက် အထူးသင့်လျော်ခြင်း စသည့် ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြပါသည်။

**သုံးစွဲသူများအပေါ် ဩဇာလွှမ်းမှု**

အထက်တွင်ဖော်ပြခဲ့သည့် ဂုဏ်ဒြပ်များကြောင့်ပင် အပူပိုင်းဒေသ သစ်မာများကို သုံးစွဲသူတို့ပိုမိုနှစ်သက်လိုလားကြသည်။ "သစ်ဆိုရင် အပူပိုင်းဒေသသစ်မာမှ စိတ်ချရတယ်" ဟုပြောစမှတ်ပြုရလောက်အောင် ကမ္ဘာ့သစ်ဈေးကွက်တွင် နာမည်ကျော်ကြားရေပန်းစားလှ၏။ သို့ရာတွင် စိတ်မကောင်းစရာအချက်မှာ အဖိုးတန်သစ်မာများထွက်ရှိရာ ထိုအပူပိုင်းမုတ်သုံသစ်တောကြီးများသည် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်ကံမကောင်းစွာ ဆက်နွယ်လျက်ရှိနေခြင်းပေတည်း။

ကမ္ဘာကြီးပူနွေးလာသည့်ကိစ္စနှင့်ဆက်နွယ်လာလျှင် ယနေ့ ကမ္ဘာသည် ဆတ်ဆတ် ထိမခံသည့်အဆင့်ကို ရောက်ရှိလာသည်။ အချို့သောအဖွဲ့အစည်းများ အိမ် ထောင်စုများနှင့် မိသားစုများစသည့် လူ့အသိုင်းအဝိုင်းသည် ကမ္ဘာ့ရာသီဥတုနှင့် တိုက်ရိုက်ဆက်နွယ်နေသော အပူပိုင်းဒေသမုတ်သုံသစ်တောကြီးများ ပြုန်းတီးလျော့ပါးလာမှုအပေါ် စိုးရိမ်မကင်း ဖြစ်လာကြသည်။ သစ်တောကြီးများကို မူလဘူတအတိုင်းပင် "စိမ့်ကြီးမြိုင်ကြီး ရိပ်ကြီးတောတောင်၊ နေရောင်မခ"ဆိုသကဲ့သို့တွေ့မြင်လိုကြ၏။ သစ်ပင်များကိုအတိုင်းထက်အလွန် ခုတ်လှဲသုံးစွဲ၍ သစ်တောပြုန်းရသည့်အဖြစ်မျိုးကို မလိုလား ကြပေ။

ဤသို့ဖြင့် သစ်တောများကို မိမိတို့အတိုင်းအတာအရ တတ်နိုင်သလောက်ကာကွယ်ထိန်းသိမ်းလိုသည့် သဘောဖြင့် အပူပိုင်းဒေသသစ်တောမှ ထွက်ရှိသောသစ်နှင့်သစ်အခြေခံပစ္စည်းများ အပါအဝင် သစ်တောထုတ်ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရန် လက်ရှိုလာကြတော့သည်။

အထူးသဖြင့် အမေရိကနှင့် ဥရောပနိုင်ငံများသည် ဤကိစ္စနှင့်ပတ်သက်၍ ပိုမိုအလေးထားကြ၏။ သစ်(သို့)သစ်သားထည်တစ်ခု ဝယ်ယူတော့မည်ဆိုလျှင် တရားဝင်သစ်ဖြစ်မှုနှင့် သစ်၏ပင်ရင်းဒေသကိုစုံစမ်းမေးမြန်းလာကြသည်။ အပူပိုင်း မုတ်သုံတောမှသစ်ဆိုလျှင် အချို့တနောက်တွန့်သွားကြသည်။

ဤအခြေအနေသည်"ဖက်ရှင်" တစ်ခုကဲ့သို့ ခေတ်စားလာကာ တစ်ချိန်ချိန်တွင် အပူပိုင်းဒေသ သစ်မာဈေးကွက်အပေါ် လွှမ်းမိုးမှုတစ်စုံ တစ်ရာ ရှိလာနိုင်သည်။

**သစ်မာကွက်လပ်**

The International Tropical Timber Organization (ITTO) ၏အဆိုအရ တစ်ကမ္ဘာလုံး အတိုင်းအတာ သစ်ဈေးကွက်များတွင် ရောင်းဝယ်ဖောက်ကားနေကြသော အပူပိုင်းဒေသ သစ်ထုတ်ကုန်ပစ္စည်းများ၏ တန်ဖိုးပမာဏသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ(၂၀) ဘီလီယံခန့်ရှိပါသည်။ အဆိုပါ သစ်အများစုမှာ အရှေ့တောင်အာရှနှင့် အာဖရိကနိုင်ငံများမှဖြစ်ကြ၏။

ယခုအခါ ဘရာဇီးလ်နိုင်ငံတွင် အမေဇုန်သစ်တောမှ သစ်ထုတ်မှုကိုထိန်းချုပ်လိုက်သဖြင့် လူကြိုက်များသည့် မဟော်ဂနီနှင့် Cedar သစ်အမျိုးအစားများ ပြည်ပတင်ပို့မှု လျော့နည်းလာခဲ့ရသည်။အလားတူ အာဖရိကတိုက်နိုင်ငံအချို့မှ သစ်တင်ပို့မှု လျော့နည်းလာသည်။ မြန်မာ နိုင်ငံအနေဖြင့်လည်း ၂၀၁၄ခုနှစ် မှစတင်၍ သစ်အလုံးလိုက်တင်ပို့မှု ရပ်ဆိုင်းလိုက်ပြီး သစ်ထုတ်မှုကို သိသိသာသာ လျှော့ချခဲ့၏။ ထို့ကြောင့်ရေရှည်တွင် အပူပိုင်းဒေသသစ်များအထွက်နည်းလာမည်။ ထွက်လာသောသစ်ကိုလည်း လူအများ ဝယ်ယူသုံးစွဲရန် လက်နှေးလာ ကြမည်ဖြစ်သည်။

တစ်ဖက်တွင် ကမ္ဘာ့လူဦးရေတိုးပွားမှု ပုံပြမျဉ်း သည် မိုးသို့ထိုးလျက်ရှိသည်။ အိမ်ရာအဆောက်အအုံများ၊

သစ်ပရိဘောဂနှင့် သစ်အခြေခံလူ့အသုံးအဆောင်ပစ္စည်းများ လိုအပ်ချက်မှာလည်း တိုးသထက်တိုး၍သာ လာနေတော့သည်။ ဤသည်ကိုဖြည့်ဆည်းရန်အတွက် သစ်အများအပြား လိုအပ်၏။

ဤသို့ဖြင့် 'ဝယ်လိုအား'နှင့် 'ဝယ်ယူရရှိနိုင်မှု'ချိန်ခွင်လျှာမညီမမျှဖြစ်လာပြီး ကမ္ဘာ့သစ်မာဈေးကွက်တွင် ဟာကွက်တစ်ကွက်ဖြစ်ပေါ်လာဖွယ်ရှိ၏။ သို့ရာတွင် အားတက်စရာကောင်းသည်မှာ ကွက်လပ်ဖြည့်ရန်အတွက် နည်းပညာဖြင့် ပြုပြင်ထားသောသစ် 'သစ်မာအတု'အမျိုးအစားများ တီထွင်ထုတ်လုပ်လာကြခြင်းပင်ဖြစ်သည်။

## သစ်မာအတုအမျိုးအစားများ

### ၁။ Kebony

နော်ဝေးနိုင်ငံ Kebony Co. မှထုတ်လုပ်သည်။ ဓာတုဆေးရည်တစ်မျိုးကို ကြံသကြားထုတ်လုပ်ရာမှထွက်ရှိသည့်ဘေးထွက်စွန့်ပစ္စည်း Furfuryl alcohol နှင့်ရောစပ်၍ သစ်ပျော့သားအတွင်း ထိုးသွင်းပေးရ၏။ ထို့နောက်သစ်သားကို ဖိအား/အပူပေးခြင်း၊ အခြောက်လှန်းခြင်း၊ ကျပ်တိုက်ခြင်းအဆင့်များပြုလုပ်ရသည်။ (၁၀)နှစ်ကျော် သုတေသနပြုထုတ်လုပ်ပြီးမှ ဈေးကွက်အတွင်း ဝင်ရောက်လာပါသည်။ ပြုပြင်ပြီးသစ်မာအတုသည် အနက်ရောင်ပြောင်လက်ချောမွေ့နေပြီး အမေဇုန်သစ်တောမှထွက်ရှိသည့် 'မဟော်ဂနီ' သစ်၏ပင်ကိုလက္ခဏာများ ပါရှိသည်ဟုဆိုသည်။

သစ်သားတာရှည်ခံရန်အတွက် အသုံးပြုလေ့ရှိသော သတ္တုဓာတ်များနှင့်ပိုးသတ်ဆေးများ ပါဝင်ခြင်းမရှိသဖြင့် သဘာဝပတ်ဝန်းကျင်ကို ရာနှုန်းပြည့်ထိခိုက်မှုမရှိဟုဆိုပါသည်။

### ၂။ Thermalwood

စကင်ဒီနေးဗီးယားနိုင်ငံမှ Finnforest Co. နှင့် Stora Enso Co. တို့သည် အပူပေးသည့်စနစ်ဖြင့် Thermalwood ကိုပြုပြင်တီထွင်ထုတ်လုပ်ခဲ့ကြသည်။ သစ်ပျော့သားကို ရေနွေးငွေ့ဖြင့် ၂၀၀ ဒီဂရီစင်တီဂရိတ်အထိ အပူချိန်မြင့်မားစွာပေးခြင်းဖြစ်သည်။ ဤသို့ဖြင့် သစ်အတွင်းမှ အစိုဓာတ်နှင့်သစ်စေးများကို ဖယ်ထုတ်လိုက်ပြီး သစ်၏အသားသေမှုနှင့် တာရှည်အသုံးခံမှုကို ဖြစ်စေသည်။

Thermalwood ကို သဘော်ခင်းပျဉ်၊ ဥယျာဉ်သုံးပရိဘောဂနှင့် ပြင်ပသုံးနေရောင်ကာများအဖြစ် ဈေးကွက်တင်ရောင်းချလျက်ရှိကြောင်း သိရှိရပါသည်။ သစ်သားကို အပူပေးသည့်စနစ်ဖြင့်သာ ပြုပြင်ထုတ်လုပ်ထားသောကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိနိုင်ပါ။

### ၃။ Accoya

သဘာဝအလျောက်ထွက်ရှိသည့် Acetic acid ကို အသုံးပြု၍ သစ်ပျော့သား၏ မော်လီကျူးတည်ဆောက်မှုပုံစံကို ပြောင်းလဲပေးခြင်း(Acetylation)ဖြစ်သည်။ မူလသစ်၏ အရောင်အသွေးကို မပြောင်းလဲစေဘဲ သစ်သားကိုပိုမိုအသားသေပြီး တာရှည်အသုံးခံစေသည်။

Titan Wood Co. အမှတ်တံဆိပ်ပါသော Accoya သစ်သည် လူသိများသော သစ်အမျိုးအစားဖြစ်ပြီး ပြင်ပသုံးကျည်းဘောင်၊ တံခါး၊ ပြတင်း၊ နေရောင်ကာစသည့် ပစ္စည်းများအဖြစ် ထုတ်လုပ်၍ ဈေးကွက်တွင်ရောင်းချလျက်ရှိသည်။ Accoya သစ်သည် နှစ်ပေါင်း(၅၀)အထိအသုံးခံပြီး၊ (၁၂) နှစ်အတွင်း ဆေးသုတ်ပြုပြင်ရန်မလိုအပ်ကြောင်း ထုတ်လုပ်သည့်ကုမ္ပဏီကဆိုပါသည်။ သဘာဝအလျောက်ထွက်ရှိသည့် Acetic acid ကိုသာ အသုံးပြုသဖြင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်ပါ။

## ဈေးကွက်အခြေအနေ

Kebony သစ်မှာ ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိ၍ တာရှည်အသုံးခံခြင်း၊ အရောင်အသွေးလှပခြင်း၊ ဝယ်ယူသုံးစွဲသူများအနေဖြင့် အပူပိုင်းဒေသ သစ်မာအမျိုးအစားများနေရာတွင် အစားထိုးရန်ဖြစ်ခြင်းစသည့် အားသာချက်များကြောင့် ဥရောပတွင် ဝယ်လိုအားတိုးမြင့်လျက်ရှိသည်။ လေ့တည်ဆောက်သည့်နေရာတွင် မြန်မာ့ကျွန်းသစ်အစား အသုံးပြုနိုင်ရန် ရည်မှန်းထားကြောင်းသိရှိရပါသည်။

Accoya သစ်သည် သံမဏိ၊ အလူမီနီယံ၊ PVC၊ ကွန်ကရစ်စသည်တို့၏ ဈေးကွက်နေရာများတွင် ဝင်လာလိမ့်မည်ဟု တွက်ဆထားကြသည်။ ၄င်းအပြင် ဥရောပဈေးကွက်တွင် အပူပိုင်းဒေသ သစ်မာအထပ်သားများ၏ နေရာတွင်ဝင်ရောက်ရန် ဦးတည်လျက်ရှိ၏။

စပိန်နိုင်ငံ၏ နာလန်ထူလာသည့် စီးပွားရေးနှင့်အတူ သစ်အခြေခံစက်မှုလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုတွင် အပူနည်းဖြင့်ဖြစ်စေ၊ ဓာတုနည်းဖြင့်ဖြစ်စေ ပြုပြင်ထားသည့်သစ်များကို ပြင်ပသုံးအဖြစ် အသုံးပြုရန်အခွင့်အလမ်းသစ်များ ရရှိလာကြောင်း စပိန်နိုင်ငံ၏ သစ်တင်သွင်းသူများ အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Alberto Romero ကပြောကြားဖူးပါသည်။

## သုံးသပ်ချက်

မြန်မာနိုင်ငံမှ ဥရောပသို့ တင်ပို့သည့် သစ်နှင့်သစ်ထုတ်ကုန်ပစ္စည်းများအနက် ကျွန်းသစ်မှလွဲ၍အခြားသစ်မာအမျိုးအစားများမှာ ဈေးကွက်တွင် ရေပန်းမစားလှပေ၊ ယခုအခါ ကျွန်းသစ်ထုတ်ယူမှုကို သိသိသာသာကြီး လျှော့ချလိုက်ပြီဖြစ်ရာ အနာဂတ်တွင် သစ်မာပြည်ပပို့ကုန်များကိုသာ အားထားရဖွယ်ရှိလာ၏။

သို့ရာတွင် အထက်တွင် တင်ပြခဲ့သည့်အတိုင်း အပူပိုင်းဒေသမှတ်သုံသစ်တောထွက် သစ်များအပေါ် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဝယ်ယူသုံးစွဲလိုသူတို့ အမြင်မကြည်မလင်ဖြစ်လာကြသည်။ ဤသည်ကို အခွင့်ကောင်းယူ၍ သမပိုင်းဇုန်နှင့် အအေးပိုင်းဇုန်တွင် ပေါက်ရောက်သော သစ်ပျော့အမျိုးအစားများဖြင့် 'သစ်မာအတု'များထုတ်လုပ်လာကြပါသည်။

သို့ဖြစ်ရာ ရေရှည်တွင် မြန်မာ့သစ်မာထုတ်ကုန်ပစ္စည်းများအဖို့ ယှဉ်ပြိုင်ဖက်အသစ်တစ်ခုနှင့် ကြုံတွေ့လာနိုင်ဖွယ်ရှိကြောင်း သုံးသပ်ရပါသည်။ ။

၂၀၁၄ ခုနှစ် အောက်တိုဘာလထဲမှာ စာရေးသူရဲ့ သုတေသနစာတမ်းအတွက် ချင်းပြည်နယ် မတူပီမြို့ကိုသွားခဲ့ပြီး အပြန်မှာတော့ ဘာလီဆိုတဲ့ ပြည်ပခရီးစဉ်တစ်ခုမှာ စာရေးသူကို ထည့်ပေးထားတယ်ဆိုတဲ့ သတင်းကိုကြားရပါတယ်။ ဘာခေါင်းစဉ်နဲ့လဲလို့ မေးကြည့်တဲ့အခါမှာတော့ ဒရင်ကောက်ပင်နဲ့ ရေညှိမှော်ပင်များတဲ့။ ဒရင်ကောက်ပင်ကတော့ စာရေးသူတို့ အမျိုးသမီးတိုင်း အိမ်မှာပန်းအလှအိုးထိုးတဲ့အခါ ပန်းရောင်စုံနဲ့အတူ ရောပြီးထည့်ရတဲ့ အရွက်စိမ်းတွေပါဘဲ။ ရေညှိရေမှော်ပင်များကတော့ အပင်ကြီးတွေ၊ အုတ်နီခဲတွေ၊ ကျောက်တုံးတွေအပေါ်မှာ ပေါက်တတ်ပါတယ်။ စာရေးသူ ရုက္ခဗေဒ(တတိယနှစ်)မှာ သူတို့ရဲ့ဘဝစက်ဝန်းတွေကိုသင်ခဲ့ရပေမယ့် အခုတစ်ခါမှာတော့ မျိုးစိတ်အလိုက် အမျိုးအစားခွဲခြားခြင်း ဘာသာရပ်ကိုသင်ကြားဖို့ သင်တန်းတက်ရမှာဖြစ်ပါတယ်။ စာရေးသူကတော့ အဆိုတော် ဖြူသီ ရဲ့ "အင်ဒိုနီးရှား ပိုလာ ဘာလီကျွန်း" သီချင်းကိုကြားယောင်မိပြီး မရောက်ဖူးသေးတဲ့နေရာ၊ ရောက်ခဲလှတဲ့နေရာကို သွားရမှာမို့ ဝမ်းသာမိပါတယ်။ ဒါကြောင့် ဘာလီကျွန်းအကြောင်း ရှာဖွေကြည့်တဲ့အခါ အတော်စိတ်ဝင်စားစရာကောင်းတာကို တွေ့ရပါတယ်။

ရုပ်ထုတွေကို တွေ့နိုင်ပါတယ်။ ဒါ့အပြင်ဘာလီမှာ ရေငုပ်ခြင်း၊ ရေလွှာလျှောစီးခြင်းနဲ့ လှိုင်းစီးခြင်းဟာ နိုင်ငံခြားသားများအကြား အလွန်ရေပန်းစားတဲ့ အားကစားတစ်ခုပါဘဲ။ စာရေးသူကတော့ ရေမကူးတတ်သူမို့ ကမ်းစပ်ကသာ ကြည့်ရမယ့် ဇာတာရှင်ပါဘဲ။

စာရေးသူနဲ့အတူ လိုက်ပါမယ့်သူကတော့ နတ်မတောင်အမျိုးသားဥယျာဉ်က တောအုပ်မလိန်းရှိန်းမံ ဖြစ်ပါတယ်။ သူမနဲ့အတူ စာရေးသူဟာ ဂျပန်နိုင်ငံက MBK အဖွဲ့ဝင်တွေနဲ့အတူ သုတေသနလုပ်ငန်းတွေမှာ အတူတူဆောင်ရွက်ဖူးတဲ့အတွက် အချင်း

# သင်တန်းတက်ဖို့ တူပျော်ပျော် ဘာလီကျွန်းကို သွားရို့နော်



ဒေါ်မြင့်မြင့်စန်း၊ လက်ထောက်သုတေသနအရာရှိ၊ သစ်တောသုတေသနဌာန

ဘာလီကျွန်းဟာ ကမ္ဘာ့အကျော်ကြားဆုံး ကျွန်းတွေထဲမှာ တစ်ခုအပါအဝင် ဖြစ်ပြီး နောက်ခံသမိုင်း၊ ယဉ်ကျေးမှု၊ သီချင်းနဲ့အကများရှိတာတွေ့ရပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ကျွန်းပေါင်း(၁၇၀၀၀၀)ထဲကတစ်ခုဖြစ်ပါတယ်။ ဘာလီကျွန်းဟာ ဂျာဗားကျွန်းရဲ့ အရှေ့ဘက်စွန်း၂ ကီလိုမီတာလောက်မှာတည်ရှိပြီး လူဦးရေ(၄)သန်းနေထိုင်ပါတယ်။ ကျွန်းကို အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အလယ်ပိုင်းနဲ့တောင်ဘက်စွန်းက ကျွန်းတွေဆိုပြီး ခွဲခြားထားပါတယ်။ အဓိက ထင်ရှားတဲ့မြို့ကြီး(၁၀)မြို့ရှိပြီး စာရေးသူတို့ တည်းခိုနေထိုင်တဲ့နေရာကတော့ တောင်ဘက်ပိုင်းက Denpasar မြို့ဘဲဖြစ်ပါတယ်။ ဘီစီ ၁၀၀ စောပိုင်းမှာ ဘာလီကျွန်းကို ဟင်ဒူဘာသာရောက်ရှိခဲ့ပါတယ်။ ဒါပေမဲ့ ၁၄ရာစုလောက်မှာ ဂျာဗားဘုရင်ဟာ ဘာလီကို အောင်နိုင်ခဲ့တဲ့အတွက် ဂျာဗားက အနုသုခုမလက်ရာများ၊ ပန်းပုလက်ရာများ၊ အကများဟာ ဘာလီမှာ လွှမ်းမိုးခဲ့တယ်လို့ဆိုပါတယ်။ ၁၆ ရာစုရောက်တော့ ဂျာဗားအင်ပါယာကျဆုံးခဲ့ပြီး ၁၈၄၆ ခုနှစ် မှ ၁၈၄၉ ခုနှစ် အထိ ဒတ်ချ် လူမျိုးတို့ရဲ့ကိုလိုနီနယ်ချဲ့လက်အောက်မှာ ကျရောက်ခဲ့ရပြန်ပါတယ်။ ၁၉၄၅ ခုနှစ်မှာ ဘာလီဟာ အင်ဒိုနီရှားနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ ပါဝင်လာခဲ့ပေမဲ့ အခြားသော ကျွန်းတွေလို အစ္စလာမ်ဘာသာကို မကိုးကွယ်ဘဲ ဟင်ဒူဘာသာကိုသာ ကိုးကွယ်တဲ့အတွက် အလွန်ထူးခြားတဲ့ ဘာလီလူမျိုးများလို့ပြောရင် လွန်မယ်မထင်ပါဘူး၊ ဒါကြောင့် အိမ်၊ ရုံး၊ စားသောက်ဆိုင်နဲ့ ဟိုတယ်တွေ၊ လက်ဆောင် ပစ္စည်းရောင်းတဲ့ဆိုင်တွေမှာ နေရာသီးသန့်ထားပြီး ကျောက်ဆစ်လက်ရာမျိုးစုံနဲ့ သူတို့ရဲ့

ချင်းသိကြပါတယ်။ ပြည်ပခရီး မသွားခင် စာရေးသူတို့နိုင်ငံက ဒရင်ကောက်ပင်နဲ့ ရေညှိရေမှော်စာရင်း ကြည့်တော့လည်း Check List မှာမပါ။ ဒါ့ကြောင့် နတ်မတောင်အမျိုးသားဥယျာဉ်က ယခင်ကောက်ယူခဲ့တဲ့ အပင်စာရင်းတွေကို ပြန်ကြည့်တော့ အနည်းငယ်သာတွေ့ရတာမို့ ကဲ-ဒီတစ်ခါတော့ ရှိစေ။ ပြန်လာမှ အခြားတက္ကသိုလ်တွေနဲ့ ချိတ်မယ်ဆိုပြီး နိုဝင်ဘာလ ၂၄ ရက်နေ့မှာ စက်ဘပူကနေတစ်ဆင့် ဘာလီကို ထွက်ခွာခဲ့ကြပါတယ်။ စာရေးသူက စက်ဘပူကို မရောက်ဖူးတာမို့ အဲဒီကတစ်ဆင့်သွားတာ ဖြစ်ပါတယ်။ လေဆိပ်ထဲမှာဘဲရောက်ပေမဲ့ တ ကယ်လှတဲ့ စက်ဘပူပါဘဲ။ အားကျမိပါတယ်။ တစ်ချိန်လုံး မိုးရွာတာကြောင့် ဘာလီကျွန်းပေါ်ကို ည(၁၀)နာရီမှ ရောက်ရှိပါ

တယ်။ လေယာဉ်ပေါ် ကကြည့်ရင်ကျွန်း တစ်ခုလုံးကို မီးအရောင်တွေနဲ့ အနားသတ်ထားတာမို့ အလွန်လှပါတယ်။ အဲဒီကမှတစ်ဆင့်ကားငှါးပြီး ဟိုတယ်ကို သွားကာ ညအိပ်ရာဝင်ခဲ့ပါ တယ်။

မနက်မိုးလင်းတော့ မိုးရွာထားတာမို့ အပြင်ဘက်မှာ မိုးရေတွေနဲ့ စိုရွှဲနေပါတယ်။ မနက်စာစားဖို့ အပြင်ဘက်ထွက်တော့ ထိုင်းနိုင်ငံသား မစ္စတာ ကစ်တီပုန်ကို တွေ့ရပါတယ်။ သူကလည်းဝမ်းသာအားရနဲ့ နှုတ်ဆက်ပါတယ်။ သူနဲ့ FORMIC II မှာ ဂျပန်နိုင်ငံသူ Ms. Maeda တို့နဲ့အတူ နတ်မတောင်အမျိုးသားဥယျာဉ်မှာ (၁၀)ရက်ကြာ မြက်မျိုးရင်းအပါအဝင် အပင်မျိုးစိတ်တွေကို ကွင်းဆင်း စုဆောင်းခဲ့ကြပါတယ်။ သူကစိတ်ရင်းကောင်းပြီး အမြဲကူညီတတ်သူဖြစ်ပါတယ်။ စာရေးသူတို့တည်းခိုရတဲ့ ဟိုတယ်အမည်ကတော့ Demparsa Hotel ဖြစ်ပါတယ်။ နံနက်စာစား အပြီး၊ ကားစောင့်နေစဉ်မှာ စာရေးသူ က ဟိုတယ်ရှေ့မှာ သီးသန့်ကိုးကွယ်ထားတဲ့ ဟင်ဒူဘုရားကို လှေ့လာပါတယ်။ ထုံးစံအတိုင်း ကျောက်ဆစ်လက်ရာနဲ့ နတ်ဘီလူးရုပ်ထုဖြစ်ပြီး သူ့အရှေ့မှာတော့ အုန်းလက်နဲ့လေးထောင့်ခွက်ပုံ သဏ္ဌာန်ခွေထားကာ အထဲမှာတော့ ဘီစကစ်မုန့်အချပ်၊ ချွေထားတဲ့ ပျဉ်းမ အပွင့်များ၊ ထမင်း၊ စီးကရက်၊ ကော်ဖီ တွေကို တွေ့ရပါ တယ်။ ခဏနေတော့ ဟိုတယ်ဝန်ထမ်းအမျိုးသမီးလေးက ရေနဲ့အမွှေးတိုင် ထွန်း နေတာတွေ့ရလို့ မေးကြည့်တော့ အစားအစာမကပ်မီ ရေနဲ့အမွှေးတိုင်တွေကို တစ်နေ့(၃)ကြိမ် ကပ်လှူတယ်လို့ ပြောပါတယ်။ ရုပ်ထုအပေါ် မှာလည်း ထီးမိုးထားပါတယ်။ ရုပ်ထုရဲ့ အောက်ပိုင်း မှာတော့ အဖြူခံမှာ အမည်းကွက်ပါတဲ့ ပုဆိုးနဲ့ ပတ်ထားတာ တွေ့ရပါတယ်။ ဘာလီသူတွေဟာ အသားမဖြူမည်းရှိပြီး အစ္စလာမ်လူမျိုးတွေ နဲ့နှိုင်းယှဉ်ရင် ကွဲပြားပါ တယ်။ အချို့အသက်ကြီးသူတွေကတော့ စာရေးသူတို့လိုဘဲ ထဘီကိုဝတ်ကြ ပါ တယ်။ ဈေးကဘာလီအမျိုးသမီးတွေဟာ အပေါ် အကျီမဝတ်ကြဘူးဆိုတာကို History of Bali စာအုပ်ရဲ့မျက်နှာဖုံးမှာတွေ့ရပါတယ်။ အလွန်အံ့ဩစရာပါဘဲ။

ခဏနေတော့ စာရေးသူတို့ သင်တန်းသားများဟာ Dhayana Pura University ကို နံနက်(၈) နာရီမှာ စီစဉ်ထားတဲ့ကားနဲ့ ထွက်ခွာခဲ့ပါတယ်။ နီးပေမဲ့ ရန်ကုန်လိုဘဲကားနဲ့ ဆိုင်ကယ်တွေကြောင့် လမ်းပိတ်နေလို့ နာရီဝက်ကြာ သွားရပါတယ်။ တက္ကသိုလ်က သိပ်မကျယ်ပေမဲ့ သန့်ရှင်းသပ်ရပ်ပြီး ကျောင်းဝတ်စုံပြာတွေနဲ့မို့ ကြည့်ရတာရှင်းနေပါတယ်။ စာသင်ခန်းတစ်ခုထဲမှာ ဖွင့်ပွဲကို ကျောင်းအုပ်ကြီးက ဖွင့်လှစ်ပေးပါတယ်။ အဲဒီနောက် ငွေကြေးထောက်ပံ့ပေးတဲ့ ACB, JAIFက တာဝန်ရှိသူတွေက သင်တန်းရဲ့ရည်ရွယ်ချက်ဖြစ်တဲ့ သက်ဆိုင်ရာ အာဆီယံနိုင်ငံများအလိုက် မိမိတို့နိုင်ငံရှိ ဇီဝမျိုးစုံမျိုးကွဲများ၏ သတင်းအချက်အလက်များကို စုစည်းပြီးစီမံခန့်ခွဲမှု ပြုလုပ်ရာတွင် မျိုးစိတ်များကို ကျွမ်းကျင်စွာခွဲခြားတတ်စေရန်ဖြစ်ကြောင်းနဲ့ မိန့်ခွန်းပြောကြားကာ စာရေးသူတို့အားလုံးကလည်း အပြန်အလှန်မိတ်ဆက်ကြရပါတယ်။ ပြီးတာနဲ့ခဏနားပြီး ကော်ဖီနဲ့မုန့်ကျွေးပါတယ်။ မုန့်ဆိုလို့ စာရေးသူတို့နိုင်ငံက မြန်မာမုန့်တွေလိုပါဘဲ။ စားလို့ကောင်းပါတယ်။

နံနက်ပိုင်းမှာတော့ ဒရင်ကောက်ပင်များ မျိုးခွဲခြားခြင်းဆိုင်ရာ အကြောင်းကို ဆရာ Dr.Dedy ကသင်ကြားပါတယ်။ မျိုးခွဲခြားခြင်း ဆောင်ရွက်ရာမှာ အပင်ရဲ့ပြင်ပလက္ခဏာများ၊ အတွင်းပိုင်းဆဲလ်ပုံသဏ္ဌာန်များ၊ ပေါက်ရောက်တတ်တဲ့ ဂေဟဗေဒများ၊ မျိုးရိုးဗီဇများနဲ့ ဒီအန်အေများပါဝင်ပါကြောင်း၊ အပင်များ၏ ဆင့်ကဲဖြစ်စဉ်များ၊ မလေးရှားနိုင်ငံတွင် ပေါက်ရောက်သောအပင်များ၊ သုတေသနဆောင်ရွက်ပြီးသော အကြောင်းအရာများအပြင် စီးပွားရေးအရအရေးပါတဲ့ ဒရင်ကောက်ပင်အကြောင်းကို ဆက်လက်သင်ကြားပါတယ်။ အချို့သော ဒရင်ကောက်ပင်တွေဟာ အစားအစာအဖြစ် ချက်ပြုတ်စားသောက်နိုင်ခြင်း၊ ဆေးဖက် ဝင်အပင်အဖြစ်အသုံးပြုနိုင်ခြင်း၊ လက်မှုပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ခြင်း၊ ကစားစရာစွန်အဖြစ်နှင့် အိမ်တွေ၊ စားသောက်ဆိုင်တွေ၊ အလှပန်းအိုးထိုးခြင်း တွေမှာ အသုံးပြုကြကြောင်းပုံများနဲ့တကွ ရှင်းလင်းသင်ကြားပါတယ်။

စာရေးသူတို့နိုင်ငံမှာတော့ တောင်တန်းဒေသက တိုင်းရင်းသားတွေ ကတော့ ဟင်းအဖြစ်စားသုံးတာသိပေမဲ့ ဆေးအဖြစ် အသုံးပြုတာမသိပါဘူး။ စာရေးသူအတွက်တော့ အဖိုးတန်ဘာသာရပ်တစ်ခု တိုးတာပေါ့နော်။ ဒရင်ကောက်ပင်ကလည်း အခြားသစ်တောထွက်ပစ္စည်းဘဲလေ။ နောက်တစ်မျိုးကတော့ *Platycerium* spp. ဆိုတဲ့ အိမ်အပြင်ဘက်မှာအလှဆင်နိုင်တဲ့ မျိုးစိတ်ပါဘဲ။ စာရေးသူတို့နိုင်ငံမှာ အဲဒီအပင်မျိုးစိတ်(၂)မျိုးရှိပါတယ်။ သစ်ပင်ကြီးတွေ အပေါ် မှ ပေါက်ပြီး အရွက်ဖားဖားကြီးတွေနဲ့ စိမ်းစိုနေပါတယ်။ နောက်တစ်မျိုးကတော့ သစ်ပင်ကြီးလို ကြီးမားဖြောင့်တန်းတဲ့ *Cyathea* spp. အပင်မျိုးစိတ်ပါဘဲ။ အဲဒီအပင်တွေရဲ့ ပင်စည်တွေကို အိမ်ဆောက်လုပ်ရာမှာ လည်းကောင်း၊ သစ်ခွပင်များ စိုက်ပျိုးရာတွင်လည်းကောင်း၊ လက်မှုပစ္စည်းအဖြစ် ပန်းပုထုလုပ်ကာ ရောင်းချကြတဲ့အတွက်လည်းကောင်း အင်ဒိုနီးရှားနိုင်ငံမှာ ထိန်းသိမ်းကာကွယ်ထားတဲ့ စာရင်းဝင်နေပြီလို့ သိရပါတယ်။ ဒါ့အပြင် *Cibotium barometz* ဆိုတဲ့ အပင်ရဲ့ အမွေးတွေဟာ သွေးတိတ်ဆေး အဖြစ်ပြုလုပ်ရာမှာ အများအပြားထုတ်ယူနေကြလို့ မလေးရှား၊ အင်ဒိုနီးရှားနဲ့ ဖိလစ်ပိုင်နိုင်ငံတွေမှာ ထိန်းသိမ်းကာကွယ်ထားပြီ ဖြစ်ကြောင်း သိရပြန်ပါတယ်။


ဆွမ်းတင်ထားပုံ


*Cyathea* spp


*Cibotium barometz*

# ပညာတော်သင်ဘဝတွေ့ကြုံရသမျှနှင့် သူတို့ဆီမှအတုယူစရာများ

ငွေးမောင်
လက်ထောက်ကထိက၊သစ်တောတက္ကသိုလ်

စိတ်ကူးအိပ်မက်မရှိသောသူသည် အသက်ရှင်ရပ်တည်နေနိုင်မည် မဟုတ်။ မျှော်လင့်ချက်၊ စိတ်ကူးအိပ်မက်ရှိမှသာ ထိုစိတ်ကူးအကောင်အထည် ပေါ်လာဖို့ကြိုးစားပုံဖော်ရင်း၊ ထိုအိပ်မက်လက်တွေ့ ဖြစ်လာဖို့ကြိုးစားရှုန်းကန်ရင်း ဖြစ်ပေါ်လာသောစိတ်အားထက်သန်မှုကြောင့်သာ ဘဝသည်နေပျော်သည်၊ ပျော်ရွှင်ဖွယ်ရာအတိဖြစ်သည်ဟု ခံစားရင်းအသက်ရှင်ရပ်တည်နေထိုင်နိုင်မည်ဖြစ်ပါသည်။ ကြားခဲ့ဖူးသော "လင်းတ" ငှက်ငယ်လေးများပုံပြင်တွင် ၎င်းတို့၏ ငယ်ဘဝသည်လည်း စိတ်အားထက်သန်မှုကြောင့်သာ အသက်ဆက်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အသိုက်အမြုံအတွင်း ဥမှပေါက်လာသော လင်းတငှက်သားပေါက်ငယ်လေးများသည် မိဘများမှအစာကျွေးမည်ယုံကြည်ခံစားရင်း စားလိုသောအစာအတွက် စိတ်အားထက်သန်မှုကြောင့်သာ အသိုက်ပေါ်လာနားသောမိဘများဆီမှ အစာရနံ့ကိုရှူရှိုက်ပြီးအရွယ်ရောက်လာကြရလေသည်။

သို့ဖြစ်ရာ စိတ်အားထက်သန်မှုကြောင့်သာ မိမိဘဝကို မိမိကိုယ်တိုင်အလိုရှိရာပုံစံအတိုင်း ထုဆစ်ပုံဖော်နိုင်မည်ဖြစ်ပြီး အောင်မြင်မှုလမ်းကြောင်းပေါ်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ မျိုးဆက်သစ် သစ်တောသမား လူငယ်လူရွယ်များတွင်လည်း စိတ်ကူးအိပ်မက်မျှော်လင့်ချက်များ၊ ထိုမျှော်လင့်ချက်များအား အကောင်အထည်ဖော်လိုသော စိတ်အားထက်သန်မှုများရှိနိုင်ပါသည်။ လူတိုင်း၏ စိတ်ကူးမျှော်လင့်ချက်များ မတူနိုင်သော်လည်း "ပညာတော်သင်သွားရမည်" ဟူသောအိပ်မက်ကိုတော့ လူငယ်တိုင်းမက်ဖူးကြလိမ့်မည်ဟု ထင်ပါသည်။ စာရေးသူတွင်လည်း ထိုကဲ့သို့သောအိပ်မက်မျိုးအကြိမ်ကြိမ်အခါခါမက်ဖူးပါသည်။ စိတ်ဆန္ဒပြင်းပြမှုနှင့် ကံတရားမျက်နှာသာပေးမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ အကြီးအကဲများ၏ အားပေးမှုအစရှိသည့် အကြောင်းအားလုံးကောင်းမွန်ပေါင်းဆုံသွားသည့်အတွက် ဂျာမနီနိုင်ငံ၊ ဂိုတင်ဂန်တက္ကသိုလ်သို့ သစ်တောပညာရပ်ဆိုင်ရာ ပါရဂူဘွဲ့ယူရန် (၂၀၀၉ မှ ၂၀၁၃ အထိ) သွားရောက်ခဲ့ရပါသည်။


ဂိုတင်ဂန်တက္ကသိုလ်စာကြည့်တိုက်



ဂျာမနီနိုင်ငံ၊ ဂိုတင်ဂန်တက္ကသိုလ်ဟုဆိုလျှင် သစ်တောသမားအားလုံး၏ အတွေးထဲတွင် မြင်ယောင်လာအောင် ပုံဖော်ကြည့်နိုင်မည်ဟုထင်ပါသည်။ အပြင်ရုပ်သဏ္ဍာန်အားဖော်ပြရလျှင် ကြီးမားထည်ဝါသောစာသင်ဆောင်များ၊ ကြီးမားသည်နှင့်အမျှပြည့်စုံသောစာကြည့်တိုက်၊ အင်တာနက်၊ လက်တွေ့သုတေသနဆောင်ရွက်ရန်အလွန်အရေးပါသောဓါတ်ခွဲခန်းများနှင့်မှန်လုံအိမ်များ၊ ကျောင်းသူကျောင်းသား ဆရာဆရာမများအတွက် ကျန်းမာရေးအထောက်အကူပြု လေ့ကျင့်ခန်း လုပ်နိုင်သော အားကစားခန်းမ၊ ဂေါက်ကွင်းများ၊ ကျောင်းသားကျောင်းသူများအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့်အစားအစာများအား အထူးလျှော့ဈေးဖြင့်ရောင်းချပေးသည့်ကင်တင်းများ အစရှိသည့်တက္ကသိုလ်အခြေခံအဆောက် အဦးများအား ခမ်းနားစွာတွေ့မြင်ရမည်ဖြစ်ပါသည်။

တက္ကသိုလ်၏သရုပ်ကိုအတွင်းကျကျလေ့လာကြည့်ပါက ထိရောက်ပြီး ခေတ်နှင့်ညီသောသင်ရိုးညွှန်းတမ်းများ၊ နည်းပညာများ၊ သင်ထောက်ကူပစ္စည်းများ၊ သင်ကြားပေးသည့်နည်းစနစ်များ၊ တက္ကသိုလ်ပညာရေး အထောက်အပံ့ပေး သောပရိုဂရမ်များ (အင်္ဂလိပ်စာ၊ သစ်တောဆိုင်ရာ စာရင်းအင်းပညာ (Biometrics)၊ သုတေသနစာတမ်းရေးသား နိုင်ရေးပို့ချပေးသောသင်တန်းများ (Scientific Writing Course)၊ မိမိ၏သုတေသနပြုလုပ်လေ့လာတွေ့ရှိချက်များအား ထိရောက်စွာ တင်ပြတတ်စေရန် လေ့ကျင့်ပေးသော သင်တန်းများ (English Presentation Skill Course)အစရှိသည့်နည်းလမ်းအထွေထွေ တို့ဖြင့် သင်ကြားရေးတွင် ကျောင်းသားများတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုအား အလေးထားဖြည့်ဆည်းပေးထားသကဲ့သို့ အဆိုပါသင်တန်းများသည် ကျောင်းသားများ၏ မိမိကိုယ်ကို မိမိယုံကြည်မှုဖြစ်တည်လာစေရန် တည်ဆောက်ပေးနိုင်ကြောင်း တွေ့ရှိရပါသည်။

ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ် (Student Center Learning)၏ နမူနာကောင်းများစွာအားလည်း လေ့လာတွေ့ရှိနိုင်ပါသည်။ သက်ဆိုင်ရာဘာသာရပ် အလိုက် ပြုလုပ်ရသော Presentations, Group discussions, Group Assignments များမှတစ်ဆင့် စာသင်

ခန်းအတွင်း ဆရာနှင့်အပြန်အလှန် ဆွေးနွေးနိုင်ခြင်း၊ ကျောင်းသူကျောင်းသား အချင်းချင်းဆွေးနွေးငြင်းခုံနိုင်ခြင်း၊ တက္ကသိုလ်သစ်တောအတွင်း လက်တွေ့လုပ်ဆောင်နိုင်ခြင်း၊ Laboratory အတွင်းဘာသာရပ် အလိုက် သုတေသနလုပ်ငန်း ဆောင်ရွက်ပုံအား သရုပ်ပြခြင်း အစရှိသည့် ကျောင်းသား ဗဟိုပြုသင်ကြားခြင်းနည်းစနစ်ကောင်းများသည် ဂိုတင်ဂန် တက္ကသိုလ်ကို အပြည်ပြည်ဆိုင်ရာ ကျောင်းသားများ ရွေးချယ်တက်ရောက်ခြင်း၏ အကြောင်းရင်းများစွာထဲမှတစ်ခုဖြစ်စေပါသည်။ ရုပ်ဝတ္ထုပိုင်း ပြည့်စုံခြင်းများအပြင် ဆရာများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်း



ဂိုတင်ဂန်မြို့အထိမ်းအမှတ်ရုပ်ထု Gaensezieselနှင့် ပါရဂူဘွဲ့ ပြီးမြောက်ခြင်းအမှတ်တရ



ကန္တာစိမ်းစိုက်ပျိုးခြင်း

များ၏ စည်းကမ်းရှိမှု၊ အထူးသဖြင့်အချိန်လေးစားမှုနှင့် ကြိုးစားအားထုတ်မှုများကိုလည်း အတုယူဖွယ်တွေ့မြင်ရပါသည်။

ပညာသင်ဘဝအတွေ့အကြုံများထဲမှ အနှစ်သက်ဆုံးအတွေ့အကြုံ အကြောင်း ဖော်ပြရမည်ဆိုပါက Laboratory အတွင်း လက်တွေ့သုတေသနလုပ်ဆောင်ခွင့်ရရှိခဲ့ခြင်းနှင့် မိမိတို့၏ အပူပိုင်းဒေသသစ်မျိုး (Tropical species) အား အအေးပိုင်းဒေသမှန်လုံအိမ်အတွင်းစိုက်ပျိုးစမ်းသပ်ခွင့်ရရှိခဲ့ခြင်း၊ မြေသားမပါသော ရေကြားခံ (Hydroponic culture)တွင် ကန္တာစိမ်းစိုက်ပျိုးစမ်းသပ်ခွင့်ရရှိခဲ့ခြင်းများပင်ဖြစ်ပါသည်။ ထို့အပြင် မိမိအတွက်အသင့်လျော်ဆုံးဖြစ်မည့် သုတေသနစာတမ်းရေးသားခြင်းဆိုင်ရာသင်တန်း၊ English Presentation Skill သင်တန်းများတက်ရောက်နိုင်ခဲ့ခြင်းအတွေ့အကြုံများပင် ဖြစ်ပါသည်။ ပြည်ပပညာသင်ဘဝ စိတ်လှုပ်ရှားဖွယ်ရာအကောင်းဆုံးအတွေ့အကြုံကို ဖော်ပြရလျှင်တော့ ပါရဂူဘွဲ့ရရှိသူများအတွက် ပါရဂူဘွဲ့ရရှိသောနေ့၌သာ ပြုလုပ်ခွင့်ရရှိသည့် ဂိုတင်ဂန်အထိမ်းအမှတ်ရုပ်ထု Gaenseliesel အား နမ်းရှိုက်ခွင့်ရရှိသည့်အချိန်လေးဟု ပြောရှိုရနိုင်ပေလိမ့်မည်။

---

စာမျက်နှာ (၂၄)မှ အဆက်

လက်တွေ့ခံစားရသည်ကို တွေ့မြင်ရပြီးနောက် လျှော်ဖြူပင်ကို လိုလိုလားလားနှင့် စိုက်ပျိုးလိုသည့် စိတ်ဓာတ်များ ပြင်းပြလျက်ရှိကြောင်းနှင့် မိမိရရှိထားသည့် ဧရိယာများတွင် တစ်ပင်နှင့်တစ်ပင် (၂၀ ပေ × ၂၀ ပေ) (သို့မဟုတ်) (၃၀ ပေ× ၃၀ ပေ) အကွာအဝေးဖြင့် ကြားသီးနှံအဖြစ် ပဲစင်းငုံ၊ မြေပဲ၊ နှမ်းစသည့် သီးနှံများအား စိုက်ပျိုးထားကြသည်ကို တွေ့မြင်ခဲ့ရပါသည်။

အချုပ်အားဖြင့်ဆိုသော် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်စိုက်ပျိုးရာတွင် သစ်တောသစ်ပင်သည် နှစ်ကာလအတန်ကြာမှ အကျိုးအမြတ်များ ပြန်လည်ရရှိနိုင်သည့် ရေရှည်ရင်းနှီးမြှုပ်နှံရသောလုပ်ငန်းများဖြစ်သဖြင့် ဆင်းရဲနွမ်းပါးသောဒေသခံပြည်သူများအနေဖြင့် စိတ်ပါဝင်စားမှုနည်းပါးလျက်ရှိပြီး လတ်တလော စားဝတ်နေရေးကိစ္စရပ်များအပေါ် ဝမ်းစာရေးဖြေရှင်းနေကြရပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်ရှိ ရိုးစုံဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်ခြင်းဖြင့် ယခုလက်ရှိအချိန်တွင် ဆင်းရဲနွမ်းပါးသည့် ဒေသခံပြည်သူများမှ ဝင်ငွေအခွင့်အလမ်းကောင်းများ ရရှိခံစားနေကြရခြင်းမှာ အသုံးပြုသူများအဖွဲ့သည် ဒေသနှင့်ကိုက်ညီသည့် ဝင်ငွေတိုး လျှော်ဖြူပင် (ခ)ဆေးကုလားမပင်များကို မှန်ကန်စွာ ရွေးချယ်စိုက်ပျိုးခဲ့ခြင်း၊ အသုံးပြုသူများအဖွဲ့ ဥက္ကဋ္ဌ၏ ဦးဆောင်နိုင်မှု၊ အသိအမြင်ကြွယ်ဝမှု၊ ရရှိလာသော အတွေ့အကြုံများမှတစ်ဆင့် စည်းမျဉ်းစည်းကမ်းများ ချမှတ်၍ အုပ်ချုပ်နိုင်မှု၊ အဖွဲ့ဝင်များအား လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေလိုသော စေတနာတို့နှင့် အဖွဲ့အစည်းအတွင်း စည်းလုံးညီညွတ်မှုတို့သည် အောင်မြင်ခြင်းရလဒ်များပင်ဖြစ်ပါကြောင်းနှင့် နှစ်စဉ်ဝင်ငွေတိုးတက်ရရှိရေးအတွက် ဒေသနှင့် ကိုက်ညီမည့် လျှော်ဖြူပင်(ခ) ဆေးကုလားမပင်များကို စိုက်ပျိုးတည်ထောင်နိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။



# လွမ်းမိသယောင် မယ်ဟောင်ဆောင်သို့ -----

(ယောနကဖိုးကျော်)

ကြာတော့ကြာခဲ့ပြီ။ နှစ်များတွက်ချက်ကြည့်တော့ (၂၅)နှစ်ဖြစ်နေ၏။ ရာစုနှစ်၏ငှပုံ ၁ပုံမျှပင် ကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့သော် မနေ့တစ်နေ့ကလိုပင် မှတ်ထင်နေမိသည်။ နိုင်ငံခြားငွေရရှိရေးအတွက် မြန်မာနိုင်ငံ တောင်ဘက်စွန်း ကော့သောင်းမြို့နယ်မှစ၍ ထိုင်းနယ်စပ်ဒေသတစ်လျှောက်ရှိ သစ်များအား ကယားပြည်နယ်၊ ဘောလခဲခရိုင်အထိ ထုတ်လုပ်ရောင်းချရာတွင်ကျွန်တော်သည် သစ်တောဦးစီးဌာန ဝန်ထမ်းတစ်ဦးအနေဖြင့် ထိုင်းနိုင်ငံသို့လိုက်ပါသွားခဲ့ရပါသည်။

ခုနှစ်အားဖြင့် ၁၉၉၀ ခုနှစ်၊ မေလတွင် သွားလာခဲ့ရခြင်းဖြစ်ပါသည်။ Boder Trade ဟုခေါ်ပါသည်။ကျွန်တော်တို့အဖွဲ့တွင်သစ်တောဌာနမှဝန်ထမ်း(၅)ဦး၊ သစ်လုပ်ငန်းမှ (၃) ဦး၊ Customမှ(၁)ဦး၊ လူဝင်မှုကြီးကြပ်ရေးမှ (၁)ဦး၊ ပေါင်း(၁၀)ဦး ဖြစ်ပါသည်။ အဖွဲ့ခေါင်းဆောင်မှာ သစ်တောဌာနမှဖြစ်ပြီး အမည်မှာ ဦးစောမျိုးလွင်(၁၉၈၂) ဖြစ်ပါသည်။ ထိုင်းနယ်စပ်တစ်လျှောက် သစ်ထုတ်ကုမ္ပဏီပေါင်း (၂၀)ခန့်ရှိပါသည်။ သစ်ထုတ်ခွင့်စာချုပ်တွင် သစ်တောစာချုပ်နှင့် သစ်ထုတ်စာချုပ် ဟူ၍(၂)မျိုးကွဲပြားပါသည်။ သစ်တောစာချုပ်သည်လုံးပါတ်အတန်းအစားအလိုက် တန်ဖိုးတွက်ချက်ရောင်းချပြီးသစ်ထုတ်ရေးစာချုပ်မှာ တစ်တန်ဈေးနှုန်းအပြတ်ရောင်းချခြင်း ဖြစ်ပါသည်။

ထိုစဉ်က ကျွန်တော်သည် တောအုပ်တာဝန်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်တွင် တာဝန်ထမ်းဆောင်နေခြင်း ဖြစ်ပါသည်။ ဦးစီးရုံးချုပ်တွင် လိုက်ပါ ဆောင်ရွက်လိုကြောင်း လျှောက်ထားရာ အမည်စာရင်းပါလာ၍ ဝမ်းသာခဲ့ရပါသည်။ သာမန်ဝန်ထမ်းငယ်အနေဖြင့် နိုင်ငံခြားခရီးစဉ်ဆိုသည်မှာ အခွင့်အရေးနည်းပါးပါသည်။ သွားခွင့်ပြုသည်ဆိုရုံမျှဖြင့် ဆုလာဘ်ကြီးတစ်ခု ဖြစ်နေခဲ့ပေသည်။ ၎င်းနိုင်ငံခြားခရီးစဉ် သွားရောက်ရန်အတွက်လည်း ကျွန်တော်တို့သာမန်အဆင့်ဝန်ထမ်းအနေဖြင့် မည်သည့်အားထုတ်မှုမျိုးကိုမှ မလုပ်ဆောင်ခဲ့ရပါ၊ ဌာနမှ တာဝန်ခံများနှင့် သွားရောက်မည့်အဖွဲ့ထဲမှ ခေါင်းဆောင်များက ဦးစီးဦးဆောင်ပြုလုပ်ခဲ့၍ ကျွန်တော်တို့မှာ Passport ၊ Visa ၊ ဝတ်စုံဖိုးတို့ကို အေးအေးသက်သာ ရရှိခဲ့ရပါသည်။

ကျွန်တော်တို့အဖွဲ့ကြီး သည် လူပေါင်းတစ်ရာကျော်ပါဝင်ပြီး စီးလုံးငှါးလေယာဉ်ဖြင့် မင်္ဂလာဒုံလေဆိပ်မှ ဘန်ကောက်မြို့၊ ဒွန်မောင်းလေဆိပ်သို့(၁)နာရီခန့်နှင့်ပင် ရောက်ရှိသွားပါသည်။ လေဆိပ်တွင် တစ်ဖွဲ့ချင်းအလိုက် သက်ဆိုင်ရာကုမ္ပဏီများမှ လာရောက် ကြိုဆိုကြပါသည်။ ကျွန်တော်တို့ ကုမ္ပဏီမှာ Veneves ကုမ္ပဏီ ဖြစ်ပါသည်။ ဘန်ကောက်လေဆိပ်သို့ ရောက်ရှိလျှင်ပင် ကျွန်တော်တို့ အဖွဲ့အတွက် မျက်စိအမြင်များ စတင်ပြောင်းလဲစေပါတော့သည်။

ကြီးကျယ်ခမ်းနားလှသော ဒွန်မောင်းလေဆိပ်ကြီးတွင် ထွက်ပေါက်အထိရောက်အောင် မနည်း လျှောက်ခဲ့ရပြီး လာကြိုသည့်ကုမ္ပဏီကားပေါ်သို့ တက်ရောက်လိုက်ပါလာရာ ဘန်ကောက်မြို့တွင်း မိုးပျံတိုက်ကြီးများ၊ မိုးပျံလမ်းမကြီးများ၊ သပ်ရပ်သေသပ်သည့် ခေတ်မီအဆောက်အဦများကို မြင်တွေ့ရသောအခါ မိမိမှာလည်း အံ့သြဘနန်း ဖြစ်ရပါသည်။ ကျွန်တော့်ထက်ပိုဆိုးသူမှာ ကိုရဲညွန့်သန်း ဖြစ်ပါသည်။ သူ့မျက်နှာမှာလည်း ပျော်ရွှင်မှုဖြင့် ဝင်းလက်နေသည်။ ပြီးလျှင် နှုတ်မှာလည်း စကားတစ်ခွန်း ပြောလိုက်ပါသည်။ "အစ်ကို ကျွန်တော် အိပ်မက် မက်နေတာမဟုတ်ပါဘူးနော်၊ ကျွန်တော့်အသားကို ဆိတ်ကြည့်စမ်းပါ- ဟု ပြောဆိုလာသည်။ ကျွန်တော်မှ -ဟုတ်ပါတယ် ကိုယ့်ညီအစ်ကိုတို့ အမှန်တကယ် ရောက်နေတာပါ- ဟု ပြောလိုက်ရသည်။ သို့သော် သူ့ရောကိုယ်ပါ အားငယ်သလို ခံစားလိုက်ရပါသည်။ ကျွန်တော်တို့အဖွဲ့အား တည်းခိုရန် Sudapalace Hotel တွင် နေရာချထားပေးပါသည်။ ဟိုတယ်မှာ (၇)ထပ်မြင့်ပြီး ရှည်လျား၍ ကြီးမားသည့် ဟိုတယ်တစ်ခု ဖြစ်ပါသည်။ တည်းခိုဈေးနှုန်း သင့်တင့်သည့်ဟိုတယ်ဖြစ်နိုင်ပါသည်။ ကျွန်တော်တို့အဖွဲ့အပြင် အတူလာ(၅)ဖွဲ့ခန့်ကိုလည်း ထိုဟိုတယ်တွင် တွေ့ရှိရပါသည်။ (၂)ယောက် (၁)ခန်း ဖြစ်ပါသည်။

ကျွန်တော်နှင့် အခန်းဖော်မှာ ညီရင်းတမျှ ခင်မင်ရသူ တစ်မြို့ထဲနေ ကိုတင်ဝင်း (RO)ဖြစ်ပါသည်။ အခန်းတွင်း Air Con နှင့်အတူ ရေပူရေအေး ရေချိုးခန်းပါရှိပါသည်။ ရေခဲသေတ္တာထဲတွင်လည်း အရက်၊ ဘီယာ၊ အအေးအစုံ ရှိပြီးယူသောက်လျှင် ကိုယ်တိုင်ပိုက်ဆံပေးချေရမည်ကြောက်၍ ရေသန့်မှလွဲ၍ အအေးပင်မသောက်ရဲခဲ့ပါ။ နံနက်၊ နေ့လယ်၊ ညစာများကိုလည်း ဟိုတယ်တွင် စားရပါသည်။ အစားအသောက်များမှာ နံနက်စာစောစောတွင် ကော်ဖီ၊ အအေး၊ ပေါင်မုန့်၊ ကြက်ဥကြော်၊ အသား စသဖြင့်European One Set ခေါ် အစားအစာအား စားသောက်ခဲ့ရပါသည်။ ဘန်ကောက်သို့ ရောက်ရှိပြီး နောက်တစ်နေ့တွင် တန်ခိုးကြီး "မြဘုရား" သို့ ပို့ဆောင်ပေးပါသည်။ "မြဘုရား" ပရဝုဏ်တွင် ခမ်းနားထယ်ဝါသော သာသနိကအဆောက်အဦများ တွေ့ရှိရပြီး"မြဘုရား"ကိုလည်း တစ်ဝကြီး ဖူးမြော်ခဲ့ရပါသည်။ ဘုရားမှပြန်ရောက်ပြီး နေ့လယ်၊ ညစာများမှာ ဘူဖေးပုံစံဖြစ်၍ မြန်မာပီပီ တစ်ဝတစ်ပြဲ စားသောက်မိကြပါသည်။ ဘန်ကောက်တွင် နှစ်ညအိပ်ခန့်ထားပြီး မယ်ဟောင်ဆောင်သို့ ခေတ်မီအဝေးပြေးကားကြီးဖြင့် လိုက်ပါသွားရပါသည်။ ဘန်ကောက်-မယ်ဟောင်ဆောင်မှာ ကီလို(၅၀၀)ကျော် ကွာဝေးကြောင်းသိရှိရပါသည်။ လမ်းကကောင်း၊ ကားက ကောင်းပြီး အကွေ့အကောက်များလှသောလမ်းမကြီးတွင် ကားကို အမြန်မောင်းရာ အဲယားကွန်းပါမိပြီး ကျွန်တော်တို့အဖွဲ့ မူးဝေနေကြရပါတော့သည်။ အဖွဲ့ထဲတွင် ကိုတင်ဝင်းမှာ (အမူးဆုံး/အအန်ဆုံး)ဖြစ်နေပါတော့သည်။ တစ်ညလုံးမောင်းပြီး မိုးလင်းလျှင် မယ်ဟောင်ဆောင်မြို့သို့ ရောက်ရှိကြပါသည်။ မယ်ဟောင်ဆောင်မြို့မှာ ခရိုင်မြို့ဖြစ်ပြီး ဖွံ့ဖြိုးစမြို့ကလေးဖြစ်ပါသည်။ လူနေအဆောက်အဦများမှာ အသင့်အတင့် ကြီးမားကြပြီး ဟိုတယ်နှင့် တည်းခိုခန်းများလည်း များစွာတွေ့ရှိရပါသည်။ ထိုစဉ်က မယ်ဟောင်ဆောင်မြို့တွင် Taya Inn နှင့် Holeday Innအပါအဝင် ကြယ်ငါးပွင့်ဟိုတယ်ကြီး (၅) လုံးခန့်ပင် ရှိနေလေပြီ။ ဟိုတယ်အလတ်စားနှင့် Guest House များမှာ ပေါများလွန်းပါဘိ။ မယ်ဟောင်ဆောင်မြို့မှာ Northern Thailand တွင်ပါဝင်ပြီး တောတောင်ရေမြေများ ကောင်းမွန်၍ နိုင်ငံခြားသားများ လာရောက်လည်ပတ်မှုများပြားကြောင်း တွေ့ရှိရပါသည်။

ထိုင်းနိုင်ငံမှာ ဒီမိုကရေစီနိုင်ငံဖြစ်နေ၍ အစိုးရမှ နေရာတကာချုပ်ကိုင်ထားခြင်း မရှိပေ။ နိုင်ငံခြားခရီးသည်များအနေဖြင့် ဈေးချိုလှသော Guest House များတွင်ပင် တည်းခိုခွင့်ရှိကြလေသည်။ မယ်ဟောင်ဆောင်မြို့တွင် သတင်းကြေညာပေးသည့် မယ်ဟောင်ဆောင်ရေဒီယိုဟု ခေါ်သောတာဝါတိုင်မှ သတင်းထုတ်လျှင် လော်စပီကာမျိုးဖြင့် တစ်မြို့လုံးကြားအောင် ကြေညာပေးပါသည်။ကျွန်တော်တို့အဖွဲ့ရောက်ရှိလာကြောင်းကိုလည်း သတင်းအဖြစ်နောက်ရက်တွင်ကြေညာပေးကြောင်း သိရှိရပါသည်။

မယ်ဟောင်ဆောင်မြို့တွင် ကျွန်တော်တို့အဖွဲ့အား ကုမ္ပဏီမှ ငှါးရမ်းထားသည့် နေအိမ်တွင် နေရာချထားပေးပါသည်။ ကျွန်တော်တို့အဖွဲ့နှင့်လဲလှယ်မည့်အဖွဲ့လည်း ရှိနေပါသေးသည်။ အဖွဲ့ခေါင်းဆောင်မှာ ကျွန်တော်၏ ငယ်ဆရာရင်းဖြစ်သူ ဦးဝင်းမောင်(၁၉၇၄) ဖြစ်ပါသည်။ ကျွန်တော့်ကိုတွေ့တော့ ဆရာမှနွေးထွေးစွာဖြင့် ကြိုဆိုခဲ့ပါသည်။ မယ်ဟောင်ဆောင်မြို့တွင် လေဆိပ်ရှိပါသည်။ ဘန်ကောက်နှင့် နေ့ချင်းပြန် သွားလို့ရပါသည်။ မြို့သည် မြေပြန့်လွင်ပြင်တွင် တည်ရှိနေပြီး ဘေးပတ်လည်တွင် တောင်များ ဝန်းရံလျက်ရှိပါသည်။ မြို့၏တောင်ဘက်တွင် မြင့်မားသော တောင်ကုန်းရှိပြီး ကုန်းတော်ပေါ်တွင် ကြည်ညိုဖွယ်ရာ စေတီ (၁) ဆူနှင့်အတူ ဗုဒ္ဓရုပ်ပွားတော်များ၊ သာသနိကအဆောက်အဦများကိုလည်း သန့်ရှင်းသပ်ရပ်စွာ ဖူးတွေ့ရပါသည်။ ဘုရားကုန်းတော်ပေါ်မှ ကြည့်လျှင် မယ်ဟောင်ဆောင်တစ်မြို့လုံးအား အပေါ်စီးမှမြင်ရ၍ လှပသောရှုခင်းများမှာ ပန်းချီကားတစ်ချပ်သဖွယ် မြင်တွေ့ရပါသည်။ မယ်ဟောင်ဆောင်မြို့ကလေးမှာလည်း လွန်ခဲ့သည့် (၁၂)နှစ်ခန့်အထိ တိုက်တာအဆောက်အဦအဖြစ် အုပ်ချုပ်ရေးမှူး တစ်ရုံးသာရှိခဲ့ပြီး ယခုမြင်တွေ့ရသော တိုက်ကြီး၊ ဟိုတယ်ကြီးများမှာ (၁၀)နှစ် အတွင်း လျင်မြန်စွာတိုးတက်မှုများဟု သိရှိခဲ့ရပါသည်။ ထိုအချိန်က မယ်ဟောင်ဆောင်တွင် ပုဂ္ဂလိကဘဏ်ကြီးများဖြစ်သည့် BanggokBank , Farmer Bank များလည်း လုပ်ငန်းလည်ပတ်နေပြီ ဖြစ်ပါသည်။ ကျွန်တော်တို့အဖွဲ့ ထောက်ပံ့ငွေရရှိပါကထိုဘဏ်ကြီးများတွင် စုဆောင်းကြရပါသည်။ ငွေအထုတ်/အသွင်း အင်မတန်မှပင် လွယ်ကူလှပါသည်။

ယခင်အဖွဲ့ မယ်ဟောင်ဆောင်မှမထွက်ခွာမီ ဆရာဦးဝင်းမောင်မှ ထိုင်းနိုင်ငံတွင် နေထိုင်ရမည့်စည်းကမ်းချက်များ၊ လုပ်ငန်းဆောင်ရွက်ရမည့် အနေအထားအားလုံးနှင့် ဆောင်ရန်၊ ရှောင်ရန်များ မှာကြားခဲ့ပါသည်။ မယ်ဟောင်ဆောင်သို့ရောက်ရှိပြီး တစ်ပတ်ခန့်အကြာတွင် သစ်တိုင်းတာရေးဖြစ်သည့် အကောက်ရိုက်လုပ်ငန်းကို စတင်လုပ်ဆောင်ရပါသည်။ သစ်ကွင်းသည် ထိုင်းနိုင်ငံအတွင်း တည်ရှိနေပါသည်။ မြန်မာ Border Line နှင့် ကီလို(၃၀)ခန့် ကွာဝေးသေးကြောင်း သိရှိရပါသည်။ မယ်ဟောင်ဆောင်နှင့်မှ (၄၈) ကီလိုခန့်ကွာဝေးပါသည်။ သစ်ကွင်းတွင် ကျွန်းနှင့်ပိတောက်နှစ်မျိုးကိုသာလျှင် မြန်မာပြည်တွင်းမှ သစ်ထုတ်လုပ်ထားခြင်းဖြစ်ပါသည်။ သစ်လုံးများအား ကျွန်တော်တို့အဖွဲ့နှင့် ထိုင်းကုမ္ပဏီတို့ ပူးပေါင်းတိုင်းတာပြီး လုံးပါတ်/ပေရှည်ကိုက်ညီပါက အကောက်ရိုက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရပါသည်။ သစ်တိုင်းတာခြင်းအား မနက်၊ ညနေ နှစ်ချိန်ခွဲ တိုင်းတာရာလုံးရေ(၁၀၀၀)ခန့်ပြီးစီးပါသည်။ ကုမ္ပဏီတွင် တော

ထုတ် ငယ်စာရင်းကိုလည်းတွေ့ရှိရပါသည်။ နံနက်ပိုင်း သစ်တိုင်းပြီး နေ့ခင်းထမင်းစားရာတွင် ကြက်ဆီထမင်းဘူးများအားပေးဝေပြီး piece , Cocacola အအေးဘူးတို့ဖြင့် စားသောက်ရပါသည်။ တောစခန်းနှင့် သင့်တော်သည့် အစားအသောက်ဖြစ်ပါသည်။

သစ်တိုင်းတာရေး ကွင်းဆင်းသည့်နေ့တွင် ညစာအား စားသောက်ဆိုင်ကြီးများတွင် အထူးဧည့်ခံကျွေးမွေးပါသည်။ ကြိုက်တတ်သူများအတွက် Red , Black များဖြင့် ဧည့်ခံပြီး အပျော့ကြိုက်သူများတိုက်ဂါးဘီယာဖြင့် ဧည့်ခံကျွေးမွေးခြင်းကို ကုမ္ပဏီမှ ကြည်ကြည်ဖြူဖြူကျွေးမွေးပါသည်။ ကျွန်တော်တို့ကုမ္ပဏီတွင် မြန်မာကိုယ်စားလှယ်တစ်ဦး ခန့်ထားရာ ကိုမြင့်သိန်း ဟုခေါ်ပါသည်။ ကလောမြို့ဇာတိဖြစ်ပြီး ဘွဲ့ရပညာတတ်တစ်ဦး ဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်နေစဉ် ကုမ္ပဏီနှင့် ဆက်စပ်မိပြီး ဝင်ရောက်လုပ်ကိုင်နေခြင်း ဖြစ်ပါသည်။ ရှမ်းလူမျိုးဖြစ်၍ ထိုင်းစကားကိုလည်း ကောင်းမွန်စွာပြောတတ်၍ အလွန်ပင် အဆင်ပြေပါသည်။ နောက်ရက်များတွင် အကောက်ရိုက်မှတ်ပြီးသော သစ်လုံးအတိုင်းစာရင်း S18 နှင့် စာရင်းချုပ်များအား မြန်မာ၊ အင်္ဂလိပ်(၂)မျိုးစာရင်းပြုစုပြီး တန်ပေါင်းဖြင့် တန်ဖိုး တွက်ချက်ကာ စာရင်းဇယားများ ချောမွေ့အောင်ပြုစု၍ မြန်မာနိုင်ငံသို့ ပေးပို့ရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ကုမ္ပဏီမှာ သစ်တောစာချုပ်ဖြစ်၍ လုံးပါတ်အတန်းအစားဖြင့် တန်ဖိုးတွက်ချက်ရ၍ လုံးပါတ်(၆ ပေ၊၇ ပေ) ကျော်သော သစ်လုံးနည်းပါးပြီး (၃ ပေ၊ ၄ ပေ၊ ၅ ပေ) အထက် သစ်လုံးများသာ များပြားသဖြင့် ပျမ်းမျှတွက်ကြည့်ရာ ကျွန်းတစ်တန်၏ တန်ဖိုးသည် US $ (၁၅၀)ခန့်သာရရှိခဲ့လေသည်။ အထက်တွင် တင်ပြ ခဲ့သည့်အတိုင်း သစ်လုပ်ငန်းစာချုပ်ဖြင့် ချုပ်ဆိုခဲ့ပါက US$ (၂၆၀) အပြည့်အဝရရှိမည် ဖြစ်ပါသည်။ ထိုစဉ်က Border Line တွင် ရောင်းချသည့် သစ်တစ်တန် တန်ဖိုးသည် အလွန်နည်းသည်ဟု ဆိုရပေမည်။ ရန်ကုန်ဆိပ်ကမ်းဈေးနှင့် ထက်ဝက်ကျော်ကွာဟနေကြောင်းကိုလည်း သိရှိရလေသည်။ တန်ဖိုးကွာဟနေမှုအား ပြန်လည်ဆန်းစစ်ရာ နယ်စပ် သစ်ထုတ်မှုအတွက် နိုင်ငံတော်မှ ကုန်ကျစရိတ် လုံးဝမရှိတော့၍ သစ်ထုတ်စရိတ်အားလုံး သက်သာသွားသဖြင့် တန်ဖိုးနည်းသွားခြင်းဖြစ်ကြောင်း သိရှိရလေသည်။ နောက်တစ်ကြောင်း မှာ ၎င်းအရှေ့ဘက်နယ်စပ်တစ်ကျောတွင် လက်နက်ကိုင်အဖွဲ့အစည်းများလည်းရှိရာ၊ နိုင်ငံတော်သို့ ပေးသွင်းရသည့် တန်ဖိုးအတိုင်း ၎င်းတို့ကို ပေးသွင်းမှုသာ သစ်ထုတ်ခွင့်ပြုခြင်း၊ သစ်တိုက်လမ်းဖောက်လုပ်ရာတွင် (ထိုင်းနိုင်ငံအတွင်း)မြေအနေအထားပျက်စီးမှု၊ သစ်ပင်ဆုံးရှုံးမှု တန်ဖိုးလျော်ကြေးငွေများ ထိုင်းအစိုးရသို့ ပေးဆောင်ရခြင်းတို့ကြောင့် အရှုံးပေါ်မတတ်ဖြစ်ကြောင်း ကုမ္ပဏီတာဝန်ရှိသူမှ ရှင်းပြမှုကိုလည်း သိရှိရပါသည်။ သစ်လုံးရေ(၁၀၀၀)ကျော်အား အကောက်ရိုက်မှတ်ပြီး စာရင်းပြုစုရာ တစ်ပတ်ခန့်တွင် အချောပြီးစီးပါသည်။သစ်လုံးများတိုင်းတာရာတွင် ကုမ္ပဏီမှ သစ်လုံးတစ်လုံး(ကြီး/သေး) တိုင်းတာတိုင်း ဝန်ထမ်းတစ်ဦးလျှင်ဘတ်ငွေ(၁)ဘတ်ပေးပါသည်။ပထမကြိမ်တွင်ဘတ်ငွေ(၁၀၀၀)ကျော်ရ၍ ကျွန်တော်တို့အဖွဲ့ ဝမ်းသာနေကြပါသည်။ Bonous ကလေးရတော့ ဈေးဝယ်ထွက်ကြပါသည်။

အင်္ကျီ၊ ဘောင်းဘီ၊ Walking Shoe နှင့် ဈေးကြီးသည့် Raybin မျက်မှန်များပင် ဝယ်ယူကြပြီး စားသောက်ဆိုင်များလည်း ထိုင်လိုက်ကြသေးသည်။ ငွေကား လူတို့၏ စိတ်ကို ပြောင်းလဲနိုင်ပေစွ။ ကျွန်တော်တို့အဖွဲ့တွင် ပါဝင်သူများအနက် မြန်မာ့သစ်လုပ်ငန်းမှဦးမြင့်စိန်နှင့် ဦးအောင်တင်တို့မှာ အသက်အကြီးဆုံးဖြစ်ပါသည်။ ၎င်းတို့သည် အေးဆေးစွာ နေထိုင်ကြပြီး ငွေကိုအကျိုးရှိစွာ သုံးစွဲကြပါသည်။ဖြုန်းတီးမှုဆိုသည်မှာ မရှိသလောက်ပင်။ ၎င်းတို့(၂)ဦးကို စံထားပြီး ကျွန်တော်တို့အဖွဲ့သည် ငွေကိုချွေတာကြပါသည်။

မယ်ဟောင်ဆောင်တွင် ဈေးဝယ်ရာတွင်လည်း ကျွန်တော်တို့အဖွဲ့မှာ Discount ဆိုင်များကို ရှာဖွေပြီးမှ ဝယ်ယူကြပါသည်။မှတ်မိသမျှပြောပြရလျှင် ဂျင်းဘောင်းဘီ တစ်ထည်ဘတ်(၁၆၀)ကျော်ပေးရပြီး၊ ရပ်အင်္ကျီများမှာလည်း ဘတ်(၁၅၀)ဆိုလျှင် သပ်သပ်ရပ်ရပ်ကလေး ရပါသည်။ ဝေါ့ကင်းရှူးတစ်ရံကိုမူ ဘတ်(၄၅၀)ခန့်ပေးရလေသည်။ အအေးပုလင်းနှင့် ကော်ဖီတစ်ခွက်မှာ (၅)ဘတ်ပေးရပါသည်။ ထိုင်းနိုင်ငံမှာ (၉)ဂဏန်းကို အလွန်ကြိုက်နှစ်သက်ပုံရပါသည်။ အဝတ်အထည်မှအစ အခြားအသုံးအဆောင်ပစ္စည်းများ ရောင်းချရာတွင် ဈေးနှုန်း၏ အဆုံးဂဏန်းမှာ (၉) ဂဏန်းဖြစ်ပါသည်။ဥပမာအင်္ကျီတစ်ထည်၏ဈေးနှုန်းမှာ ဘတ် ၁၄၉ , ၁၅၉ စသည့် သဘောမျိုးဖြစ်ပါသည်။

မယ်ဟောင်ဆောင်မြို့သည် ထိုစဉ်က လူနေမှုအဆင့်ကောင်းမွန်နေပြီ ဖြစ်ပါသည်။ ထမင်းချက်ရာတွင် သဘာဝဓာတ်ငွေ့(Gas)ဖြင့် ချက်နိုင်သလို လျှပ်စစ်မီးကိုလည်း နိုင်ငံအနှံ့ပါဝါပြည့် သုံးစွဲနိုင်ကြပြီ ဖြစ်ပါသည်။ ကျွန်တော်တို့နိုင်ငံမှာ မတွေ့ရသေးသည့် ရေသန့်ဘူးသေး/ဘူးကြီးများကိုလည်း အိမ်တိုင်ရာရောက် ပို့ဆောင်စနစ်ဖြင့် သောက်သုံးနေကြပြီဖြစ်သည်။ ကျွန်တော်တို့နိုင်ငံတွင် သက္ကရာဇ်(၂၀၀၀)မှာ အားလုံးကျန်းမာဆောင်ပုဒ်ဖြင့် ရေသန့်သောက်သုံးခြင်းစနစ် ပျိုးထောင်စပြုနေသည်ကိုတော့ သတိထားမိခဲ့ပါသည်။ ဆန်၊ ဆီများ ဝယ်ယူရာတွင်လည်း အိမ်အရောက် ပို့ဆောင်စနစ်ဖြစ်သည်။ ဖုန်းတစ်ချက်ဆက်လိုက်ရုံဖြင့်ဈေးဝယ်ရန်အဆင်ပြေနေလေသည်။ လျှပ်စစ်မီးသုံးစွဲမှုမှာလည်း အိမ်ခြေ(၅၀)ရှိသည့်ကျေးရွာဖြစ်ပါက မီး၊ ရေရအောင် ဆောင်ရွက်ပေးနိုင်၍ တောရွာမြို့ပါ လူနေမှု

စာမျက်နှာ (၄၀)သို့

## REDD+ Information – 26 -
## Intended Nationally Determined Contribution
**By**
**U Sein Thet**
**Project Coordinator, ITTO-REDD+ Project.**

*A UN panel on climate change at Copenhagen in November 2014 stated that Climate Change is caused by human activities, which is related with global warming. Continued emission of Greenhouse Gas (GHG) adversely effects to global warming and long-lasting changes in all components of the climate system. GHG emission concerning with global warming is suggested as follow:*

(a) Major sources of GHG cover carbon dioxide ($CO_2$), methane ($CH_4$) and nitrous oxide ($N_2O$). The main source of GHG is fossil fuel combustion.

Deforestation and forest degradation processes may become increasing of carbon emissions. Forests should be properly managed for carbon sink and to get more for carbon credit.

It was learnt that carbon dioxide ($CO_2$) content in the beginning of 19th century was 270 ppm. Annual report issued by World Meteorological Organization (WMO) on 9th September 2014 stated that $CO_2$ content in the atmosphere had reached 396 ppm in 2013, which is the highest value after 30 years of study period.

GHG removal in Myanmar is showing constant decline because of forest degradation and the trend of GHG emission is increasing both in the short term as well as in the long run.

(b) The importance of forestry sector should not be ignored. The forest cover throughout the country is degrading with an alarming rate. Forest cover status in 2010 was 47% with the participation of 31% Permanent Forest Estate with full canopy cover. Legal or illegal logging should be restricted with law enforcement program. Log Export Ban (LEB) was enacted by the Government since 1st April 2014. Afforestation and reforestation activities are to be ensured and strengthened.

(c) Development of wood-base industry should be strictly followed the rules and regulations to promote more value-added commodities in order to augment Foreign Exchange earnings.

(i) It is important to achieve Sustainable Forest Management (SFM) program and to foster communication between foresters, water professionals, decision makers and public.

(ii) Improvement of tree species and stands, natural regeneration, conservation of natural forests, community forestry, agro-forestry, private forest plantation and use of forest products on sustained basis should be upgraded.

The V&A assessment team (INC Report, 2012) indicated that cyclone and strong winds, flood and storm surge, intense rain, extreme day temperature, drought, and sea level rise are the six natural hazards identified in Myanmar. There are six key socio-economic sectors, namely agriculture, public health, water resources, forestry, coastal zone and biodiversity of fish species. Vulnerability Level (VL) and its "Criteria and Scores" for States and Regions were judged as three levels of High (H), Medium (M) and Low (L). The potential hazard level for cyclones, sea level rise with strong winds may be classified as "High" along Rakhine coastal areas and Ayeyarwady delta. A central part of the country is vulnerable to drought. Extreme day temperature is experienced in dry zone of Myanmar. The potential hazard level for it intense rains may be classified as "High" for the region having long exposure to monsoon from east and west of the country.

National Adaptation Programs of Action (NAPA) was launched in 2009 with the funding of UNEP and submitted a report in 2012.

- NAPAs emerged from the multilateral discussions on adaptation measures within the UN Framework Convention on Climate Change (UNFCCC).

- Myanmar's NAPA therefore specifics several priority activities referred to as Priority Adaptation Projects for effective climate change adaptation for 8 prioritized sectors/themes namely (i) Agriculture (ii) Early Warning System (iii) Forestry (iv) Public Health (v) Water Resources (vi) Coastal zone (vii) Energy and Industry and (viii) Biodiversity.

  The future implementation projects/programs are indicated under each and every prioritized sectors/ themes.

Sectors in which Priority Adaptation Projects should be implemented include:

i. Agriculture, Early Warning Systems and Forestry (First Priority Level Sectors).

This is followed by

ii. Public Health and Water Resources (Second Priority Level Sectors).
iii. Coastal Zone (Third Priority Level Sectors).
iv. Energy & Industry and Biodiversity (Fourth Priority Level Sectors).

In this case, Forest degradation, water resources deterioration, etc., lead to fragile ecosystem. Coastal zone is also vulnerable to climate-related hazards due to its geographical position.

Regarding the climate change adaptation measures, Natural Disaster Preparedness Central Committee (NDPCC) was formed at national, state and regional levels. The following points are to be considered for adaptation of climate change in Myanmar.

1. to prepare for forth coming storms according to past experiences such as Cyclone Nargis, Mala and Giri, and to prepare hazard maps.
2. to reconsider the cropping calendar and water requirement for major crops and types of crops according to the changes of rainfall pattern in specific areas, and also to identify the drought tolerant crops.
3. to review the height of embankment in coastal and delta areas for protection due to rising of water levels.
4. to review the low flow in rivers for extreme conditions especially during drought period.
5. to review and analyze urban drainage facilities and drainage situated in agriculture lands with changing of rainfall intensity and patterns accordingly. Reconsider the previous design of drainage module and existing facilities together with present rainfall intensity in the network systems.
6. to substitute slash-and-burn practice of cultivation in hilly region with terrace farming, slopping agriculture at medium slopping areas. To introduce contour cultivation techniques to protect top soil erosion and sedimentation problem.
7. to strengthen and renovate the rain harvesting ponds and tanks in dry zone area to increase storage capacity of reservoirs for local community for more domestic and agriculture uses.
8. to find out new groundwater resources as for domestic and agricultural uses at available regions.
9. to install communication and information network properly for effective and easy access for the community and to use the media as an important tool for enhancing awareness.
10. to establish road network properly for transportation and emergency measures.
11. to establish early warning system and to install sea water level gauges for necessary preventive measures and monitoring purpose.
12. to prepare Disaster Preparedness Programme in advance at village, township and national levels.
13. to collaborate and cooperate with international organizations, INGOs and NGOs for relief and resettlement work after the disaster has abated.

14. Up to now, very limited activities on adaption to climate change have been carried out in Myanmar. Myanmar needs adaptation measures in various sectors.

15. Monitoring and evaluation (M&E) program should be carried out according to the sectors/ themes mentioned in NAPA report. The projects/programs should be reviewed and prioritized with the present day resource mobilization and human resource development focusing on water security and climate resilience aspects.

One of the mitigation options is reduction of GHG emission for the key socio-economic sectors. Myanmar is under no obligation to quantify reduction of GHG emission. However, GHG emission mitigation options should be carried out and strategies were developed.

***Energy Sector***- $CO_2$ emission reduction from the energy sector should be focused on promoting new and renewable sources of energy. In Myanmar, it can be done by increased utilization of hydropower, increased use of solar and wind power, use of electric vehicle, etc.

***Agriculture and Livestock Sector***- GHG emission mitigation in agriculture can be affected through (i) mitigation of $CO_2$ emissions from crop lands, biomass, crop residues and by-products, (ii) mitigation of $CH_4$ emissions through fertilizer management, and (iii) mitigation of $NO_2$ emissions from agricultural soils through the use by developing organic farming.

***Land Use Changes and Forestry sector***- Forestry mitigation measures include forest protection, afforestation, and reforestation, improvement of tree species and stands, natural regeneration, conservation of natural forests, community forestry, agroforestry, and use of forest products on sustained basis.

In forestry sector, the mitigation strategies include mainstreaming climate change concerns into forest policy and legislations, improved forest management, habitat management for wildlife and wild plants, forest protection and reduced firewood cutting. Promoting carbon trading is also a promising mitigation strategy.

It is to be fostered communication between foresters, water professionals, decision makers and the public to achieve Sustainable Forest Management (SFM).

It should be expedited to develop and implement of National Land Use Policy to sustain permanent forest estate.

***Waste Sector*** – In Myanmar, approaches such as waste disposal, waste recycling, and waste reduction are being employed in managing waste. Under the current domestic sewage system, waste water is discharged into sewer using huge amount of treatment water.

In Myanmar, both municipal waste and industrial waste have been increasing rapidly. In waste management, waste production, waste distribution and waste consumption are involved. Recycling of plastic wastes, and reuse and recycling of wood and agricultural residues should be promoted. Use of "waste to energy" plants should be developed.

Under the U.N. Framework Convention on Climate Change (UNFCCC), all countries agreed to develop a new international climate agreement by the conclusion of the Paris Climate Summit in December 2015. During previous climate negotiations, countries agreed to outline their contributions to reducing greenhouse gas emissions under a global agreement, by submitting **Intended Nationally Determined Contributions (INDCs)**. These global contributions bring together bottom-up approaches, where countries put forward their positions based on national circumstances, with a top-down system aimed at reducing the average global temperature to 2°C.

The INDC of Myanmar consists of the following elements:

- Mitigation contributions have been identified:
  - In the forestry sector to preserve Myanmar's forestry sector as a net sink for GHG emissions

- In the energy sector, focusing on activities which will ensure not only GHG emission reductions, but also ensure green growth and provide development co-benefits
- Adaptation component:
  Measures to support forestry, early warning systems and agriculture have received the highest priority.
  - Barriers and proposed methods to overcome barriers to implementation of the NAPA are presented
  - Actions towards building capacity to monitor and report the impact of adaptation measures are summarized
- Implementation plans:
  - Planning process (e.g. implementation of national plans, Monitoring, Reporting and Verification (MRV) system)
  - Means of implementation including international support needed to implement the INDC (e.g. finance, technology transfer, capacity building).

*As an LDC and given that nationally Myanmar accounts for a small share of past and current global greenhouse gases, Myanmar is putting forward actions that align with a low carbon development pathway, which to be fully implemented would require additional international support in the form of finance, technology transfer and capacity building. Myanmar will also provide a relevant contribution with regards to national financial resources, staff time and strong integration of development and mitigation activities. In selecting the actions, Myanmar has prioritized those which fit with the growth priorities set out in national development plans. In addition, Myanmar has captured the synergies between mitigation and adaptation, not only by prioritizing those adaptation activities with a significant mitigation co-benefits but also by seeking to minimize the carbon footprint of its adaptation portfolio as a whole:"*

- ***Preserving forest cover**: As a result of this action, Myanmar will be making a significant contribution to global mitigation efforts, by maintaining a significant GHG sink in South East Asia*
- ***Energy efficient cookstoves**: As a result of moving to energy efficient cookstoves, emission reductions can be realized through the reduced use of biomass sourced from the forestry sector*
- ***Increasing deployment of hydropower**: As a result of deploying hydropower resources, Myanmar will mitigate GHG emissions by offsetting the combustion of fossil fuels and use of biomass for the production of energy.*
- ***Developing a national climate change strategy**: This is a major step in that it will provide the overarching method and approach to climate change mitigation and adaptation.*

*Climate change adaptation is a key priority for Myanmar. Initiatives have already been undertaken to mainstream adaptation into national development such as in the water, health, forestry and agriculture sectors. This is because Myanmar is particularly vulnerable to weather extremes like floods and droughts. Meteorological modeling predicts that these and other climate change impacts will become more severe and frequent in the future. The Central Dry Zone is already experiencing a regular worsening of droughts, and regional-level adaptation action plans are in place to address those sectors which have been particularly affected. In July 2014, heavy seasonal rains, landslides and strong winds throughout Myanmar, in particular in the lower parts of the country, caused damage, flooding, landslides, and the collapse of riverbanks in several regions. The most affected states/regions are Ayeyarwady, Bago, Kayin, Kachin, Magway, Rakhine, Shan, Tanintharyi and Yangon*[13].

*The Government of Myanmar has taken several steps to address the impact of environmental stresses on socio-economic sectors. These include policies, strategies, plans and programmes that focus on i) sustainable development; ii) sustainable utillsation of natural resources; iii) forest conservation; iv) disaster risk reduction; and v) environmental protection. Almost all the ministries have laid out policies, objectives and strategies for developing their respective socio-economic sectors. These strategies are indirectly related to climate change adaptation as they encourage sustainable development of socio-economic sectors and this "sustainable aspect" overlaps in general with adaptation strategies for reducing change impacts.*

*UNEP and UN-Habitat have signed an agreement with European Commission to implement the Myanmar Climate Change Alliance (MCCA) project to mainstream climate change into the country's policy development and reform agenda. The project aims to strengthen the institutional and policy environment to address climate change by sharing technical knowledge and best practices. UNEP is responsible to deliver National Climate Change Strategy and Sector Action Plans along with understanding current capacity, capacity gaps and needs of relevant climate change actors at different levels, and enhanced capacity in the prioritized areas. It will also provide training and institutional support to promote evidence-based planning and policy making through integration of climate change into sub-national and local level development planning initiatives. The Government of Myanmar announced the formation of the Myanmar Climate Change Alliance Committee during a stakeholders workshop organized by MCCA in December 2013 that demonstrates the political will of the government to address climate change.*

*Myanmar acknowledges that climate change action requires a holistic approach and further acknowledges that many activities will deliver both adaptation and mitigation benefits. For example, Myanmar's Forestry Master Plan (see section 2.1) aims at increasing the national forest cover to 40% by 2030; in doing so Myanmar will both protect the livelihoods and water resources of the population and increase national sinks of greenhouse gases.*

*Finally, Myanmar acknowledges that monitoring and evaluation of adaptation policies and programmes is crucial to ensure that resources are targeted to actions that provide the best opportunities to increase the resilience of its citizens. Development of key adaptation indicators is already explored in the National Sustainable Development Strategy for Myanmar.*

Reference:- *ECD (MOECAF), INDC Consultation Paper, June 2015.
*Report of Assessment on Myanmar National Water Policy to Integrate Water Security and Climate Resilience Aspects. MmWP, December 2014.




## ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုသည် ဒီရေတောများအားပျောက်ကွယ်စေနိုင်ခြင်း

### အင်တာနက်ကမ္ဘာ



နိုင်ငံတကာသုတေသနများအရ အင်ဒို-ပစိဖိတ်ဒေသရှိ ဒီရေတောများသည် ၂၀၇၀ ခုနှစ်တွင် ပျောက်ကွယ်သွားနိုင်ကြောင်းကို အောက်တိုဘာလ(၁၄) ရက်နေ့ အင်တာနက်သတင်းအရသိရှိရပါသည်။ Queensland တက္ကသိုလ်မှ ဂေဟဗေဒပညာရှင် ပါမောက္ခ Catherine Lovelock ၏ ပြောကြားချက်အရ ပင်လယ်ရေမျက်နှာပြင်အနည်းငယ်မြင့်တက်လာမှုသည်ပင် ဒီရေတောများရှင်သန်ရန် ခြိမ်းခြောက်မှုဖြစ်နေကြောင်းသိရှိရပါသည်။ ဒီရေတောများသည် အထူးသဖြင့် ထိခိုက်လွယ်ပြီး ထိုင်းနိုင်ငံ၊ ဆူမာတြားကျွန်း၊ ဂျာဗားကျွန်း၊ နယူးဂီနီကျွန်းနှင့် ဆော်လမွန်ကျွန်းစုများ ရှိအချို့နေရာများတွင် ဒီရေတောများပျောက်ကွယ်သွားနိုင်သည်ဟုခန့်မှန်းထားကြောင်းသိရှိရပါသည်။ သို့သော် တွက်ချက်မှုများအရ ဒီရေအတက်အကျ ကြီးမားပြီး နုန်းအနည်ကျမှုမြင့်မားသော ဒေသများဖြစ်သည့် အရှေ့အာဖရိက၊ ဘင်္ဂလားပင်လယ်အော်၊ Borneo ကျွန်းအရှေ့ပိုင်းနှင့် သြစတြေးလျ အနောက်မြောက်ပိုင်းဒေသများရှိ ဒီရေတောများမှာ ဆက်လက်ရှင်သန်နိုင်မည် ဖြစ်ကြောင်း ၎င်းမှ ပြောကြားခဲ့ပါသည်။

အခြားနေရာများမှာပင် သတင်းကောင်းအနေဖြင့် နုန်းအနည်ကျမှု မြင့်တက်လာအောင် ပြုလုပ်ခြင်းနှင့် ရေတိမ်ဒေသများရှိ မြေဆီလွှာများ ထိန်းသိမ်းခြင်းအားဖြင့် ဒီရေတောများသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် ဆားငန်ရေထိတွေ့မှုကို ရှောင်ရှားနိုင်မည်ဖြစ်ကြောင်းသိရှိရပါသည်။ မြစ်ကြောင်းထိန်းသိမ်းရေး စီမံချက်များ ချမှတ်ရန် အရေးတကြီးလိုအပ်ပြီး နုန်းအနည်ထိုင်မှု ထိန်းသိမ်းရန် အနာဂတ်အစီအမံများ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း လည်းပါမောက္ခ Catherine Lovelock မှ ပြောကြားခဲ့ပါသည်။ အင်ဒို-ပစိဖိတ်ဒေသသည် ကမ္ဘာ့ဒီရေတောအများစုရှင်သန်တည်ရှိရာနေရာဖြစ်သော်လည်း ၎င်းဒေသများရှိ နုန်းအနည်ကျမှုနှုန်းမှာ ဆည်၊ ရေကာတာများ ဆောက်လုပ်မှုကြောင့် ကျဆင်းလျက်ရှိကြောင်းသိရှိရပါသည်။ သစ်တောအတန်းအစား ကျဆင်းမှုနှုန်းကို လျှော့ချရမည်ဖြစ်ပြီးအကြောင်းမှာ သစ်တောအတန်းအစားကျဆင်းမှုသည် ဒီရေတောများရှင်သန်မှုအတွက်အရေးပါသောမြေဆီလွှာအတွင်း သြဂဲနစ်ပစ္စည်းများ ရောက်ရှိမှုနှုန်းကို လျော့ကျစေသောကြောင့်ဖြစ်ကြောင်းသိရှိရပါသည်။ ဒီရေတောများကိုအပူပိုင်းနှင့် သမပိုင်းကမ်းရိုးတမ်းဒေသများတွင်တွေ့ရှိရပြီး ဂေဟစနစ်ဝန်ဆောင်မှုများအနေဖြင့် ငါးဖမ်းလုပ်ငန်းများ၊ ကမ်းရိုးတမ်းဒေသအကာအကွယ်ပေးခြင်းနှင့် ကာဗွန်စုပ်ယူထိန်းသိမ်းမှုတွင် ခန့်မှန်းအားဖြင့် ဒီရေတော(၁)ဟက်တာသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ(၁၉၄,၀၀၀) ထောက်ပံ့ပေးလျက်ရှိကြောင်းသိရှိရပါသည်။ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာမှုသည် ကမ်းရိုးတန်းဒေသနေထိုင်သူများအပါအဝင် တန်ဖိုးမဖြတ်နိုင်သော ဂေဟစနစ်များဖြစ်သည့် သန္တာကျောက်တန်းများ၊ ရွှံ့နွံတောများနှင့် ဒီရေတောများ၏ ရေရှည် စဉ်ဆက်မပြတ် တည်ရှိနိုင်မှုကို ခြိမ်းခြောက်လာမည်ဖြစ်ကြောင်း သိရှိရပါသည်။



**ဇီဝမျိုးစုံမျိုးကွဲများသည် ဆိုးရွားသောရာသီဥတုပြောင်းလဲမှုအခြေအနေတွင် ဂေဟစနစ်များအားတည်ငြိမ်စေရန် အထောက်အပံ့ပေးနိုင်ခြင်း**



ဇီဝမျိုးစုံမျိုးကွဲများသည် ဆိုးရွားသောရာသီဥတုအခြေအနေတွင် ဂေဟစနစ်များကိုကာကွယ်ပေးနိုင်ပါသလား။ ဆိုးရွားသောရာသီဥတုအခြေအနေများကြုံတွေ့လာရခြင်းနှင့်အတူလူသားတို့၏ လုပ်ဆောင်မှုများကြောင့် အစားအစာနှင့် အောက်ဆီဂျင် ထုတ်လုပ်ပေးနိုင်ပြီး ကမ္ဘာမြေကြီး တည်ငြိမ်အောင်ထိန်းသိမ်းပေးနိုင်သောမျိုးစိတ်များလျော့ကျလာမှုကြောင့် အဆိုပါမေးခွန်းသည် သိပ္ပံပညာရှင်များနှင့် မူဝါဒချမှတ်သူများ၏ စိတ်ထဲတွင် အမြဲကလွှမ်းမိုးနေကြောင်းကို အောက်တိုဘာလ(၁၄) ရက်နေ့ အင်တာနက်သတင်းအရသိရှိရပါသည်။ယခုအခါတွင် မြောက်အမေရိကနှင့် ဥရောပတစ်ဝှမ်းရှိမြက်ခင်းတော(၄၆) ခုတွင် လေ့လာမှုအရသေချာသည့် အဖြေတစ်ခုပေးနိုင်ခဲ့ကြောင်းသိရှိရပါသည်။ အပင်မျိုးကွဲများတိုးမြင့်လာခြင်းသည် မြက်ခင်းတောများ၏ ထုတ်လုပ်နိုင်စွမ်းကို အနှောက်အယှက်ပေးသောအလွန်အမင်းခြောက်သွေ့မှုနှင့် အလွန်အမင်းမိုးရွာသွန်းမှုဖြစ်စဉ်ကို လျော့ကျစေကြောင်းသိရှိရပါသည်။

မင်နီဆိုးတားတက္ကသိုလ်မှ တွဲဖက်ညွှန်ကြားရေးမှူး Forest Isbell ၏ ပြောကြားချက်အရဇီဝမျိုးစုံမျိုးကွဲများသည် ဂေဟစနစ်၏ ထုတ်လုပ်နိုင်စွမ်းအပေါ်တွင် အချိန်နှင့်အမျှတည်ငြိမ်စေနိုင်သည့် အကျိုးသက်ရောက်ရှိသည်ကို လွန်ခဲ့သောအချိန် အတော်ကြာကပင်သိရှိပြီးဖြစ်ကြောင်းသိရှိရပါသည်။ သို့သော်လည်းအဆိုပါဖြစ်စဉ်သည် ရာသီဥတုလွန်ကဲပြင်းထန်မှုဖြစ်ပေါ်နေစဉ်အတောအတွင်း(သို့) ၎င်းဖြစ်စဉ်များပြီးသွားသည့် နောက်ဆိုသည်မှာ သိပ်မသေချာကြောင်း ၎င်းမှ ဆက်လက်ပြောကြားခဲ့ပါသည်။ ယခု သုတေသနတွေ့ရှိချက်အရ ဇီဝမျိုးစုံကွဲပြားတည်ရှိမှုသည် ရာသီဥတုလွန်ကဲပြင်းထန်မှုဖြစ်စဉ်များအတွင်း ပိုမိုတည်ငြိမ်ပြီး ခံနိုင်ရည်ပိုမိုရှိကြောင်းလည်းသိရှိရပါသည်။ မြက်ခင်းတော(၄၆) နေရာတွင်လေ့လာမှုရလဒ်များအရ ရာသီဥတု လွန်ကဲမှုဖြစ်စဉ်များအတွင်း အပင်မျိုးစိတ်များ စုံလင်လေဂေဟစနစ်ဝန်ဆောင်မှု ထုတ်လုပ်ပေးနိုင်စွမ်းပြောင်းလဲမှု အခြေအနေလျော့နည်းလေဖြစ်ကြောင်းသိရှိရပါသည်။ သို့သော်ကျန်ရှိနေသောစိန်ခေါ်မှုတစ်ခုမှာ ရာသီဥတုလွန်ကဲမှု ဖြစ်စဉ်များ နောက်ဆက်တွဲအကျိုးသက်ရောက်မှုကြောင့် ဂေဟစနစ်တည်ငြိမ်စေရန် အဆုံးအဖြတ်ပေးနိုင်မည့် အချက်သည် ဇီဝမျိုးစုံမျိုးကွဲများ မဟုတ်ပါက မည်သည့်အချက်ကြောင့်ဖြစ်သည်ကိုတိတိကျကျ သတ်မှတ်နိုင်ရန်ပင် ဖြစ်ကြောင်းသိရှိရပါသည်။

**ကမ္ဘာတစ်ဝှမ်းရှိကာကွယ်တောများနှင့် သဘာဝအတိုင်း ထားရှိထားသောသစ်တောများဆုံးရှုံးမှုနှုန်းသည် ကြောက်မက်ဖွယ်အခြေအနေဖြစ်လာခြင်း**



ကာကွယ်တောများနှင့် သဘာဝအတိုင်း ထားရှိထားသောသစ်တောများသည် ယခုရာစုအတွင်းပထမ (၁၂) နှစ်ကာလအတွင်းမှာပင် လျင်လျင်မြန်မြန်ဆုံးရှုံးလျက် ရှိကြောင်းကိုအောက်တိုဘာလ(၁၅) ရက်နေ့ အင်တာနက်သတင်းအရသိရှိရပါသည်။ သုတေသီများအဆိုအရ ကာကွယ်တောများ၏(၃) ရာခိုင်နှုန်း၊ သဘာဝအတိုင်းထားရှိထားသောသစ်တောများ၏(၂.၅) ရာခိုင်နှုန်းနှင့် သဘာဝနယ်မြေများ၏(၁.၅) ရာခိုင်နှုန်းခန့်သည် ၂၀၀၀ ခုနှစ်နှင့်

၂၀၁၂ ခုနှစ်အတောအတွင်း ကမ္ဘာနှင့်အဝှမ်း ပျက်စီးဆုံးရှုံးခဲ့ကြောင်းသိရှိရပါသည်။ တစ်ချိန်တည်းမှာပင် အဆိုပါ သစ်တောများဆုံးရှုံးမှုနှုန်းသည် ကမ္ဘာနှင့်အဝှမ်း စုစုပေါင်း သစ်တောဆုံးရှုံးမှုနှင့် နှိုင်းယှဉ်ပါကပိုမိုမြင့်မားကြောင်း သိရှိရပါသည်။ ဩစတြေးလျ၊ သမုဒ္ဒရာပိုင်းနိုင်ငံများ၊ မြောက်အမေရိကဒေသများတွင် ကာကွယ်တောများ ဆုံးရှုံးမှုမှာ တစ်ကမ္ဘာလုံးအတိုင်းအတာ ဆုံးရှုံးမှုပမာဏ (၅) ရာခိုင်နှုန်းထက် ပိုမိုကြောင်း သိရှိရပါသည်။ အာဖရိကတစ်စိတ်တစ်ဒေသ၊ ဗဟိုအာရှနှင့် ဥရောပနိုင်ငံများ၏သစ်တောများဆုံးရှုံးမှုသည် သာမန်သစ်တောများထက် သဘာဝနယ်မြေများအတွင်း ဆုံးရှုံးမှုသည်စိုးရိမ်စရာကောင်းဖွယ် ပိုမိုမြင့်မားကြောင်းသိရှိရပါသည်။ သို့သော်လည်း တောင်အမေရိက နိုင်ငံအတော် များများနှင့် အရှေ့တောင်အာရှနိုင်ငံများတွင်မူ သစ်တောများပျက်စီးပြုန်းတီးမှုကိုတားဆီးရန် လုပ်ဆောင်မှုများတွေ့ရှိလာရကြောင်း သိရှိရပါသည်။



Forest loss of total forest (%), 2000-2012

no data | no forest | < 1.5% | 1.5 - 3.125% | 3.125 - 6.25% | 6.25 - 12.5% | 12.5 - 25% | > 25%

doi:10.1371/journal.pone.0138916; © Aalto University

တစ်ကမ္ဘာလုံးအတိုင်းအတာအရ စိုက်ပျိုးမြေများ ချဲ့ထွင်ခြင်းသည် သစ်တောများပျက်စီး ဆုံးရှုံးစေသည့် အဓိကဖြစ်စဉ်များထဲမှ တစ်ခုဖြစ်ကြောင်းလည်း သိရှိရပါသည်။ လေ့လာသုံးသပ်မှုများအရ ကာကွယ်တောများ ပျက်စီးဆုံးရှုံးမှုနှုန်းမြင့်တက်လာမှုသည် စိုက်ပျိုးမြေများချဲ့ထွင်မှု မြင့်မားလာခြင်းနှင့် ဆက်စပ်လျက်ရှိနေကြောင်းသိရှိရပါသည်။ သစ်တောများသည် ဂေဟစနစ် ကွဲပြားတည်ရှိမှုကို ထိန်းသိမ်းပေးခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်း၊ ကာဗွန်သိုလှောင်ပေးခြင်းနှင့် မြေဆီလွှာနှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးခြင်းအပါအဝင် ကမ္ဘာပေါ်ရှိလူသားများ အသက်ရှင်ရပ်တည်ရေးအတွက် ထောက်ပံ့ပေးလျက်ရှိပြီး ကမ္ဘာ့နိုင်ငံအတော်များများတွင် အမှန်တကယ်ကာကွယ်မှုမှာ အားနည်းကြောင်း Aalto University မှ ပါရဂူဘွဲ့လွန်သင်တန်း တက်ရောက်နေသူ TimoRasanen မှ ပြောကြားခဲ့ပါသည်။ သို့သော် အပူပိုင်းနိုင်ငံများတွင်မူ ကောင်းမွန်သော လက္ခဏာများတွေ့ရှိရကြောင်းသိရှိရပါသည်။ ဥပမာအားဖြင့် ဘရာဇီးအမေဇုန်သစ်တောအတွင်းဆုံးရှုံးမှုနှုန်းသည် မကြာသေးမီနှစ်များအတွင်း လျော့ကျလာကြောင်းလည်း သိရှိရပါသည်။

စာမျက်နှာ (၄၂)မှ အဆက်

မြင့်နေပေပြီ။ လမ်းပန်းဆက်သွယ်ရေးတွင်လည်း ကားလမ်းများမှာ တစ်နိုင်ငံလုံး ကွန်ရက်ကောင်းမွန်လှပေသည်။

မယ်ဟောင်ဆောင်မြို့ပတ်ဝန်းကျင်သည် ထိုစဉ်ကပင် အင်မတန်မှ စိမ်းလန်းစိုပြည်နေပါသည်။ မိုးရေချိန် လက်မ(၁၀၀)ခန့်ရှိသည့်ဒေသ ဖြစ်ပါသည်။ ၎င်းတို့နိုင်ငံတွင် သဘာဝတောများအားအထိအခိုက်မရှိ ထိန်းသိမ်းထားနိုင်ကြပေသည်။ အဓိကလိုအပ်သည့် လောင်စာ ထင်း၊ မီးသွေး၊ ဝါး မသုံးစွဲရတော့၍ သဘာဝတောမှအပင်များ လွတ်လပ်စွာရှင်သန်ပေါက်ဖွားနေကြလေသည်။ ထင်ရှားသည့် ဥပမာပြရလျှင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဝန်ကြီးဌာနများမှ ထိန်းသိမ်းထားသည့် သဘာဝတောများသဖွယ် အောင်မြင်ဖြစ်ထွန်းနေပါသည်။ ထိုစဉ်က မယ်ဟောင်ဆောင် အနီးရှိတောတောင်များတွင် ရေထွက်စမ်းများပင် ကောင်းမွန်နေကြောင်း တွေ့ရှိရလေသည်။ ကျွန်တော်တို့အဖွဲ့သစ်ကွင်းများသို့ သွားရာလမ်းတစ်လျှောက်တွင်လည်း သစ်ပင်၊ ဝါးပင်နှင့် ထင်းများခုတ်ထွင်ရှင်းလင်းထားသည်ကို အနည်းငယ်မျှပင် မတွေ့ရှိခဲ့ရပါပေ။

မယ်ဟောင်ဆောင်မြို့၏အရှေ့တောင်ဘက်(၂)မိုင်ခန့်တွင်ထိုင်းဘုရင်၏"ရွှေကျွန်းတော"တည်ရှိပါသည်။ ထိုစဉ်က လုံးပါတ်(၃)ပေ ကျော်ခန့်ရှိပြီး အောင်မြင်ဖြစ်ထွန်းနေသည့် ကျွန်းတောကြီးအား တွေ့ရှိရပါသည်။ အစောင့်အရှောက်အဖြစ် သစ်တောလုံခြုံရေးများကိုလည်း တွေ့ရှိခဲ့ရပါသည်။

ဆက်လက်ဖော်ပြပါမည်။

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ဩဂုတ်နှင့် စက်တင်ဘာလ ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ | | ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ | | |
|---|---|---|---|---|---|---|
| | | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တန်ချိန် | ပျမ်းမျှ တစ်တန်နှုန်း | တိုး/လျော့မှု ရာခိုင်နှုန်း |
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | - | - | - | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | - | - | - | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | - | - | - | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | - | - | - | - | - |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | ၂၆ | ၅၅၁၁ | ၂၄ | ၅၅၀၉ | (-) ၀.၀၄ |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၂၆ | ၅၀၈၈ | ၂၄ | ၄၇၇၈ | (-) ၆.၀၉ |
| ၇ | စက်ခွဲအတန်းအစား(၃) (Sawing Grade-3) | ၁၆ | ၂၇၄၀ | - | - | |
| ၈ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၈၂ | ၃၇၂၆ | ၁၀၈ | ၃၇၆၆ | (+) ၁.၀၇ |
| ၉ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | ၆၀ | ၂၇၆၈ | ၇၈ | ၂၅၅၇ | (-) ၇.၆၂ |
| ၁၀ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | ၆၂ | ၂၀၉၈ | - | - | |
| ၁၁ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | ၆၆ | ၁၅၅၁ | - | - | |
| | စုစုပေါင်း ရောင်းချတန် | ၃၃၈ | | ၂၃၄ | | |
| | စုစုပေါင်း ဝင်ငွေ (အမေရိကန်ဒေါ်လာသန်း) | | ၁.၀၈၄ | | ၀.၈၅၀ | |

## ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျွန်းသစ်လုံးအတန်းအစားအလိုက် ပျမ်းမျှတစ်တန်ဈေးနှုန်းနှင့် ဝင်ငွေအခြေအနေ

(တင်ဒါ)

(အမေရိကန်ဒေါ်လာ)

| စဉ် | အတန်းအစား | ၂၀၀၃-၀၄ | ၂၀၀၄-၀၅ | ၂၀၀၅-၀၆ | ၂၀၀၆-၀၇ | ၂၀၀၇-၀၈ | ၂၀၀၈-၀၉ | ၂၀၀၉-၁၀ | ၂၀၁၀-၁၁ | ၂၀၁၁-၁၂ | ၂၀၁၂-၁၃ | ၂၀၁၃-၁၄ | ၂၀၁၄-၁၅ | ၂၀၁၅-၂၀၁၆ တင်ဒါ (၅) လ ပျမ်းမျှတစ်တန်နှုန်း | ၂၀၁၅-၂၀၁၆ တင်ဒါ (၆) လ ပျမ်းမျှတစ်တန်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | သစ်ပါးလွှာပထမတန်း (First Quality) | | | ၄၇၉၃ | | | - | - | - | - | - | - | | - | - |
| ၂ | သစ်ပါးလွှာဒုတိယတန်း (Second Quality) | ၄၈၃၂ | ၅၄၀၀ | ၄၈၄၇ | ၅၀၇၈ | ၇၂၄၃ | ၇၀၀၂ | - | - | - | - | - | | - | - |
| ၃ | သစ်ပါးလွှာတတိယတန်း (Third Quality) | ၄၇၃၅ | ၄၇၇၈ | ၄၅၈၂ | ၅၁၈၉ | ၆၈၈၆ | ၆၀၄၇ | - | - | ၇၅၅၆ | - | - | | - | - |
| ၄ | သစ်ပါးလွှာစတုတ္ထတန်း (Fourth Quality) | ၄၂၉၈ | ၄၂၆၃ | ၄၀၉၀ | ၄၅၁၅ | ၆၀၉၆ | ၄၉၂၆ | ၅၀၆၆ | ၆၂၄၃ | ၆၄၀၂ | ၆၀၉၆ | - | | - | - |
| ၅ | စက်ခွဲအတန်းအစား(၁) (Sawing Grade-1) | ၂၅၆၂ | ၂၅၆၆ | ၂၄၆၂ | ၃၀၄၄ | ၃၈၆၆ | ၃၆၈၆ | ၃၄၈၅ | ၄၀၆၂ | ၄၄၈၇ | ၄၃၂၈ | - | | ၅၅၁၀ | ၅၅၀၉ |
| ၆ | စက်ခွဲအတန်းအစား(၂) (Sawing Grade-2) | ၂၀၄၀ | ၂၀၀၀ | ၁၉၆၄ | ၂၁၀၉ | ၃၂၀၆ | ၂၉၇၀ | ၂၉၂၀ | ၃၃၃၇ | ၃၉၆၅ | ၃၆၉၀ | ၄၀၆၃ | ၄၀၈၉ | ၅၀၀၄ | ၄၇၇၈ |
| ၇ | စက်ခွဲအတန်းအစား(၃) (Sawing Grade-3) | | | | | | | | | | | | | ၂၇၄၀ | |
| ၈ | စက်ခွဲအတန်းအစား(၄) (Sawing Grade-4) | ၁၂၀၉ | ၁၃၃၅ | ၁၃၈၂ | ၁၇၀၄ | ၂၈၃၉ | ၂၆၈၀ | ၂၄၃၀ | ၂၄၇၀ | ၂၈၄၆ | ၃၀၂၄ | ၃၂၂၆ | ၃၅၆၇ | ၃၇၂၆ | ၃၇၆၆ |
| ၉ | စက်ခွဲအတန်းအစား(၅) (Sawing Grade-5) | | | | | | | | | | | | ၂၈၂၆ | ၂၇၆၈ | ၂၅၅၇ |
| ၁၀ | စက်ခွဲအတန်းအစား(၆) (Sawing Grade-6) | | | | | | | | | | | | ၂၁၄၆ | ၂၀၉၈ | |
| ၁၁ | စက်ခွဲအတန်းအစား(၇) (Sawing Grade-7) | | | | | | | | | | | | ၁၆၈၀ | ၁၅၅၁ | |

မှတ်ချက်– ၂၀၁၅–၂၀၁၆ခုနှစ်၊ (၂၀၁၅ခု၊ စက်တင်ဘာလ)စုစုပေါင်းရောင်းချတန် – (၂၃၃ . ၆၁၂)တန်

၂၀၁၅–၂၀၁၆ခုနှစ်၊ (၂၀၁၅ခု၊ စက်တင်ဘာလ) စုစုပေါင်းဝင်ငွေ – (၀ . ၈၅၀)ကန်ဒေါ်လာသန်း



# နံ့သာနီ *Pterocarpus santalinus*

**အင်္ဂလိပ်အမည် - Red Sandalwood ၊Red Sanders ၊ Saunderswood**

နံ့သာနီပင်မှာ အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ အင်ဒရာပရာဒက်(ရှ်)ပြည်နယ်တောင်စဉ်တန်းများပေါ်တွင် တွေ့ရှိရသော ဒေသရင်းမျိုးစိတ်တစ်ခုဖြစ်ပါသည်။ ၎င်း၏ အနီရင့်သစ်သားရောင်ကြောင့် တန်ဖိုးကြီးမားပါသည်။ သို့သော် သစ်သားမှာ မွှေးရနံ့မရှိပါ။ အိန္ဒိယတောင်ပိုင်းရှိဒေသရင်းမျိုးစိတ်ဖြစ်သော မွှေးရနံ့ရှိသည့် Santalum Sandal-wood နှင့် သိသာစွာကွဲပြားပါသည်။ နံ့သာနီပင်မှာ အလင်းကြိုက်ပင်ဖြစ်ပြီး အပင်အမြင့်(၂၆) ပေနှင့် လုံးပတ်(၅၀ မှ ၁၅၀) စင်တီမီတာအထိကြီးထွားကြပါသည်။ ငယ်ရွယ်စဉ်တွင် အကြီးမြန်ပင်ဖြစ်ပြီး ညံ့သော မြေဆီလွှာပေါ်မှာပင် (၃)နှစ်အတွင်းအမြင့် (၁၆) ပေအထိ ကြီးထွားနိုင်ပါသည်။ သို့သော် ဆီးနှင်းကျရောက်မှုဒဏ်ကို ခံနိုင်ရည်မရှိဘဲ အပူချိန် အနုတ် (၁) ဒီဂရီမှာပင် အပင်သေဆုံးနိုင်ပါသည်။ အရွက်မှာတစ်ခုခြားစီဖြစ်ပြီး (၃ မှ ၉) စင်တီ မီတာအရှည်ရှိပါသည်။ အရွက်(၃)ရွက်စုထွက်ပြီး ပန်းပွင့်များမှာ တိုသောနိတံပေါ်တွင် ပွင့်ကြပါသည်။ အသီးမှာ (၆ မှ ၉) စင်တီမီတာ အရှည်ရှိပြီး အစေ့တစ်စေ့မှနှစ်စေ့ အထိပါဝင်ပါသည်။

ဟိန္ဒူအယူဝါဒတွင် ရိုးရာဓလေ့အရ နံ့သာနီသစ်သားအား အထွတ်အမြတ်ထား သုံးစွဲကြပါသည်။ ဟိန္ဒူ ဘုန်းတော်ကြီးများနှင့် မျိုးရိုးမြင့်သော Brahamin အနွယ်များသည် ၎င်းတို့၏ ရိုးရာဓလေ့မင်္ဂလာဆောင်များတွင် နံ့သာနီသစ်သားအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြပါသည်။ ကြီးထွားမှုနှေးကွေးပြီး ရှားပါးသောကြောင့် နံ့သာနီသစ်သားဖြင့် ပရိဘောဂပစ္စည်းထုတ်လုပ်မှုမှာ တွေ့ရှိရန်ခက်ခဲပြီး အလွန်ဈေးကြီးနိုင်ပါသည်။ ခရစ်တော်မပေါ်မီကာလကပင် အထူးတန်ဖိုးထားသုံးစွဲသော သစ်မျိုးတစ်မျိုး ဖြစ်ပါသည်။ တရုတ်နိုင်ငံတွင် နံ့သာနီသစ် ကို zitan ဟုခေါ်ပြီး အထူးသဖြင့် Ming မင်းဆက်နှင့် Qing မင်းဆက်ကာလများ အတွင်းတန်ဖိုးထား အသုံးပြုခဲ့ပါသည်။ တရုတ်နိုင်ငံတွင် ၁၇ ရာစုနှင့် ၁၉ ရာစုအတွင်း Qing မင်းဆက်ကာလတွင် နံ့သာနီအား တော်ဝင်ပရိဘောဂအသုံးအဆောင်များအတွက် သီးသန့်အသုံးပြုခဲ့ကြပါသည်။

တရုတ်နိုင်ငံမှ နံ့သာနီသစ်အား ဈေးကောင်းပေးဝယ်ယူသောကြောင့် အိန္ဒိယနိုင်ငံတွင် နံ့သာနီသစ်သည် တရားမဝင် မှောင်ခိုရောင်းဝယ်သူများအတွက် အကျိုးအမြတ်များသော အဓိကဈေးကွက်ဖြစ်နေပါသည်။ ပြည်ပတင်ပို့သော မှောင်ခိုဈေးကွက်ကြီးထွားလာပြီး တရုတ်ပြည်သို့ တရားမဝင်တင်ပို့မှုများကြောင့် အိန္ဒိယနိုင်ငံတွင် နံ့သာနီသစ်အား နှစ်စဉ်အမြောက်အများဖမ်းဆီးရမိလျက် ရှိနေပါသည်။ နံ့သာနီပင်သည် သက်နကျောက်မြေဆီလွှာတွင် ပေါက်ရောက်ပြီး အမြင့်ပေ (၂၅၆၀)ပေဝန်းကျင်နှင့် အနည်းငယ်ခြောက်သွေ့သောရာသီဥတုအခြေအနေတွင် သစ်သားမှာ အနားသတ်လှိုင်းကောက်သောပုံစံရှိပါသည်။ အနားသတ်လှိုင်းကောက်သော နံ့သာနီသစ်ခွဲသားများအားအဆင့် (A)ဟုသတ်မှတ်ပြီး အခြားပုံမှန်သစ်သားများထက် ဈေးပိုမိုပါသည်။ အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် နံ့သာနီသစ်အား အလွန်အကျွံ ထုတ်ယူမှုကြောင့် IUCN မှ မျိုးသုဉ်းရန်အန္တရာယ်ရှိ မျိုးစိတ်စာရင်းနောက်ဆက်တွဲ (Appendix II)တွင် ထည့်သွင်းထားပါသည်။









နံ့သာနီသစ်သား အသုံးအဆောင် ပစ္စည်းများဖြင့် ထုတ်လုပ်မှု



နံ့သာနီ သစ်အား တရားမဝင် ခိုးထုတ် သယ်ဆောင် မှု

ကိုးကား - http://en.wikipedia.org/wiki/Pterocarpus_santalinus
- Rameshwar Singh Thakur
- Wildlife Crime Control Bureau , India